

www.burmeseclassic.com

■ စာပူခွင့်ပြုချက်အမှတ် – [ ၅၀၀၈၇၀၀၇၀၇ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၉၂၆၀၈၀၇ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ဥက္ကာ (ATOMIC Digital Art)


■ ကွန်ပျူတာစာစီ – သူသူ (ကွန်ပျူတာ)

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၂၀၀၀ ကျပ်




www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိဒါန်း

လဆုတ်ညဖြစ်သောကြောင့် အလင်းရောင်က ပိုးတဝါး. . .။

သစ်ပင်ကြီးတို့၏အရိပ်က မှုန်ရီသောလူသွားလမ်းကလေးပေါ်တွင် လှုပ်ရှားယိမ်းထိုးနေကြသည်။

မိန်းမပျိုလေးတစ်ယောက်. . .။

သူမ၏မျက်နှာသွင်ပြင်က သွေးမရှိသလို ဆွတ်ဆွတ်ဖြူနေ၏။ ခါးလယ်အထိတိုင် ရှည်လျားလှသော ဆံပင်ရှည်ရှည်တို့က ဆောင်းဦးလေပြည်ထဲတွင် တစ်ချက်တစ်ချက် ဝဲပျံလှုပ်ရှားသွားကြသည်။

ကျက်သရေကင်းမဲ့သော ခွေးအူသံ ဆွဲဆွဲငင်ငင်တို့ တစ်ခါတစ်ရံ ထွက်ပေါ်လာသည်မှလွဲ၍ မြို့ကလေးတစ်မြို့လုံးသည် အသေကောင်လို အိပ်မောကျနေ၏။

www.burmeseclassic.com

မိန်မပျိုလေးကတော့ အိပ်မက်ထဲတွင် ယောင်ယမ်းပြီး လမ်းထလျှောက်နေသူတစ်ဦးနှယ် ဘယ်ဆီဘယ်ဝယ်ကိုမသိ လမ်းပေါ်တွင် တရွေ့ရွေ့သွားနေ၏။

သူမ၏ အသွင်အပြင်က အားအင်မရှိသူတစ်ယောက်လို နွမ်းရိနေသည်။ သူမ၏မျက်တွင်းတွေကလည်း ချိုင့်ဝင်ကာ ညိုမည်းနေ၏။ နှုတ်ခမ်းတွေကလည်း ဖြူဆွတ်ဆွတ်ဖြစ်ကာ အက်ကွဲနေသည်။

အမှောင်ရိပ်များသော ကုက္ကိုပင်ကြီးတွေရှိရာဆီသို့ သူမ တဖြည်းဖြည်း နီးကပ်လာသည်။ အဲသည်ကုက္ကိုပင်တန်းကို ကျော်လွန်ပြီး ဘယ်ဘက်သို့ ချိုးကွေ့ကာ ဆက်လျှောက်သွားလိုက်လျှင် သည်မြို့ကလေးသို့အဝင် ရထားသံလမ်းနှင့် ဘူတာရုံရှိသည်ကို သူမ သိထားသည်။

"တူ. . . တူ. . . တူ"

ဟော. . . ရထားဥသြသံကိုပင် သဲ့သဲ့ကြားနေရပြီ။ ရထားဝင်လာနေပြီထင်သည်။

ထိုအတွေးဖြင့် သူမ၏ခြေအစုံကို အားစိုက်ကာ ရွှေ့လျားလိုက်သည်။

"အူဝူဝူး. . . ဝူ. . . ဝူ"

ကုက္ကိုပင်အရိပ်မည်းမည်းကြီးများအောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ချောက်ချားဖွယ်ရာ ခွေးအူသံကို ကြားလိုက်ရသည်။

သူမ ကျောထဲ၌ စိမ့်ကနဲဖြစ်သွား၏။

ထိုစဉ် နန္ဒင်းနံ့လိုလို အနံ့ဆိုးဆိုးတစ်ခုကို ရလိုက်သဖြင့် သူမ၏ခြေအစုံက တုံ့ကနဲရပ်သွား၏။

"ဟင်. . . ဘာလဲ၊ ဘာအနံ့ကြီးလဲ"

ထိတ်လန့်ကြောက်ရွံ့စိတ်ဖြင့် သူမ၏ အာခေါင်တွေခြောက်သွေ့လာသည်။

သူမက တုန်ယင်နေသော ခြေထောက်တွေကို အမှောင်ထုထဲ



သို့ အနည်းငယ်မျှ တိုးရွှေ့လိုက်သည်။

"ဖျတ်. . . ဖျတ်. . . ဖျတ်"

ဒါ. . . သူမ၏ ခြေသံမဟုတ်တာတော့ သေချာသည်။ ဒါမှမဟုတ် သစ်ရွက်တွေကို လေတိုးသည့်အသံလား။

သူမ စဉ်းစား၍မဆုံးခင်မှာပင် ကျက်သရေကင်းမဲ့သော ညည်းညူသံကြီးတစ်ခုကို သဲသဲကွဲကွဲ ကြားလိုက်ရလေတော့သည်။

"အီး. . . ဟီး. . . ဟီး"

"ဟင်. . . ဒါ. . . ဒါ. . . သရဲခြောက်တာပဲ"

သူမ၏ ရင်တွေ တဒိန်းဒိန်းတုန်ယင်လာသည်။ ချွေးစေးတွေပျံလာ၏။

ကြောက်ရွံ့မှုကနှိပ်စက်သည့် စိတ်ဝေဒနာကို သည်အတိုင်းရပ်ပြီး သူမ မခံနိုင်တော့။

အို. . . ဘာပဲဖြစ်ဖြစ် ဘူတာရုံဆီ ငါအရောက်ပြေးမှ ဖြစ်မယ်။

ထိုအတွေးနှင့်အတူ သူမခြေလှမ်းကို ပြင်လိုက်စဉ်မှာပင်

"ဟင်"

သွေးပျက်ရူးသွပ်စေနိုင်လောက်သော အရာတစ်ခုက သူမ၏ ဘေးတွင် ဘွားကနဲပေါ်လာ၏။

မျက်နှာကြီးတစ်ခု. . .။

နန္ဒင်းများလိမ်းကျံထားသောကြောင့် စုတ်ပြတ်ဝါထိန်ကာ ကြောက်စရာကောင်းနေပြီး ဆံပင်တွေက ဖိုးရိုးဖားရားနှင့် မျက်နှာပေါ် တချို့တဝက်ဖုံးအုပ်နေ၏။

အဲသည့်မျက်နှာကြီးက သူမကို ပြုံးပြနေသည်။

သို့သော် ဆိုးရွားသည်က ထိုမျက်နှာကြီးတွင် မျက်လုံးနှစ်လုံးစလုံးမရှိဘဲ ဟောက်ပက်ကြီးဖြစ်နေလေသည်။

"အောင်မလေး"

မိန်းမပျိုလေးမှာ ထိုမျက်နှာကြီးကို မြင်လိုက်ရသည်နှင့် တစ်

www.burmeseclassic.com

ပြိုင်နက် သွေးပျက်ကြောက်လန့်စွာ အော်ဟစ်လိုက်ပြီး ရထားသံလမ်းဆီသို့ တစ်ဟုန်ထိုးပြေးတော့သည်။

မျက်စိကိုစုံမှိတ်ပြီး ပြေးသောကြောင့် သူမ၏ဦးခေါင်းနှင့် ခပ်နိမ့်နိမ့်သစ်ကိုင်းတစ်ခု ဖျောင်းကနဲဝင်တိုက်ကာ လဲကျသည်။ ဆံပင်တွေက သစ်ကိုင်းမှာအထွေးလိုက်ငြိလျက်. . .။

မိန်းမပျိုလေးက ရူးသွပ်သွားသူတစ်ယောက်သို့ ဘာကိုမှ မသိတော့ဘဲ ကုန်းရုန်းထကာ ရထားလမ်းဆီသို့ ဆက်ပြေးသည်။

"တူ. . . တူ. . . တူ"

"ဂျုန်းဂျက်. . . ဂျုန်းဂျက်"

ကြောက်လန့်စိတ်ဖြင့် ရူးသွပ်နေသောခြေလှမ်းများက သူမကို ရထားလမ်းတည့်တည့်ရှိရာဆီသို့. . .။

နောက်. . . တစ်ဟုန်ထိုး ခုတ်မောင်းလာသော ရထားကြီး၏ ဘီးများအောက်သို့ အရှိန်လွန်လဲကျသွားသောအခါ. . .

"ဒုန်း"

"အား"

■

ကုက္ကိုပင်ကြီးတစ်ပင်၏ အမှောင်ရိပ်အောက်မှ လူငယ်နှစ်ယောက်က မျက်နှာစပ်ဖြီးဖြီးဖြင့် ထွက်လာကြသည်။

သူတို့လက်ထဲတွင်တော့ အဝါရောင်ရာဘာမျက်နှာဖုံးတစ်ခုကို ကိုင်လျက်. . .။

လူငယ်တစ်ယောက်က

"ဟေ့ကောင်. . . မင်း ခြောက်လိုက်တာ ဟိုမိန်းမ တော်တော်လန့်သွားပုံရတယ်။ ပြေးလိုက်တာ တန်းနေတာပဲ"

"ဟား. . . ဟား. . . အေးကွ။ အော်လိုက်တာကလည်း ငယ်သံကိုပါရော၊ အသည်းငယ်လိုက်တာကွာ"

လူငယ်နှစ်ယောက်က ရယ်ကာမောကာပြောဆိုရင်း မြို့တွင်းဘက်ဆီသို့ ပုခုံးဖက်ကာ ဆက်လျှောက်သွားကြ၏။

ဆူညံသောရထားဥဩသံကြောင့် သူတို့နောက်ဘက်တွင် ဘာတွေဖြစ်ကာ ကျန်ရစ်ခဲ့သည်ကို သူတို့မသိလိုက်ကြချေ။

●

www.burmeseclassic.com

တကယ်တော့ သူတို့မြို့ကလေးမှာ ချစ်စရာကောင်းသောဓလေ့ တစ်ခုရှိသည်။

ထိုဓလေ့ကား နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း ရပ်မိရပ်ဖများက သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေးကာ သချိုင်းသို့သွားပြီး တရားနာခြင်း၊ အလှူအတန်းလုပ် အမျှပေးဝေခြင်းတို့ဖြင့် မကျွတ်မလွတ်သေးသော ပြိတ္တာတစ္ဆေများ၊ ပရလောကသားများ သာဓုခေါ် ကျွတ်လွတ်ခွင့်ရစေရန် 'ပေတဒါနပွဲ' ကျင်းပလေ့ရှိသည်။

နောက်ပိုင်းနှစ်တွေမှာတော့ လူငယ်များကပါ အားတက်သရောပါဝင်ကူညီလာပြီး အောက်တိုဘာ (၃၁) ရက်နေ့ရောက်တိုင်း အစုအဖွဲ့ကလေးများဖွဲ့က မြို့တွင်းသို့လှည့်လည်အလှူခံကြ၏။

တဖြည်းဖြည်း သူ့ထက်ငါ အလှူငွေပိုရအောင် ပြိုင်ဆိုင်ကြရင်း သာမန်ဝတ်စုံများဖြင့် အလှူခံမထွက်ကြတော့ဘဲ သရဲတစ္ဆေဝတ်စုံများ၊ ရယ်စရာကြောက်စရာကောင်းသော အဆန်းတကြယ် အဝတ်အစားများ ဖန်တီးဝတ်ဆင်ပြီး တစ်ယောက်ကိုတစ်ယောက် စနောက်ရင်း ညဘက်မှာ လှည့်လည်လေ့ရှိကြ၏။

သည်လိုညမျိုးကို သူတို့က 'သရဲပွဲတော်ည' ဟု ခေါ်ကြသည်။

●

အခုတော့. . .

အဲသည့်ဓလေ့ထုံးစံကို မသိသော အခြားတစ်မြို့တစ်ရွာမှ မျက်နှာစိမ်းညှိုးသည်မိန်းကလေးတစ်ယောက်ကား. . .

ပျော်ရွှင်စရာ ကြည်စယ်မှုမှ. . .

ကြေကွဲဖွယ်ရာ အဖြစ်ဆိုးဖြင့် ကြုံခဲ့ရချေပြီတည်း။

■

## အခန်း (၁)

"ဟဲ့. . . မေဇွန် သရဲပွဲတော်ညကျရင် နင် ဘာလုပ်မှာလဲ"

သီရိက ပြောပြောဆိုဆိုနှင့် ကော်ပြန့်သုတ်တစ်ခုကို တူဖြင့် ညှပ်လိုက်၏။ စားတော့မစားချေ။

မေဇွန်က သက်ပြင်းချပြီး ခေါင်းကိုခါယမ်းလိုက်သည်။ နေရောင်ခြည်က လူသူဆူညံလျက်ရှိသော ကန်တင်း(န်)ပေါ်သို့ ဝါရွှေဖျော့တော့စွာ ဖြာကျလျက်ရှိ၏။

မေဇွန်က မပြောချင်ပြောချင်နှင့် . . .

"မပြောတတ်သေးပါဘူး၊ စုန်းမလို ဝတ်ရင်ကောင်းမလား လို့ စဉ်းစားနေတာ"

"ဟင်. . . နင်ကများ စုန်းမကြီးလို ဝတ်လာမလို့. . .

www.burmeseclassic.com

ဟုတ်လား''

''အေး. . . ဟုတ်တယ်လေ၊ အဲ့ဒါ ဘာဖြစ်လို့လဲ''

''မဟုတ်ပါဘူး၊ စုန်းမဆိုတဲ့အသံကြားတာနဲ့ နင်ကြောက်နေမယ်လို့ ငါထင်ထားလို့ပါ''

သီရိက စကားအဆုံးတွင် ကော်ပြန့်တစ်ဖတ်ကို ပါးစပ်ထဲ ထည့်ပြီးဝါးလိုက်သည်။ သီရိ၏မျက်နှာက ရှုံ့မဲ့သွားပြီး . . .

''ကော်ပြန့်ကလည်းမာလိုက်တာ၊ ရာဘာနဲ့လုပ်ထားသလား အောက်မေ့ရတယ်၊ နောက်နေ့ကျရင် ထမင်းချိုင့်ထည့်လာဖို့ ငါ့ကို သတိပေးဟာ''

သို့ရာတွင် သီရိ၏စကားကို မေဇွန် စိတ်မဝင်စားနိုင်။ မေဇွန်က စိတ်ဆိုးမာန်ဆိုးဖြင့် . . .

''နေပါဦး. . . ငါက စုန်းမကြီးတွေကိုကြောက်တယ်လို့ ဘယ်တုန်းကပြောဖူးလို့လဲ၊ နင်ပြောတဲ့အတိုင်းဆို ငါကပဲ အသည်းငယ်တတ်သလိုလို ဘာလိုလိုနဲ့''

''ဘာလဲ. . . နင်က ငါပြောသလိုမဟုတ်လို့လား၊ ခစ်ခစ်''

သီရိက ပုခုံးနှစ်ဖက်ပေါ်ကျနေသော ကျစ်ဆံမြီးကလေးများ လှုပ်ယိမ်းသွားအောင်ရယ်လိုက်သည်။ သူမကရယ်ရင်း ကော်ပြန့်ပန်းကန်ဆီသို့ လှမ်းလိုက်သော မေဇွန်၏လက်ကိုကိုင်ပြီး . . .

''ဟဲ့. . . ကော်ပြန့်သုတ်တွေမစားနဲ့၊ စိတ်ပျက်စရာကြီး''

''မတတ်နိုင်ဘူးဟာ၊ ငါဗိုက်ဆာနေပြီ''

နေ့ခင်းထမင်းစားချိန်ဖြစ်သဖြင့် ကန်တင်း(န်)တစ်ခုလုံး လူသူပြည့်ညပ်ကာ ဆူညံလျက်ရှိ၏။ ကျွန်မတို့၏ဘေးဝိုင်းမှ ကျောင်းသားများက ရယ်စရာများပြောကာ တဝါးဝါးတဟားဟားနှင့် ပွဲကျလျက်ရှိသည်။ သူတို့ထဲမှ ဇေယျာဆိုသူက ပါးစပ်ထဲမှ ရှည်လျားသောကြိုးတစ်ချောင်းကို ဆွဲထုတ်ပြနေ၏။

''ရွံစရာကောင်းလိုက်တာဟာ''

မေဇွန်က ရှုံ့မဲ့မဲ့နှင့်ပြောရင်း ဇေယျာထံမှအကြည့်ကို လွှဲ



ဖယ်လိုက်သည်။ ထို့နောက် သီရိကိုပြန်ကြည့်ပြီး . . .

''ဒီမှာသီရိ. . . ငါက လေတိုက်တိုင်း ကြောက်နေတတ်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး၊ အဲ့ဒီလိုပုံစံမျိုးဖြစ်အောင် လူတိုင်းက ငါ့ကိုပဲ စနောက်နေကြလို့ အခုလိုဖြစ်နေတာ''

''ဟုတ်ရဲ့လားမေဇွန်ရယ်၊ အကြောင်းသိချင်း စဉ်းစားပြီး ပြောပါ၊ ပြီးခဲ့တဲ့တစ်ပတ်က ငါ့အိမ်မှာ နင် ဘယ်လိုဖြစ်သွားသလဲဆိုတာ မှတ်မိသေးလား''

''ဟို. . . သရဲခြောက်သလိုဖြစ်တဲ့ဟာကိုပြောတာလား၊ အဲ့ဒီကိစ္စကတော့ အလကား အဓိပ္ပာယ်မရှိပါဘူး''

''ဒါပေမဲ့ နင်ယုံတယ်မဟုတ်လား၊ ငါ့ရဲ့ထပ်ခိုးလေးမှာ သရဲခြောက်တတ်တယ်ဆိုတာကို နင်ယုံနေတယ်လေ၊ အဲ့ဒီတုန်းက မျက်နှာကြက်တစ်ခုလုံး တကျွိကျွိနဲ့မြည်ပြီး ခြေသံတွေကြားလိုက်ရတဲ့ အချိန်မှာဖြစ်သွားတဲ့ နင့်မျက်နှာကို ဓာတ်ပုံရိုက်ထားပြီး ပြချင်လိုက်တာ''

သူမ၏စကားကြောင့် မေဇွန်က ရှက်ကိုးရှက်ကန်းဖြင့် မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ရင်း . . .

''အဲ့ဒါကတော့ နင်တို့က ငါကြောက်အောင်ဝိုင်းခြောက်တာကိုး''

''ဘာပဲဖြစ်ဖြစ် အဲ့ဒီတုန်းက လှေကားထစ်ဆီကိုဆင်းလာတဲ့ ခြေသံတွေကိုလည်းကြားရော နင့်မျက်နှာက သွေးမရှိတော့သလို ဖြူရော်ရော်ဖြစ်ပြီး ငယ်သံပါအောင်အော်တော့တာပဲ''

''အေးလေ. . . ငါ သရဲကြောက်တတ်တယ်ဆိုတာ နင်တို့လည်း သိရဲ့သားနဲ့''

''ပြီးတော့ နင်က မြွေတို့ ပိုးဟပ်တို့လိုအကောင်တွေကို ကြောက်တယ်၊ ညမီးပျက်လို့ မှောင်နေရင်လည်းကြောက်တယ်၊ သရဲတစ္ဆေတွေကိုလည်းကြောက်တယ်ဆိုတာ ထည့်ပြောဦးလေ''

သီရိက မေဇွန်၏စကားကို ပြည့်စုံအောင်ဖြည့်စွက်ပေးလိုက်

www.burmeseclassic.com

၏။ မေဇွန်က နှုတ်ခမ်းစူလိုက်ရင်း . . .

"အဲဒီလို ငါကြောက်တတ်မှန်းသိရဲ့သားနဲ့ နင်တို့က ငါ့ကို ရယ်စရာတစ်ခုလို ဘာလို့ ဝိုင်းပြီးခြောက်လှန့်လှောင်ပြောင်နေကြ သလဲဆိုတာ ငါ မစဉ်းစားတတ်တော့ဘူး၊ သီရိ . . . နင်က ငါ့ရဲ့ အခင်ဆုံးသူငယ်ချင်းဖြစ်ပြီး ဘာဖြစ်လို့ ငါ့ကို သူများတွေလို စချင် နောက်ချင်ရတာလဲ"

သီရိက စိတ်မကောင်းဖြစ်သွားဟန်ဖြင့် . . .

"ငါတောင်းပန်ပါတယ်ဟာ၊ နင်က အရမ်းကြောက်တတ် တော့ ငါတို့အတွက် စချင်နောက်ချင်စရာကောင်းနေလို့ပါ။ ကဲ . . . စိတ်ဆိုးပြေသွားအောင် အာလူးကြော်စား . . . ရော့"

"အေး . . . ငါ့ကို နင်တို့ ခြောက်နိုင်တုန်းခြောက်ထားကြ ပေါ့၊ နင်တို့အလှည့်ရောက်မှ သိမယ်"

"ဟား . . . ဟား ဟုတ်မှလည်းလုပ်ပါ မေဇွန်ရယ်"

သီရိက မေဇွန်၏စကားကို ရယ်ရင်းပြန်ပြောသည်။ မေဇွန် က နှုတ်ခမ်းကိုဆက်စူထား၏။

မေဇွန်မှာ အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်သော်လည်းအရပ်က (၅) ပေခန့်သာရှိသဖြင့် လူကောင်ညှပ်သည်ဟုဆိုရမည်။ မေဇွန်၏ မျက်နှာနှင့် မျက်ဝန်းများက ဝိုင်းဝိုင်းစက်စက်နှင့် ချစ်စရာကောင်း သော်လည်း နှာတံက အနည်းငယ်တိုပြီး ပြားနေသည်။ (တစ်နေ့တစ် နေ့ မှန်ရှေ့တွင်ရပ်ပြီး နှာခေါင်းရှည်ထွက်လာအောင် လက်ဖြင့်ဆွဲ သော်လည်း ဘာမှမထူးခြားပါ)

ထူးထူးခြားခြား လုပသောအရာဟူ၍ မေဇွန့်မျက်နှာပေါ်တွင် တစ်ခုတည်းသာရှိသည်။ ယင်းမှာ သူမ၏မေးရိုးနှင့် ပါးပြင်အစပ် တွင်ရှိသော အစိမ်းရောင်မှဲ့တစ်လုံးသာဖြစ်၏။

ထိုမှဲ့သည် စိမ်းမှောင်ပြီး ထူးထူးခြားခြား ဆွဲဆောင်မှုတစ်ခု ရှိနေသည်။

မေဇွန်မှာ လူကောင်သေးသေး မျက်နှာဝိုင်းဝိုင်းနှင့်ဖြစ်၍



သူငယ်ချင်းများကြားထဲတွင် ကလေးတစ်ယောက်လိုဖြစ်နေ၏။ ထို့ ကြောင့် ပိုပြီးစနောက်ခံရသလားမသိပါ။ ညမှောင်သည့်အခါ ကိုယ့် အရိပ်ကိုပင် ကိုယ်ပြန်ကြောက်နေတတ်သည့် သူမ၏အကျင့်ကြောင့် လည်း ဖြစ်နိုင်ပါသည်။

သီရိကတော့ မေဇွန်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်။ သီရိမှာ အရပ်ရှည်ရှည်၊ အသားညိုညိုနှင့်ဖြစ်ပြီး အပြောအဆို သွက် လက်ချက်ချာ၏။

သူမတွင် နက်မှောင်ဖြောင့်စင်းသော ဆံပင်ရှည်ရှည်များရှိ ပြီး အမြဲတမ်း ကျစ်ဆံမြီးကျစ်ထားလေ့ရှိသည်။ ရင့်ကျက်နက်ရှိုင်း သော မျက်ဝန်းညိုတစ်စုံကိုပိုင်ဆိုင်သည့် သီရိအား လူတိုင်းက အသက်(၂၀)ကျော်ပြီဟု ထင်မှတ်ကြ၏။ တကယ်ဆိုလျှင် သီရိက မေဇွန့်ထက် တစ်လကျော်ခန့်ပင်ငယ်နေသေးသည်။

မေဇွန်က လက်နှစ်ဖက်ပေါ်မေးထောက်ရင်း တွေးတွေးဆဆ ဖြင့် . . .

"တကယ်တော့ ငါက စုန်းမကြီးဖြစ်ချင်တာမဟုတ်ဘူးဟာ၊ ငါဖြစ်ချင်တာက မျက်လုံးကြီးတွေ လင်းကွင်းလောက်ပြူးပြီး လျှာကြီး တွဲလောင်းကျနေတဲ့ သရဲမကြီး ဖြစ် . . ."

"ဝုန်း"

"အောင်မလေး"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် မေဇွန်၏ ပြော လက်စ စကားရပ်သွားပြီး အလန့်တကြားထအော်မိ၏။

သတိလက်လွတ်အော်ဟစ်မိပြီးမှ ဘေးဘီဝဲယာသို့ သူမ အကဲခတ်လိုက်သည်။ ဘေးဝိုင်းမှ ထမင်းချိုင့်ပြုတ်ကျသည့်အသံမှန်း သိလိုက်ရသဖြင့် ရှက်သွားမိ၏။

သူမလှမ်းကြည့်လိုက်စဉ် ဖရိုဖရဲကျနေသော ထမင်းချိုင့်များ ကို ရှက်ကိုးရှက်ကန်းဖြင့်ပြန်ကောက်ပြီး စီနေသည့် 'ကိုကိုမြင့်' ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

ကန်တင်း(န်)တစ်ခုလုံးကတော့ လက်ခုပ်တီးသံများ၊ လက်ခေါက်မှုတ်သံနှင့် လှောင်ပြောင်ရယ်မောအော်ဟစ်သံများဖြင့် ဝေါကနဲ ဆူညံသွား၏။

မေဇွန်မှာ အော်မိသည့်အတွက် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကိုငုံ့ထားမိသည်။ ကိုယ်ကိုလည်း အတတ်နိုင်ဆုံးကျုံ့ထား၏။

အလန့်တကြားဖြစ်စဉ်က မြန်ဆန်သွားသည့် သူမ၏ အသက်ရှူသံက တဖြည်းဖြည်း ပုံမှန်အတိုင်းပြန်ဖြစ်လာသည်။

ထိုစဉ် လူသေကောင်လို အေးစက်သော လက်တစ်ဖက်က သူမ၏ပုခုံးအား နောက်ဘက်မှနေ၍ ဘုတ်ကနဲဆုပ်ကိုင်လိုက်၏။

"အား"

မေဇွန်၏ ကြောက်လန့်တကြားအော်ဟစ်သံက ကန်တင်း(န်) တစ်ခုလုံးကို စူးရှစွာပျံ့နှံ့သွားလေသည်။

■

## အခန်း (၂)

"ဟား. . . ဟား. . . ဟား"

"လုပ်ထားကွ. . . မျိုးခိုင်"

တဝါးဝါးနှင့်ပွဲကျသွားသည့်ရယ်သံများကို သူမ ကြားလိုက်ရ၏။ အခြားဝိုင်းတစ်ခုမှလှမ်းအော်သံကိုပါ ကြားရသည်။ သေစမ်း. . . ငါတော့ အရှုံးဖြစ်ပြန်ပြီ။

မေဇွန်က နောက်သို့ ချာကနဲလှည့်ကြည့်လိုက်၏။ သူမ၏ အနောက်တွင် ပြုံးဖြဲဖြဲနှင့်ရယ်နေသော သူငယ်ချင်းဖြစ်သူ မျိုးခိုင်ကိုတွေ့ရသည်။

"ဟား. . . ဟား. . . မေဇွန်တော့ခံရပြန်ပြီ"

မျိုးခိုင်က ရယ်ကျဲကျဲဖြင့်ပြောရင်း သူမ၏ပုခုံးကို ဆုပ်ကိုင်

www.burmeseclassic.com

ထားသောလက်ကို လွှတ်လိုက်၏။

သူက မေဖွန်၏ဘေးမှ ကုလားထိုင်တစ်လုံးကိုဆွဲယူပြီး ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်သည်။ သူနှင့် လက်တွဲညီညီ နောက် ဖော်နောက်ဖက် ဇေယျာက ကျောပိုးအိတ်ကို စားပွဲပေါ်သို့ ဖုန်းကနဲ ပစ်တင်ရင်း သီရိ၏ဘေးတွင်ဝင်ထိုင်၏။

မျိုးခိုင်နှင့်ဇေယျာမှာ ရုပ်ရည်သွင်ပြင်ရော အမူအကျင့်ချင်း ပါ တူညီကြသည်။ အကြောင်းမသိသူများက သူတို့ကို ညီအစ်ကိုများ ဟုသာ ထင်ကြလေ့ရှိ၏။

နှစ်ယောက်စလုံးမှာ ပိန်ပိန်ပါးပါး အရည်ရှည်ရှည်နှင့် ဆံ ပင်ကို အလယ်ခွဲထားပြီး ဦးထုပ်ကိုယ်စီဆောင်းလေ့ရှိသည်။ မေးရိုး များက ရှည်ချွန်ချွန်နှင့်ဖြစ်ပြီး နောက်ပြောင်တတ်သည့်ဥာဉ်က သူတို့ ၏မျက်ဝန်းများတွင် ထင်ဟပ်တောက်ပြောင်လျက်ရှိ၏။ အဝတ်အစား ဝတ်ဆင်ရာတွင်လည်း အရောင်ဖျော့ဖျော့ ဂျင်းဘောင်းဘီအရှည် များနှင့် တီရှပ်အင်္ကျီလက်ရှည်များကိုသာ ဝတ်ဆင်ကြသည်။

မေဖွန်အား ကြောက်အောင်ခြောက်လှန့်ရသည်ကို သူ့တို့နှစ် ယောက် နှစ်ခြိုက်ပျော်မွေ့ပုံချင်းလည်း တူညီကြ၏။ တစ်နေ့တစ်နေ့ မေဖွန့်ကို ငယ်သံပါအောင်အော်ဟစ်ရင်း ထခုန်လုမတတ် ခြောက် လှန့်ရမှ မျိုးခိုင်နှင့်ဇေယျာတို့ စားဝင်အိပ်ပျော်ကြသည်။

မေဖွန်အားခြောက်လှန့်ရန် နည်းလမ်းများကိုလည်း တစ်နေ့ တစ်မျိုးမရိုးအောင် စဉ်းစားရင်း အကြံထုတ်လေ့ရှိကြ၏။

သူတို့နှစ်ယောက်၏ စနောက်မှုကိုခံရပြီးတိုင်း မေဖွန်မှာ နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်စေရဘူးဟု သန္နိဋ္ဌာန်ချလေ့ရှိသည်။

သို့ရာတွင် သူမ၏ဆုံးဖြတ်ချက်မှာ မျိုးခိုင်နှင့် ဇေယျာတို့ ၏စနောက်မှုအောက်တွင် နေလာနှင်းပျောက်သလို ကွယ်ပျောက်သွား ရစမြဲပင်။

သူတို့နှစ်ယောက်ကို နောင်ကြဉ်သွားအောင် ပြန်လည်ခြောက် လှန့်ရန် မေဖွန် အမြဲလိုလိုတွေးမိ၏။ သို့ရာတွင် ဇေယျာနှင့်မျိုးခိုင်



မှာ အခင်ဆုံးသူငယ်ချင်းများဖြစ်နေသောကြောင့် တကယ့်လက်တွေ့ တွင် သူမ လက်တုံ့မပြန်ရက်ချေ။

ဇေယျာက သီရိ၏အာလူးကြော်ထုပ်ဆီသို့ လက်လှမ်း လိုက်သည်။ သို့ရာတွင် သီရိက ရယ်ရယ်မောမောဖြင့် ဇေယျာ၏လက် ကိုပုတ်ထုတ်ရင်း . . .

''ကိုယ့်ဘာသာကိုယ်ဝယ်စားပါလားဟဲ့''

မျိုးခိုင်က ပလတ်စတစ်ဖြင့်ပတ်ထားသော အထုပ်တစ်ခုကို မေဖွန်၏မျက်နှာရှေ့တွင် မြှောက်ပြရင်း . . .

''မေဖွန်. . . အသားညှပ်ပေါင်မုန့်စားမလား၊ ငါ ရင်ပြည့်နေ လို့''

မေဖွန်က မျိုးခိုင်လက်ထဲမှအထုပ်ကို မသင်္ကာသလို အနံ့ခံ ကြည့်ပြီး . . .

''ဗိုလ်ဆာနေတာနဲ့အတော်ပဲ၊ ဒါနဲ့. . . နေပါဦး၊ ဘာသား နဲ့လုပ်ထားတာလဲဟ''

''ကြက်ဆင်သားနဲ့၊ လန်းတယ်၊ ငါ့အမေလုပ်ပေးလိုက်တာ ဟာ၊ ငါမစားနိုင်တော့လို့. . . ရော့''

''ပေး. . . ပေး. . . ကျေးဇူးပဲ''

မေဖွန်က ဝမ်းသာအားရဖြင့် မျိုးခိုင်ကမ်းပေးသောမုန့်ထုပ် ကို လှမ်းယူလိုက်၏။ လှမ်းယူပြီးသည်နှင့်တစ်ပြိုင်နက် ပတ်ထားသော ပလတ်စတစ်ကို ကပျာကယာဖြေချလိုက်သည်။

ထို့နောက် သူမက အသားညှပ်ပေါင်မုန့်နှစ်ခြမ်းကို ခွာ လိုက်ရာ . . .

''အား''

ပေါင်မုန့်နှစ်ချပ်ကြားမှာ တောက်တဲ့အသေကြီးတစ်ကောင်။

မေဖွန်က ကြောက်လန့်တကြားအော်ဟစ်ရင်း လက်ထဲမှ ပေါင်မုန့်ကို ဇေယျာထံသို့ လွှင့်ပစ်လိုက်၏။ ဇေယျာက တဟားဟား ရယ်ပြီး သဘောကျနေသည်။

www.burmeseclassic.com

သူမ စားပွဲခုံမှသွေးရူးသွေးတန်းဖြင့်ထအပြေးတွင် ကုလားထိုင်တစ်လုံးနှင့် ဝင်တိုက်မိ၏။

ကုလားထိုင်က ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲလဲသွားသည်။

မေဇွန်က ပါးစပ်ကိုလက်ဖြင့်အုပ်ပြီး ကန်တင်း(န်)ထဲမှ တစ်ဟုန်ထိုးပြေးထွက်လာခဲ့၏။

ဒီကိစ္စအတွက် ငါ သူ့တို့ကို လက်စားပြန်ချေရမယ်ဟု သူမ ပြေးလာရင်း ခါးခါးသီးသီးတွေးမိသည်။

နေနှင့်ဦး။ ငါ့အလှည့်ကျမှ သိမယ်။

မေဇွန်က တံခါးပေါက်တစ်ခုကိုဖြတ်သန်းကာ အမျိုးသမီးကိုယ်လက်သန့်စင်ခန်းအတွင်းသို့ ပြေးဝင်လာခဲ့၏။ ပါးပြင်ပေါ်တွင် မျက်ရည်များက ပိုးပိုးပေါက်ပေါက်ကျလျက်။

ရက်စက်သောရယ်သံများက ကန်တင်း(န်)မှလာရာလမ်းတစ်လျှောက် ပဲ့တင်ထပ်ပြီးကျန်ခဲ့သည်။

■

## အခန်း (၃)

ကျောင်းဆင်းချိန်၌ မေဇွန်သည် မည်သူ့ကိုမျှစကားမပြောတဲ့ အိမ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့၏။ အပြန်လမ်းတစ်လျှောက်အခြား **G.T.I** ကျောင်းသူကျောင်းသားများ၏ တီးတိုးပြောသံ၊ ရယ်သံများကို ကြားနေရသည်။

သူမ၏အကြောင်းပြောကာ ရယ်ပွဲဖွဲ့နေကြမှန်းလှည့်မကြည့်တဲ့နှင့် မေဇွန်သိနေ၏။ သူမ၏နှုတ်ခမ်းများကို တင်းတင်းကိုက်ထားမိသည်။

ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲ။

တွေးရင်း ဒေါသဖြစ်လာသောမေဇွန်တစ်ယောက် အိမ်သို့မပြေးရုံတမယ်ခြေလှမ်းများဖြင့် ပြန်လာခဲ့သည်။ သူမ ခြေလှမ်းတစ်ခါ

www.burmeseclassic.com

လှမ်းတိုင်း ဒေါသဒီရေက တရိပ်ရိပ်တက်လာ၏။

ငါတို့အားလုံး ငယ်ငယ်လေးတည်းက ခင်လာကြတဲ့ကျောင်းနေဖက်သူငယ်ချင်းတွေ ဖြစ်လျက်သားနဲ့ ဇေယျာနဲ့မျိုးခိုင်က ဘာလို့ ဒီလို ရက်ရက်စက်စက်လုပ်ရတာလဲ။

ငါ့ကိုခြောက်လှန့်ရတာ အရမ်းပျော်စရာကောင်းတယ်လို့ ဘာကြောင့် သူတို့က ထင်နေရတာလဲ။

အတွေးနှင့်အတူ အိမ်ရှေ့တံခါးကို သူမ ဝုန်းကနဲတွန်းဖွင့်ကာ ဝင်လိုက်သည်။ ဒေါသအရှိန်နှင့်မောပန်းမှုတို့ပေါင်းစပ်ပြီး တစ်ကိုယ်လုံး ဟောဟဲလိုက်ကာ တုန်ယင်နေ၏။

သူမက လှေ့ကားလက်ရန်းကိုကိုင်ကာ အမောဖြေရင်း အော်ခေါ်လိုက်သည်။

“မေမေရေ. . . မေမေ”

“ဟဲ့. . . သမီး၊ ဘာတွေဖြစ်လာတာလဲ၊ သမီးကိုကြည့်ရတာ နောက်ကကျားလိုက်လာသလိုပဲ”

“ဘာမှမဖြစ်ပါဘူး၊ ကျောင်းကနေ အိမ်အထိပြေးလာလို့ မောနေတာပါ”

“အောင်မလေး. . . ပင်ပန်းလိုက်တာ၊ ဘာလို့ ဒီလိုပြေးလာရတာတုန်း”

“ဘာမှမဖြစ်ပါဘူး၊ ပြေးချင်လို့ပြေးလာတာပါ မေမေရာ”

မိခင်ဖြစ်သူ ဒေါ်မြသက်ထားက မေဖွန်၏ လက်ထဲမှ တီ(T) ပုံသဏ္ဌာန် ပေတံကိုလှမ်းယူပြီး နီးရာစားပွဲတစ်လုံးပေါ် တင်ထားလိုက်၏။ ထို့နောက် မေမေက မေဖွန်၏နူးညံ့ပျော့ပျောင်းသော ဆံနွယ်များကို ညင်သာစွာထိုးဖွရင်း . . .

“ဒီလိုဖြောင့်စင်းတဲ့ဆံပင်တွေကို မေမေ့သမီး ဘယ်ကနေ ဘယ်လို ရထားပါလိမ့်”

ထိုစကားကို မေမေ့ထံမှ သူမ အမြဲကြားရလေ့ရှိသည်။

မိခင်ဖြစ်သူနှင့်မေဖွန်မှာ သားအမိဆိုသော်လည်း ပုံပန်း



သွင်ပြင်ချင်းမတူကြပါ။ မေမေက အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်ပြီး ဆံပင်များက လှိုင်းတွန့်များလိုကောက်ကွေးနေ၏။ မေမေ့တွင် အမြဲအသက်ဝင်ကာ မီးခိုးရောင်ဖျော့ဖျော့သန်းနေသော မျက်ဝန်းတစ်စုံရှိသည်။ မေမေ့ပုံစံက အမြဲလိုလိုပင် လန်းဆန်းတက်ကြွနေပြီး စကားကို အမျှင်မပြတ်ပြောနေတတ်၏။

သူမတွေးနေစဉ် မေမေက . . .

“သမီးကိုကြည့်ရတာ ငူငူငိုင်ငိုင်နဲ့၊ ဘာဖြစ်လာတာလဲ၊ မေမေ့ကိုပြောပြပါဦး”

မေဖွန်က ခေါင်းကိုခါယမ်းလိုက်ပြီး မပွင့်တပွင့်နှင့် . . .

“ဘာမှမဖြစ်ပါဘူး မေမေ”

ဒီနေ့ သူမကို ကန်တင်း(န်)တစ်ခုလုံးက လှောင်ပြောင်ရယ်မောလိုက်ကြသည့်အကြောင်း မိခင်ဖြစ်သူအား ပြန်အသိမပေးချင်ပါ။ သူမကြောင့် မေမေ စိတ်ပူပန်ရမည့်အဖြစ်ကို မေဖွန် မလိုလားပါ။

မေမေက သူမ၏ပုခုံးကိုဖက်ရင်း . . .

“လာ. . . သမီး. . . မေမေနဲ့ဧည့်ခန်းထဲကိုလိုက်ခဲ့၊ သမီးကိုပြစရာတစ်ခုရှိတယ်”

“သ. . . သမီး လိုက်မကြည့်ချင်သေးဘူးမေမေရာ၊ နောက်မှပဲကြည့်. . .”

“လာပါကွယ်”

မေမေက အတင်းအကြပ်တိုက်တွန်းရင်း မေဖွန့်ကို ဧည့်ခန်းထဲသို့ ဆွဲခေါ်လာခဲ့သည်။ မိခင်ဖြစ်သူကို အတိုက်အခံငြင်းဆန်၍ မရမှန်းသိထားသော မေဖွန်က နောက်ထပ်ဘာမှမပြောတော့ဘဲ အသာတကြည်လိုက်လာခဲ့၏။ ဒေါ်မြသက်ထား တစ်ခုခုကိုလုပ်ချင်လာပြီဆိုလျှင် ဟာရီကိန်းမုန်တိုင်းတိုက်သည်ထက်ပင် ဆိုးသေးသည်။ မည်သူမျှ မေမေ့ရှေ့မှ ကန့်ကွက်တားဆီး၍မရ။

“ကဲ. . . ဒီမှာကြည့်စမ်း”

ဧည့်ခန်းထဲသို့အရောက်တွင် မေမေက တစ်နေရာသို့ညွှန်

www.burmeseclassic.com

ပြရင်း ဂုဏ်ယူဝံ့ကြွားစွာပြောလိုက်သည်။

မေဖွန်က မိခင်ဖြစ်သူညွှန်ပြသည့်နေရာသို့ လှမ်းကြည့်လိုက်၏။

''ဟင်''

သူမက အံ့သြမင်သက်စွာဖြင့်. . .

''ရုပ်. . . ရုပ်တု တစ်ခုပါလား''

မေမေက ဝင်းပစွာပြုံးရင်း . . .

''ဟုတ်တယ်. . . ဒါ ရိုးရိုးသာမန်ရုပ်တုတစ်ခုမဟုတ်ဘူး၊ သေချာအနားကပ်ကြည့်ပါလား သမီး''

မေဖွန်က ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးပြီး ရုပ်တုကို သေသေချာချာ အကဲခတ်လိုက်သည်။ ကိုယ်တစ်ပိုင်းပြတ်ရုပ်တု၏ဦးခေါင်းမှ မျက်လုံးများက သူမအား အသက်ဝင်နေသည့်အလား ပြန်လည်စိုက်ကြည့်နေ၏။

ရုပ်တု၏ နက်မှောင်ဖြောင့်စင်းသောဆံနွယ်များ၊ အညိုရောင်သန်းနေသည့် မျက်လုံးဝိုင်းဝိုင်းလေးများ၊ အနည်းငယ်ပြားသော နှာတံနှင့် ပါးဖောင်းဖောင်းလေးနှစ်ဖက်ကိုကြည့်ရင်း စိတ်ထဲ၌ ရင်းရင်းနှီးနှီး သိနေသလိုခံစားရသည်။ ဘယ်သူနဲ့တူနေတာပါလိမ့်။

ကြည့်နေရင်းမှာပင် ရုပ်တု၏မေးရိုးအစပ်မှ အစိမ်းရောင်မှဲ့လေးတစ်လုံးကို သူမ သတိထားမိသွားသည်။

သူမက တစ်စုံတစ်ခုကို ဖျတ်ကနဲစဥ်းစားမိပြီး အော်လိုက်မိသည်။

''ဟင်. . . ဒါ. . . သမီးရဲ့. . . ပုံတူရုပ်တုပဲ''

''ဟုတ်တယ်၊ တကယ့်လူတစ်ယောက်ရဲ့ အရွယ်အစားအတိုင်းလုပ်ထားတာ၊ ဒီနေ့မှ ရုပ်တုပြီးသွားလို့ ပန်းချီပန်းပုသင်တန်းကနေ အိမ်ကို မေမေပြန်သယ်လာတာ၊ ဘယ့်နှယ့်လဲ၊ သမီးကြိုက်ရဲ့လား''

မေဖွန်က ရုပ်တုကိုကောက်ကိုင်ပြီး စေ့စေ့စပ်စပ်ကြည့်ရင်း. . .



''အင်း. . . ရုပ်တုက သမီးနဲ့ တထေရာတည်းတူတာပဲ၊ ဒါဘာနဲ့လုပ်ထားတာလဲ မေမေ''

''နိုင်ငံခြားကလာတဲ့ ပလာစတာနဲ့လုပ်ထားတာ''

မိခင်ဖြစ်သူက ရုပ်တုကို မေဖွန်၏လက်ထဲမှ ဆွဲယူလိုက်၏။ မိခင်ဖြစ်သူက ရုပ်တုကို မေဖွန်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားအောင်ကိုင်ပြရင်း. . .

''ရုပ်တုကို သတိထားပြီးကိုင်နော်သမီး၊ ရုပ်တုအတွင်းကအခေါင်းပွဆိုတော့ မတော်တဆပြုတ်ကျပြီး ကွဲရှသွားမှဖြင့်''

မေဖွန်က သူမ၏မျက်လုံးများနှင့် တစ်တန်းတည်းဖြစ်နေသောရုပ်တု၏မျက်ဝန်းများထဲသို့ စိုက်ကြည့်လိုက်သည်။ ကြည့်ရင်း သူမကကျောချမ်းလာဟန်ဖြင့် ပုခုံးတွန့်ပြီး . . .

''ဒီရုပ်တုကိုကြည့်ရတာ ကြောက်စရာကြီးနော် မေမေ''

''ဘာလဲ. . . သမီးက မေမေ့လက်ရာကို ချီးမွမ်းနေတာလား''

''မဟုတ်ဘူး မေမေ၊ ရုပ်တုကိုစိုက်ကြည့်ရင်း သမီး ကြောက်လာလို့''

မေဖွန်ကပြောရင်း ရုပ်တုကိုစိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်၏။

မေမေ့မျက်နှာပေါ်မှာ အပြုံးရိပ် မှိန်ဖျော့ပျောက်ကွယ်သွားသည်ကို သူမမြင်လိုက်ရသည်။

မေမေ့ကိုကြည့်ရသည်မှာ စိတ်ထိခိုက်သွားဟန်တူသည်။ မေမေက စိတ်မကောင်းသည့်လေသံဖြင့် . . .

''ဒါဆို သမီးက မေမေလုပ်ထားတာကို မကြိုက်ဘူးပေါ့''

မေဖွန်က ပျာပျာသလဲဖြင့် . . .

''မဟုတ်ဘူး၊ သမီးကြိုက်ပါတယ်၊ မေမေ့လက်ရာက အရမ်းကောင်းတာပဲ၊ ဒါပေမဲ့ ဘာရည်ရွယ်ချက်နဲ့ ဒီရုပ်တုကိုလုပ်ထားမှန်း

www.burmeseclassic.com

စဉ်းစားမရလို့ပါ''

''သမီးကို ချစ်လွန်းလို့လုပ်ပေးတာပေါ့၊ မေမေက တခြားဘာရည်ရွယ်ချက်နဲ့ လုပ်စရာရှိလို့လဲ၊ သမီးကလေး တစ်ခါတလေကျရင် တချို့အကြောင်းအရာတွေကို တုံ့ပြန်ဆက်ဆံတဲ့ပုံစံက တစ်မျိုးပဲ၊ ဒီပလာစတာရုပ်တုကို သမီးနဲ့ တစ်သဝေမတိမ်းတူအောင် မေမေ ဘယ်လောက်ကြိုးစား. . .''

''ခုနကပြောမိတဲ့စကားအတွက် သမီးကိုခွင့်လွှတ်ပါ မေမေ၊ ဒီရုပ်တုကို သမီး တကယ်သဘောကျပါတယ်၊ ရုတ်တရက်ဆိုတော့ သမီး အံ့သြသွားလို့ပါ၊ ပြီးတော့ ဒီနေ့ သမီး ကျောင်းတက်ရတာ အဆင်မပြေဖြစ်လာလို့''

မေဖွန်က မိခင်ဖြစ်သူကို တောင်းတောင်းပန်ပန်ဖြင့်ပြောရင်း ရုပ်တုကို ပြန်ကြည့်နေမိ၏။ သူမ၏မျက်ဝန်းညိုညိုများနှင့် တစ်ပုံစံတည်းတူသော ရုပ်တု၏မျက်ဝန်းညိုညိုများက သူမအား ပြန်လည်စိုက်ကြည့်နေသလိုပင်။

ရုပ်တု၏ နက်မှောင်ဖြောင့်စင်းသော ဆံနွယ်ရှည်များက ပြတင်းပေါက်မှထိုးကျနေသော နေရောင်ခြည်အောက်တွင် တဖိတ်ဖိတ်တောက်ပနေသည်။ ထိုအခိုက် . . .

ဟင်. . . ရုပ်တုက ငါ့ကိုပြုံးပြနေပါလား။

ထိုအတွေးကြောင့် သူမ ချောက်ချားကာ ပါးစပ်အဟောင်းသားဖြစ်သွား၏။

ငါမြင်လိုက်ရတယ်။ ရုပ်တုက ငါ့ကို ပြုံးပြတာမြင်လိုက်ရတယ်။

ဟင့်အင်း. . . မဖြစ်နိုင်ဘူး။ ဒါ ငါမျက်စိအမြင်မှားလို့ပဲဖြစ်မယ်။

ပလာစတာရုပ်တုတစ်ခုက ဘယ်လိုလုပ်ပြီး ပြုံးရယ်နိုင်မှာလဲဟု သူမတွေးရင်း ကြောက်ရွံ့စိတ်ကို ကြိုးစားဖြေဖျောက်လိုက်သည်။

သိပ်ပြီး အသည်းမငယ်လွန်းနဲ့ မေဖွန်။ ဒီနေ့ ကျောင်းမှာ



အကြီးအကျယ် အရှက်ကွဲတာတောင် မမှတ်သေးဘူးလားဟု သူမကိုယ်သူမ ဆူလိုက်မိ၏။

ထို့နောက် မေဖွန်က မိခင်ဖြစ်သူဘက်သို့လှည့်ပြီး . . .

''ရုပ်တုလုပ်ပေးတဲ့အတွက် မေမေ့ကိုကျေးဇူးတင်ပါတယ်၊ ခေါင်းတစ်လုံးတည်းရှိတာထက်စာရင် နှစ်လုံးရှိတော့ ပိုကောင်းတာပေါ့နော်. . . မေမေ''

သူမ၏စကားကြောင့် မေမေ့မျက်နှာက ပြန်လည်ရွှင်ပျလာပြီး . . .

''ဟုတ်တာပေါ့. . . ဒါနဲ့ သရဲပွဲတော်နေ့မှာ သမီးဝတ်ဖို့ ဘဲဝတ်စုံချုပ်ထားတာ ဒီနေ့ မေမေရွေးလာခဲ့တယ်သိလား၊ အဲဒီဝတ်စုံကို သမီးရဲ့ကုတင်ပေါ်မှာ တင်ထားခဲ့တယ်''

''ဟင်. . . ဘဲဝတ်စုံဟုတ်လား မေမေ''

''မေမေတို့ ရန်ကုန်ကိုအလည်သွားတုန်းက ဒဂုံစင်တာမှာ တွေ့ခဲ့တဲ့ ဘဲဝတ်စုံလေ၊ သမီး မမှတ်မိတော့ဘူးလား''

ဒေါ်မြသက်ထားက ပလာစတာရုပ်တုကို စင်ပေါ်သို့ သေချာတင်ရင်း ဆက်ပြော၏။

''ဝတ်စုံတစ်ခုလုံးကို ဘဲမွေးတွေနဲ့ချုပ်ထားတဲ့ဟာလေ၊ သရဲပွဲတော်နေ့မှာ ဘဲတစ်ကောင်လိုဝတ်ပြီးသွားရရင် ရယ်စရာကြီးလို့ သမီးတောင်ပြောသေးတယ်လေ၊ အဲဒါကြောင့် မေမေက သမီးအတွက် အပ်ချုပ်ဆိုင်မှာ အပ်ပေးထားတာ''

''ဪ. . . ဟုတ်သားပဲ''

မေဖွန်က ဇဝေဇဝါဖြင့် ပြန်ပြောလိုက်သည်။ သူမ၏ခေါင်းထဲတွင် အတွေးများဖြင့် ချာချာလည်နေ၏။ သရဲပွဲတော်နေ့မှာဝတ်ဖို့ အူကြောင်ကြောင်ဘဲဝတ်စုံကို ငါလိုချင်လိုက်တာလို့ တကယ်ပြောမိလားဟု သူမ တွေးနေမိသည်။

မေဖွန်က စိတ်မသက်မသာဖြင့် . . .

''ဒါဆို သမီးအပေါ်ထပ်တက်ပြီး ဝတ်စုံကိုသွားကြည့်လိုက်

www.burmeseclassic.com

ဦးမယ်''

ထို့နောက် သူမ စိတ်ပျက်လက်ပျက်နှင့် အပေါ်ထပ်သို့ တက်လာခဲ့၏။

မေဇွန်မှာ ထိုဘဲဝတ်စုံကို လုံးလုံးလျားလျားမေ့လျော့နေခဲ့မိသည်။ မိခင်ဖြစ်သူ ချုပ်ပေးလိမ့်မည်ဟုလည်း မတွေးမိခဲ့။

ဒုက္ခပါပဲ။ ငါက ဘဲဝတ်စုံဝတ်ပြီး ချစ်စရာကောင်းအောင် နေချင်တာမဟုတ်ဘူး။ ငါ့ကို အားလုံးကကြောက်လန့်ရတဲ့ မျက်နှာဖုံးတစ်ခုကိုလိုချင်တာ. . . ဟု လှေကားထစ်များအတိုင်းတက်လာရင်း သူမ စဉ်းစားနေမိ၏။

တကယ်တော့ သူမစိတ်ကူးက တစ်မျိုးဖြစ်သည်။ ကျောင်းနှင့်မနီးမဝေး အမှတ်တရပစ္စည်းအရောင်းဆိုင်တစ်ဆိုင် အသစ်ဖွင့်သည်။ ထိုဆိုင်တွင်ချိတ်ဆွဲပြသထားသော သရဲတစ္ဆေပုံမျက်နှာဖုံးများမှာ တကယ်အသက်ဝင်ပြီး ကြောက်စရာကောင်းလှ၏။

ထိုမျက်နှာဖုံးများထဲမှ သူမစိတ်တိုင်းကျ ကြောက်စရာအကောင်းဆုံးမျက်နှာဖုံးတစ်ခု ရရှိနိုင်မည်ဟု စိတ်ထဲမှထင်နေမိသည်။

သို့ရာတွင် ယခုတော့ အူကြောင်ကြောင်ဘဲဝတ်စုံဝတ်ပြီး လမ်းလျှောက်ရတော့မည်။ သူမခြေတစ်လှမ်းလှမ်းတိုင်း ဘဲအော်သံလို အခြားလူများက တဂွပ်ဂွပ်နှင့်အော်မြည်ကာ ဝိုင်းလှောင်ကြပေတော့မည်။

ဒါ မတရားဘူးဟု မေဇွန်တွေးလိုက်မိ၏။ သူမ၏စကားတိုင်းကို မိခင်ဖြစ်သူက သေသေချာချာမှတ်သားထားပြီး ဖြည့်ဆည်းအလိုလိုက်ခံရသည့်ဘဝကို သူမ စိတ်ကုန်လာသည်။

ယခုလည်း မရည်ရွယ်ဘဲနှင့် ပါးစပ်က လွှတ်ကနဲပြောမိသောစကားတစ်ခွန်းကြောင့် သရဲပွဲတော်နေ့တွင် အူကြောင်ကြောင်ဘဲဝတ်စုံကို ဝတ်ဆင်ရတော့မည်။

''ဟင်''

မေဇွန်၏ခြေလှမ်းများက အခန်းရှေ့တွင် တုံ့ကနဲရပ်သွား



၏။ သူမ၏အိပ်ခန်းတံခါးက ထူးထူးခြားခြားပိတ်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။ ပုံမှန်အားဖြင့် အိပ်ခန်းတံခါးကို သူမ ပိတ်ထားရိုးထုံးစံမရှိပါ။

ဘာတွေဖြစ်ကုန်ပြီလဲ။ အတွေးနှင့်အတူ သူမ နားစွင့်ထားလိုက်သည်။ အခန်းထဲ၌ တစ်စုံတစ်ယောက် အသက်ရှူသံကို ကြားနေရသလိုထင်မိ၏။

တစ်စုံတစ်ခုတော့ ထူးခြားနေပြီ။

တဖြည်းဖြည်းနှင့် ကြားနေရသောအသက်ရှူသံက ပိုမိုကျယ်လောင်လာသည်။

မေဇွန်က အခန်းတံခါးကို နားဖြင့်အပ်ပြီး နားထောင်လိုက်၏။ သူမ၏အခန်းထဲမှာ မည်သူရောက်နေတာလဲ။

ထိုမေခွန်းအတွက် အဖြေသိရန် နည်းလမ်းတစ်ခုတည်းသာရှိသည်။

သို့အတွက် မေဇွန်က အခန်းတံခါးကို ဝုန်းကနဲ တွန်းဖွင့်လိုက်၏။

သူမ အလန့်တကြား ထအော်မိလေသည်။

■

www.burmeseclassic.com

## အခန်း (၄)

"ကွပ်. . . ကွပ်. . . ကွပ်"

"အောင်မလေး"

ချောက်ချားစရာကောင်းသောအသံနှင့်အတူ အဖြူရောင်ဘဲကြီးတစ်ကောင်က တံခါးဝတွင် ဘွားခနဲပေါ်လာ၏။ သူ၏မျက်လုံးများက ပြူးကျယ်ကာ ချာချာလည်နေသည်။

မေဖွန် အလန့်တကြားနှင့်ထခုန်မိ၏။

အံ့အားသင့်စွာဖြင့် နောက်သို့ တရွေ့ရွေ့ဆုတ်သွားစဉ် အဖြူရောင်ဘဲကြီးက သူမကို ဝင်တိုက်လိုက်၏။ ဘဲကြီးရောသူမပါ ကြမ်းပြင်ပေါ်သို့ လုံးထွေးလဲကျသွားသည်။

"ကွပ်. . . ကွပ်. . . ကွပ်"



ဗုဒ္ဓေါ. . . ငါ့ရဲ့ဘဲဝတ်စုံက အသက်ဝင်လာပြီထင်တယ်။ ထိတ်ထိတ်လန့်လန့်ဖြင့် သူမတွေးမိ၏။

သို့ရာတွင် အဖြစ်မှန်ကို မေဖွန် အလျင်အမြန်သဘောပေါက်သွားသည်။ သူမက ကိုယ်ပေါ်ပိနေသည့်ဘဲရုပ်ကို လက်နှစ်ဖက်ဖြင့် တွန်းဖယ်ရင်း တို့ထိကျီစယ်လိုက်၏။

"ကလိ. . . ကလိ"

"ဟတ်. . . ဟတ်ချိုး"

မေဖွန် မချုပ်တည်းနိုင်တော့ဘဲ နှာချေလိုက်သည်။ သူမက လေသံကို တမင်မာထားသောအသံဖြင့် . . .

"ဟဲ့. . . ဂျစ်တူး. . . ထစမ်းလို့ငါပြောနေတယ်လေ"

"ကွပ်. . . ကွပ်. . . ကွပ်"

"ဂျစ်တူး. . . ငါပြောနေတာမကြားဘူးလား"

မေဖွန်က စိတ်မရှည်တော့ဘဲ သူမ၏ တစ်ဆယ့်နှစ်နှစ်အရွယ် မောင်လေး ဂျစ်တူးကို အော်ငေါက်လိုက်၏။ သူမက ဆက်ပြီး . . .

"နင်က ငါ့ဝတ်စုံကို ဘာလို့ယူဝတ်ရတာလဲ၊ မေမေက နင့်အတွက် ဝယ်လာတယ်ထင်နေလို့လား"

"မမက အဖြစ်သည်းလိုက်တာ၊ ငါ နင့်ဝတ်စုံကို သဘောကျလို့ ခဏလောက်ယူဝတ်ကြည့်တာပါဟာ"

ဂျစ်တူးက ပြောပြောဆိုဆိုနှင့် မေဖွန့်ကို ဘဲရုပ်အတွင်းမှ [illegible]က်ကြည့်ရင်း . . .

"ဘာပဲဖြစ်ဖြစ် နင် ကြောက်သွားတယ်မဟုတ်လား"

"အောင်မာ. . . ငါက ဘာလို့ကြောက်ရမှာလဲ၊ ဝေးပါသေးရဲ့၊ ထစမ်း နင့်ကိုယ်က လေးလိုက်တာ"

သူမ၏စကားကို ဂျစ်တူးက မယုံကြည်သလိုပြုံးစိစိဖြင့် ကြည့်ရင်း၊ မတ်တတ်ထရပ်လိုက်သည်။

မေဖွန်က မကျေမချမ်းဟန်ဖြင့် . . .

"ဂျစ်တူး. . . ငါ့ပစ္စည်းတွေက နင်ဆော့ဖို့ ဝယ်ပေးထား

www.burmeseclassic.com

တယ်လို့များထင်နေသလား''

''မဟုတ်ပါဘူးဟာ''

''ပြီးတော့ ငါ့ကို အမြဲတမ်းခြောက်လှန့်နေရတာ နင့်အတွက် သိပ်ပျော်စရာကောင်းနေလို့လား''

''ငါ. . . ရုတ်တရက်ခြောက်လိုက်ရင် ကြောက်သွားတဲ့မျက်နှာကို သဘောကျလို့ပါ မမရာ''

ဂျစ်တူးက စပ်ဖြဲဖြဲဖြင့်ပြန်ပြော၏။

မေဖွန်က မျက်မှောင်ကုတ်ကာ ခေါင်းကိုခါယမ်းရင်း . . .

''နင်လုပ်တာ ငါ့ဝတ်စုံကငှက်မွေးတွေ ပွစာကြဲကုန်ပြီ၊ နင်ဟာလေ တကယ့်အရူပ်ထုပ်ပဲ. . . ဂျစ်တူး''

''အရူပ်ထုပ်ဟုတ်လား၊ အရူပ်ထုပ်ဆိုတာ ဘာလဲဟင် မမ''

ဂျစ်တူးက နားမလည်ဟန်ပြန်မေးရင်း ဘဲရုပ်ခေါင်းစွပ်ကို ချွတ်လိုက်သည်။ ရှုပ်ပွကာ ချွေးများဖြင့်စေးထန်းထန်းဖြစ်နေသော ဆံပင်များက သူ၏နဖူးပြောင်ပြောင်လေးပေါ်တွင် ကပ်နေ၏။

မေဖွန်က . . .

''အရူပ်ထုပ်ဆိုတာ နင့်လို ထိပ်ပြောင်ပြောင်ဘဲစုတ်ဘဲနာကို ခေါ်တာ''

''ထိပ်ပြောင်တာမပြောင်တာ ငါမသိဘူးမမ၊ ငါ့ကို ဒီဘဲဝတ်စုံကြီးပေးပါလား''

ဂျစ်တူးက ပြောပြောဆိုဆိုနှင့် ဘဲရုပ်ခေါင်းစွပ်ကို သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ရင်း . . .

''တကယ်ပြောတာဟ၊ နင့်ဝတ်စုံက ငါနဲ့ဆိုကွက်တိပဲ''

သူမက ခပ်ငေါ့ငေါ့လေသံဖြင့် . . .

''ဩော်. . . ဟုတ်လား၊ အေး. . . အေး. . . မှတ်ထားလိုက်မယ်နော်''

ထိုစဉ် သူမ၏အခန်းထဲမှဖုန်းက ရုတ်တရက်မြည်လာသည်။

''ကဲ. . . ငါ့အခန်းထဲကထွက်သွားတော့၊ ဘဲဖြစ်ချင်ရင် နင့်ဟာသာ အကိုင်းကြီးကြီးရှာပြီး သွားနား. . . ဟုတ်ပြီလား''

မေဖွန်က ဂျစ်တူးကိုမောင်းထုတ်ပြီး ဖုန်းကိုင်ရန် ကသောကမျောလျှောက်သွား၏။

သူမ၏စားပွဲအနီးသို့အရောက်တွင် ကုတင်ပေါ်၌ပွစာကြဲနေသော ငှက်မွေးအချို့ကို တွေ့လိုက်ရပြန်၏။ ဒီဝတ်စုံကတော့ ဂျစ်တူးလက်ချက်နဲ့ သရဲပွဲတော်နေ့အထိ ခံမှာမဟုတ်ဘူးဟု တွေးလိုက်မိသည်။

မေဖွန်က တယ်လီဖုန်းခွက်ကိုမလိုက်ပြီး . . .

''ဟယ်လို. . . ဩော်. . . အေး. . . သီရိ. . . ငါသိပါတယ်ဟ''

သီရိက မေဖွန့်အား ကျောင်းတွင် မနက်ဖြန်၌ သိပ္ပံစမ်းသပ်မှုပြပွဲရှိသည်ကိုမမေ့ရန် ဖုန်းဆက်အသိပေးခြင်းဖြစ်၏။

ထိုပြပွဲတွင် ပြသရန်အတွက် နေအဖွဲ့အစည်းပုံစံငယ်တစ်ခုကို ပင်ပေါင်ဘောလုံးများ၊ မော်တာသေးသေးလေးများ၊ ဆားကစ်ပြားများဖြင့် သီရိနှင့်မေဖွန်တို့ တည်ဆောက်နေကြသည်။ တည်ဆောက်လက်စပုံစံငယ်ကို ဒီညသူတို့နှစ်ယောက် လက်စသတ်ရတော့မည်။

မေဖွန်က စားပွဲခုံကို လက်သည်းဖြင့်ခြစ်ရင်း . . .

''ညစာစားပြီးရင် ငါ့အိမ်ကိုလာခဲ့လေ၊ ငါတို့လုပ်ထားတာ လက်စသတ်လို့ရနေပြီပဲ၊ ဂြိုဟ်ကြီးကိုးလုံးကို ဆေးသုတ်ပြီးရင် အဆင်သင့်ဖြစ်ပြီ။ မေမေက မနက်ဖြန်ကျရင် အဲဒီပုံစံငယ်နဲ့ ငါတို့နှစ်ယောက်ကို ကားနဲ့ ကျောင်းလိုက်ပို့ပေးမယ်တဲ့''

ထို့နောက် သူမနှင့်သီရိတို့ အချိန်အတန်ကြာ ထွေရာလေးပါး လျှောက်ပြောဖြစ်ကြ၏။

စကားပြောနေရင်း မေဖွန်က ရုတ်တရက် ဖွင့်ဟဝန်ခံလိုက်သည်။

''ဒီနေ့နေ့လည်ခင်းက ငါ တော်တော်မိုက်မဲတာပဲ၊ ဟိုနှစ်ကောင်ကလည်း ငါ့ကိုခြောက်လှန့်ဖို့များ မွေးလာကြတာလားမသိ



www.burmeseclassic.com

ဘူး''

သီရိက စကားမပြောဘဲ တစ်ခဏမျှတိတ်နေပြီးမှ . . .

''ငါ့စိတ်ထင် နင်က အသည်းငယ်ပြီး ကြောက်လန့်လွယ်လွန်းအားကြီးလို့ဖြစ်မယ်ထင်တယ် မေဖွန်''

''အသည်းငယ်တယ်. . . ဟုတ်လား''

''နင်က တစ်ဆိတ်ရှိရင် ငယ်သံပါအောင်ထအော်တာကိုး၊ တစ်ခြားလူတွေလည်း ကြောက်လန့်တတ်ပါတယ်၊ ဒါပေမဲ့ သူတို့က ကြောက်လာရင် ဘာသံမှမထွက်ဘဲ ငြိမ်ကုပ်နေကြတာ၊ နင့်လိုမဟုတ်ဘူး၊ ပြီးတော့ မျိုးခိုင်နဲ့ဖေယျာတို့အကြောင်းကို နင်သိပါတယ်၊ သူတို့မှာ နင့်ကို ထိခိုက်နစ်နာစေချင်တဲ့ဆန္ဒ မရှိပါဘူး၊ သူတို့စိတ်ထဲမှာ နင့်ကိုစရတာ ပျော်စရာကောင်းတယ်လို့ထင်ထားကြတာ''

''ဒီကိစ္စက ငါ့အတွက်တော့ လုံးဝပျော်စရာမကောင်းဘူး၊ ထစ်ကနဲရှိရင် ကြောက်လန့်တတ်တဲ့ငါ့အကျင့်ကိုလည်း ပြင်တော့မယ်၊ ငါ တကယ်ပြောတာ၊ အလန့်တကြား ထအော်တာတွေ၊ ကြောက်လန့်တာတွေ ငါ ထပ်မလုပ်တော့ဘူး''

မေဖွန်က ဆုံးဖြတ်ချက်ချထားပြီးဟန်ဖြင့် စကားကို တစ်ခွန်းချင်း ဖြည်းညင်းစွာ ပြောလိုက်လေသည်။

●

နောက်တစ်နေ့ . . .

ပြပွဲခန်းမအတွင်းရှိစင်မြင့်ထက်၌ **G.T.I** ကျောင်းသားကျောင်းသူများ၏ သိပ္ပံစမ်းသပ်မှုလက်ရာများကို ခင်းကျင်းပြသထား၏။

ပါမောက္ခဒေါ်သန်းသန်းစိုးနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာမြင့်သိန်းတို့ ခေါင်းတညိတ်ညိတ်ဖြင့်လိုက်ကြည့်ကာ မှတ်စုစာအုပ်များကို ထုတ်ရေးကြသည်။

မေဖွန်နှင့်သီရိ၏ နေအဖွဲ့အစည်းမှာ အများအမြင်တွင်



တင့်တယ်အောင် မနည်းကျားကန်ထားရ၏။

အံဝင်ခွင်ကျတပ်ဆင်ထားခြင်းမရှိသည့် ပလူတိုဂြိုဟ်က ငိုက်စိုက်ငိုက်စိုက်ဖြင့် လည်ပတ်နေသည်။ ကမ္ဘာမြေကြီးကတော့ နေရာမှ ပြုတ်ထွက်ကာ ကြမ်းပေါ်သို့ ခုန်ပေါက်လိမ့်ဆင်းသွားသည်မှာ အကြိမ်ကြိမ်။

သို့ရာတွင် သူတို့၏နေအဖွဲ့အစည်းမှာ အချိုးအစား ကျနလှပသည်ဟု မေဖွန်နှင့်သီရိက တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသည်။

သို့သော်လည်း မေဖွန်တို့၏ပုံစံငယ်မှာ 'မင်းမင်းစိုး' ၏ သိပ္ပံစမ်းသပ်မှုလောက် မကောင်းနိုင်သည်မှာ ကျိန်းသေ၏။ မင်းမင်းစိုးက အိမ်တွင်းဖြစ် ကွန်ပျူတာတစ်လုံးကို တီထွင်ပြသထားသည်။ သို့ရာတွင် မင်းမင်းစိုးမှာ ကျောင်းတွင် Roll No. (၁)အမြဲတမ်းရသော ဉာဏ်ကြီးရှင်တစ်ယောက်ဖြစ်၏။ သူ့အတွက် ထိုကိစ္စက ထမင်းစားရေသောက်မျှပင်။

သို့ရာတွင် အကဲဖြတ်အမှတ်ပေးသည့် ပါမောက္ခများက ကျောင်းသားကျောင်းသူများအားလုံးကို ဉာဏ်ကြီးရှင်တွေချည်းပဲ ဖြစ်လိမ့်မည်ဟု ထင်မှတ်ထားမည်မဟုတ်ပါ။

မေဖွန်တွေးရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည်။

လူသူပြည့်ကျပ်ဆူညံနေသော ပြပွဲစင်မြင့်ထက်သို့ မေဖွန်မျက်လုံးဝေ့ဝဲကစားလိုက်၏။ အခြားသူများ၏ စမ်းသပ်မှုများက စိတ်ဝင်စားစရာပိုကောင်းနေသလိုပင်။

နွယ်မာဆိုသည့်ကျောင်းသူတစ်ယောက်က လက်ဖက်ရည်ပန်းကန်လုံးကို ဆုပ်ကိုင်နိုင်၊ လက်ဝှေ့ရမ်းပြနိုင်သော စက်ရုပ်လက်တစ်ဖက်ကို တီထွင်ထားသည်။

သန့်ဇင်အောင်ကမူ သိပ္ပံနည်းကျဖော်စပ်ထားသည့် အဆိပ်ပြေဆေး ခုနစ်ပုလင်းကို ပြသထား၏။

ဝဏ္ဏက အိမ်တွင်းသုံးရေသန့်စက်တစ်လုံးကို ပြုလုပ်ထား

www.burmeseclassic.com

သည်။ ကျောင်းသားတစ်ယောက်က အကဲဖြတ်ပါမောက္ခနှစ်ယောက် အလာတွင် ချိန်ကိုက်ပေါက်ကွဲနိုင်မည့် မီးတောင်တစ်လုံးကို တီထွင်ထား၏။

သီရိက မေဇွန်ကို စိတ်လှုပ်ရှားစွာကြည့်ရင်း လေသံတိုးတိုးဖြင့် . . .

"ငါတို့ရဲ့စမ်းသပ်မှုက ပျင်းစရာအကောင်းဆုံးဖြစ်မယ် ထင်တယ်"

ပြောနေသော်လည်း သီရိ၏မျက်ဝန်းများက မင်းမင်းဝိုးကွန်ပျူတာကို စစ်ဆေးနေသော ပါမောက္ခနှစ်ယောက်ကိုသာ မမှိတ်မသုန်စိုက်ကြည့်နေသည်။ သီရိက . . .

"ငါတို့ဟာက ပင်ပေါင်ဘောလုံးတွေကို ဆေးသုတ်ပြီး လည်အောင်လုပ်ထားတာဆိုတော့ ကြည့်ရင်းနဲ့စိတ်ဓာတ်တောင်ကျတယ်"

"ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့စမ်းသပ်မှုကို ငါသဘောကျတယ်၊ ငါတို့ ဘယ်လောက်ကြိုးစားထားရတယ်ဆိုတာ နင်လည်းအသိပဲ"

"သိပါတယ်၊ ဒါပေမဲ့ ငါတို့ဥစ္စာက တော်တော်ဆွဲဆောင်မှုနည်းကယ်ဟ"

သီရိ၏စကားအဆုံးတွင် ကျောင်းသားတစ်ယောက်၏ မီးတောင်က ဝုန်းကနဲထပေါက်ကွဲ၏။ မေဇွန်၏ကိုယ်လေးမှာ မသိမသာတုန်ယင်သွားသည်။ အကဲဖြတ်ပါမောက္ခများကတော့ ထိုကျောင်းသား၏မီးတောင်ကို အထင်ကြီးသွားပုံရ၏။

မီးတောင်ဝမှာချော်ရည်ကဲ့သို့ အနီရောင်အရည်များ စီးကျလာသည်။ ဘေးမှဝိုင်းအုံကြည့်နေသော ကျောင်းသားများက ဝေါကနဲ ဩဘာပေးလိုက်ကြသည်။

"ဟင်. . . သူတို့လာနေကြပြီ"

မေဇွန်ကပြောရင်း အယောင်ယောင်အမှားမှားဖြင့် သူမ၏လက်နှစ်ဖက်ကို ဂျင်းဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်၏။

ပျားရည်ဆမ်းထားသော အပြုံးကိုယ်စီကို ဆင်မြန်းထား



သည့် အကဲဖြတ်ပါမောက္ခနှစ်ယောက်မှာ သူမတို့နှင့် တဖြည်းဖြည်းနီးလာသည်။

ပါမောက္ခများက အလင်းနှင့်ဖန်တုံးများအား ခင်းကျင်းပြသထားသည်ကို ရပ်ကြည့်နေကြ၏။

ထိုစဉ် မေဇွန်၏နောက်ဘက်တစ်နေရာမှ တစ်စုံတစ်ယောက်၏ စိတ်လှုပ်ရှားစွာအော်ဟစ်သံ ပေါ်ထွက်လာသည်။

"ဟင်. . . ငါဖမ်းလာတဲ့တောကြီးပင့်ကူရော၊ ငါဖမ်းလာတဲ့တောကြီးပင့်ကူတစ်ကောင် တွေ့မိကြသေးလား"

မျိုးခိုင်၏အသံမှန်း သူမ ချက်ချင်းသိလိုက်၏။

"ငါ့ရဲ့ တောကြီးပင့်ကူလွတ်သွားပြီဟေ့"

ကျောင်းသူအချို့၏ ထိတ်လန့်တုန်လှုပ်စွာ အော်သံများကိုကြားလိုက်ရသည်။ အချို့ကျောင်းသားများ၏ ရယ်သံခပ်အုပ်အုပ်ကိုလည်း ကြားရ၏။

တောကြီးပင့်ကူမကလို့ ဘာကောင်ကြီးပဲဖြစ်ဖြစ် ငါမကြောက်ဘူးဟု သူမတွေးရင်း စိတ်အားတင်းလိုက်သည်။ တံတွေးတစ်ချက်ကိုလည်း မျိုချမိ၏။

တကယ်တော့ မေဇွန်မှာ တောကြီးပင့်ကူမဆိုထားနှင့် ပိုးဟပ်တစ်ကောင်ကိုတွေ့လျှင်ပင် နေစရာမရှိတော့။ သို့ရာတွင် သည်တစ်ကြိမ်တွင်တော့ သူမ၏ကြောက်ရွံ့မှုကို ထုတ်ဖော်မပြမိအောင် စိတ်ကိုမနည်းချုပ်တည်းထားသည်။

"ငါ့ရဲ့တောကြီးပင့်ကူ. . . လွတ်သွားပြီကွ. . . ဒုက္ခပါပဲ"

မျိုးခိုင်က ဆူညံနေသော လူသံသူသံများကို ဖုံးလွှမ်းသွားအောင် အော်ဟစ်ညည်းတွားလိုက်၏။

ဘာပဲဖြစ်ဖြစ် ငါမကြောက်ဘူး. . . ငါမကြောက်ဘူးဟု မေဇွန်၏စိတ်ထဲမှ ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေမိသည်။

သို့ရာတွင် ရုတ်တရက် သူမခြေသလုံးကို တစ်စုံတစ်ရာက ကော်ကိုက်သည်။

www.burmeseclassic.com

အရေပြားပေါ်သို့ တွားသွားတက်လာသည့် ပင့်ကူတစ်ကောင်၏ အမွေးဖွားဖွားနှင့်ခြေချောင်းများ. . .။

“အား”

မေဖွန် ကြောက်ရွံ့မှုကို မျိုသိပ်ထားနိုင်စွမ်းမရှိတော့ဘဲ ငယ်သံပါအောင် အော်ဟစ်လိုက်မိတော့သည်။

■

## အခန်း (၅)

မေဖွန် အလန့်တကြားအော်ဟစ်ခုန်ပေါက်ရင်း နေအဖွဲ့အစည်းပုံစံငယ်ကို တိုက်ချလိုက်၏။

သူမက ပင့်ကူပြုတ်ကျသွားလေမလားဟု ခြေထောက်ကို သွေးရူးသွေးတန်းဖြင့် ခါထုတ်နေမိသည်။ ဆေးရောင်ခြယ်ထားသည့် ပင်ပေါင်ဘောလုံးလေးများက ကြမ်းပြင်ပေါ်သို့ တတောက်တောက်နှင့် လိမ့်ဆင်းကျသွား၏။

မေဖွန်က ခြေမကိုင်မိလက်မကိုင်မိဖြင့် . . .

“ပင့်ကူကိုဖယ်ပေး။ အဲ့ဒီပင့်ကူကို ဖြုတ်ပေး”

“မေဖွန်. . . တော်ပါတော့၊ နင် ဘာမှမဖြစ်ပါဘူး၊ ငါ တကယ်ပြောတာ”

www.burmeseclassic.com

သီရိက သူမကိုနှစ်သိမ့်ဖျောင်းဖျလိုက်သည်။

မေဖွန်၏စိတ် အနည်းငယ်ငြိမ်သက်သွားမှ လူတိုင်းက သူမကိုဝိုင်းကြည့်ပြီး ရယ်နေကြကြောင်းသတိပြုမိသည်။ လူရိုင်းတွေတီးသည့်ဗုံသံလို သူမ၏နှလုံးသားက ပရမ်းပတာနှင့် ခုန်ပေါက်နေသည်။

မေဖွန် နောက်သို့ ချာကနဲလှည့်ကြည့်လိုက်၏။ သူမ၏နောက်ကျောတည့်တည့်တွင် ဒူးတစ်ဖက်ထောက်ပြီးထိုင်နေသော မျိုးခိုင်ကိုတွေ့လိုက်ရသည်။ မျိုးခိုင်က ပြုံးဖြဲဖြဲမျက်နှာပေးဖြင့် သူမကိုမော့ကြည့်ရင်း လက်မနှင့်လက်ညှိုးကို ပင့်ကူလမ်းလျှောက်သလို လုပ်ပြ၏။ သူ့လက်တွင် သိုးမွေးလက်အိတ်တစ်ဖက်စွပ်ထားသည်။

''သွား. . . သွား. . . မလာနဲ့''

သူမ စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်မိသည်။

တောကြီးပင့်ကူလွတ်သွားသည့်ကိစ္စမှာ တကယ်မဟုတ်မှန်း မေဖွန်နားလည်သဘောပေါက်သွား၏။ မျိုးခိုင်က သိုးမွေးလက်အိတ်စွပ်ထားသည့် လက်ညှိုး၊ လက်မနှစ်ချောင်းဖြင့် သူမ၏ခြေထောက်ကို တို့ထိစနောက်ခြင်းသာဖြစ်သည်။

မေဖွန်က ရှက်ကိုးရှက်ကန်းဖြင့် ဘေးဘီဝဲယာသို့ အကဲခတ်လိုက်၏။ ဘေးပတ်ပတ်လည်မှ ကျောင်းသူကျောင်းသားများက သူမကို ဝိုင်းရယ်နေကြသည်ကို တွေ့လိုက်ရ၏။

အကဲဖြတ်ပါမောက္ခများဖြစ်ကြသည့် ဒေါ်သန်းသန်းစိုးနှင့် ဒေါက်တာမြင့်သိန်းတို့နှစ်ယောက်ပင်လျှင် ရယ်နေကြသည်။

မေဖွန်က ရှက်ရမ်းရမ်းပြီး မျိုးခိုင်၏နံကြားကို ခြေဦးဖြင့် ပိတ်ကန်ထည့်လိုက်၏။ သို့ရာတွင် မျိုးခိုင်က ကိုယ်ကို ဘေးသို့ကပျာကသီယို့ကာ ရှောင်တိမ်းသွားသည်။ မထိလိုက်။

''ငါ့ကို ငြုပ်ဘောလုံးလေးတွေ ကူကောက်ပေးပါဦး မေဖွန်''

သူမကိုလှမ်းပြောသည့် သီရိ၏စကားသံက နားထဲသို့ ဝင်လာသည်။

သို့သော် သီရိ၏အသံက ဟိုးအဝေးကြီးမှ လွင့်ပျံလာသလို



မျိုး တိုးဖျော့ညံ့သက်လွန်းနေ၏။

မေဖွန်၏နားထဲတွင် ကျယ်လောင်လှသော သူမ၏နှလုံးခုန်သံနှင့် ကျောင်းသားကျောင်းသူများ၏ လှောင်ပြောင်ရယ်မောသံများကိုသာ ကြားနေရသည်။

မျိုးခိုင်က မျက်နှာပိုးမသေသေးဘဲ မတ်တတ်ထရပ်လိုက်၏။ သူနှင့်ဇေယျာက မေဖွန်၏ဘေးတွင်ဝင်ရပ်ရင်း တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။

သီရိကတော့ တောင်းတောင်းပန်ပန်ဖြင့် . . .

"မေဖွန်. . . ငါ့ကို ပင်ပေါင်ဘောလုံးတွေ ကူတပ်ပေးပါဦးဟာ''

သို့သော်လည်း မေဖွန်ကမကြားတော့။

သူမက ချာကနဲလှည့်ကာ စင်မြင့်ပေါ်မှခုန်ချပြီး ခန်းမအပြင်ဘက် လူသွားစင်္ကြံဆီသို့ ပြေးထွက်လာခဲ့၏။

အခု ငါခံစားရသလိုမျိုး မျိုးခိုင်နဲ့ဇေယျာတို့ ပြန်ခံစားရစေမယ်ဟု စိတ်ထဲမှ ကျိန်ဆိုလိုက်သည်။ စင်္ကြံလူသွားလမ်းတစ်လျှောက် ပြေးလာသော သူမ၏ခြေသံကိုသာ တဖျတ်ဖျတ်ကြားနေရ၏။

ငါ သူတို့ကို ပြန်ပြီးခြောက်လှန့်ရမယ်။

သူတို့ လိပ်ပြာလွင့်မတတ် ကြောက်သွားစေရမယ်။

. . . . . . . . . . . .

မျိုးခိုင်တို့ကို . . . ဘယ်လိုခြောက်လှန့်ရပါ့မလဲ။

■

www.burmeseclassic.com

## အခန်း (၆)

"ကောင်းပြီလေ. . . နင်နဲ့ ငါ ဘယ်အချိန်တွေ့ကြမလဲ"

မေဇွန်က ဖုန်းခွက်ကို မေးဖျားနှင့်ပုခုံးကြားတွင်ညှပ်ရင်း တစ်ဖက်သို့ မေးလိုက်၏။

အခြားတစ်ဖက်မှ **သီရိ၏**ပြန်ဖြေသံကို မကြားရ။ တစ်ခဏတာမျှ တိတ်ဆိတ်ငြိမ်သက်**နေပြီးမှ** သီရိက . . .

"ခုနစ်နာရီခွဲလောက်တွေ့ကြရင် မကောင်းဘူးလား"

ဒီနေ့ အောင်တိုဘာ (၃၁) ရက်၊ သရဲပွဲတော်နေ့ဖြစ်သည်။ သီရိတို့၏အိမ်တွင် သူငယ်ချင်းများစုပြီးနောက် အနီးပတ်ဝန်းကျင်မှ အိမ်များကို လိုက်ပြီးခြောက်လှန့်နောက်ပြောင်ရင်း အလှူခံရန် တိုင်ပင်နေကြခြင်းဖြစ်၏။

သီရိကဆက်ပြီး . . .

"အမှန်တော့ ပိုစောလေကောင်းလေပဲဟ၊ ဒါမှ ငါတို့အတွက် အလှူငွေများများရမှာ၊ ဒါနဲ့ မျိုးခိုင် နင့်ဆီဖုန်းဆက်သေးလား"

"အေး. . . ဆက်တယ်"

"ဟုတ်လား. . . သူ နင့်ကို ပြန်တောင်းပန်သေးလား"

မေဇွန်က ခါးသီးခံပြင်းစွာဖြင့် . . .

"အေး. . . တောင်းပန်တယ်၊ ဒါပေမဲ့ သူက ငါ့ကို လူတွေကြားထဲမှာ အရှက်တကွဲဖြစ်အောင် လုပ်ခဲ့ပြီးပြီပဲ၊ အခုမှ တောင်းပန်လို့ ဘာထူးခြားလာတော့မှာလဲ"

"သူ့ကြည့်ရတာတော့ စိတ်မကောင်းဖြစ်နေပုံပဲဟ"

"စိတ်မကောင်းဖြစ်သင့်တာပေါ့၊ သူနောက်တာ ဘယ်လောက်လွန်တယ်မှတ်လဲ"

"အေး. . . မျိုးခိုင်နောက်တာက တော်တော်လွန်တယ်"

သီရိက မေဇွန်၏စကားကို ထောက်ခံလိုက်ပြီးမှ သူမက ဆက်ပြီး . . .

"ဒါပေမဲ့ အဲဒီကိစ္စက တော်တော်ရယ်စရာကောင်းတယ်ဆိုတာတော့ နင်ဝန်ခံရလိမ့်မယ်"

"ဘာ. . . ငါ အခုချိန်မှာ ဘာကိစ္စကိုမှ ဝန်ခံချင်စိတ်မရှိဘူး"

မေဇွန်က စိတ်ဆိုးမာန်ဆိုးပြန်ပြောလိုက်သည်။ သီရိက စကားလမ်းကြောင်းကို လွှဲသည့်အနေဖြင့် . . .

"နေပါဦး. . . အပြင်မှာမိုးတိတ်သွားပြီလား"

မေဇွန်က ချက်ချင်းပြန်မဖြေသေးဘဲ ပြတင်းပေါက်မှ ခန်းဆီးစကိုမပြီး အပြင်သို့ အကဲခတ်လိုက်၏။ ညနေခင်းကောင်းကင်က ပုဇွန်ဆီရောင်တောက်နေရမည့်အစား မီးခိုးရောင်ရင့်ရော် အုံ့မှိုင်းနေသည်။ တိမ်ညိုတိမ်မည်းများကလည်း လေနှင်ရာမျောလွင့်နေ၏။

www.burmeseclassic.com

သို့ရာတွင် တစ်နေကုန်ရွာနေသည့်မိုးကတော့ တိတ်သွားပြီ ဖြစ်သည်။ ညမီးတိုင်များအောက်တွင် ကတ္တရာလမ်းမက စိုဖိတ် တောက်နေ၏။

မေဖွန်က ကပျာကယာဖြင့် . . .

"မိုးတိတ်သွားပြီ၊ ဒါဆို ငါသွားမှဖြစ်မယ်၊ နင့်ကို ငါ ခုနစ် နာရီခွဲလာတွေ့မယ်နော်၊ ဒါပဲ"

"ဟဲ့ . . . နေပါဦး၊ နင် ဘာဝတ်စုံဝတ်လာမှာလဲ"

"မပြောပြဘူး၊ သတ်ချင်သတ်ပစ်လိုက်"

မေဖွန်က စကားအဆုံးတွင် ဖုန်းကို ဂွပ်ကနဲချလိုက်သည်။ တကယ်တော့ ငါကိုယ်တိုင်လည်း ရေရေရာရာ မသိသေးပါဘူးဟု သူမကိုယ်သူမ ပြန်ပြောမိ၏။

သူမက ကုလားထိုင်နောက်မှီပေါ်တွင်တင်ထားသော ဘဲရုပ် ဝတ်စုံကို စိတ်မချမ်းမြေ့စွာ လှမ်းကြည့်လိုက်သည်။

ပထမတော့ ဒီနေ့ ကျောင်းဆင်းလျှင် အမှတ်တရပစ္စည်း ဆိုင်သွားပြီး အရုပ်ဆိုးဆိုး၊ ကြောက်စရာအကောင်းဆုံး မျက်နှာဖုံး တစ်ခုကိုဝယ်ရန် မေဖွန် ကြံရွယ်ထားခဲ့၏။

သို့ရာတွင် ကျောင်းဆင်းချိန်၌ မေမေက သူမကို လာကြို သည်။ အပြင်သွားစရာရှိသဖြင့် မောင်လေးဂျစ်တူးနှင့်အတူ အိမ် စောင့်ရမည်ဟု မှာကြားကာ အပြင်ပြန်ထွက်သွား၏။ ထို့ကြောင့် မေဖွန်မှာ ဘယ်မှသွား၍မရဘဲ အိမ်၌ ခြေချုပ်မိနေခြင်းဖြစ်သည်။

ငါးနာရီဆယ့်ငါးမိနစ်ကတည်းက မေမေ့ကို အရိပ်အယောင် မျှမမြင်ရသေးချေ။ ယခု ခြောက်နာရီထိုးရန် တစ်ဆယ့်ငါးမိနစ်သာ လိုတော့၏။

အခုအချိန်လောက်ဆိုရင် အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင် တွေ ပိတ်ကုန်ပြီထင်တယ်ဟု တွေးရင်း ဘဲဝတ်စုံဆီသို့ မျက်လုံး အကြည့်ရောက်သွားပြန်သည်။

"ကွပ် . . . ကွပ်"



မေဖွန်က စိတ်မသက်မသာဖြင့် ရေရွတ်လိုက်၏။

သူမက မတ်တတ်ထရပ်ပြီး မှန်ရှေ့သို့လျှောက်သွားသည်။ ခေါင်းကို ကပျာကယာဖြီးရင်း သွားစရာရှိတာသွားမှာပဲ။ မေမေစိတ် ဆိုးလည်း ပြီးမှကြည့်ရှင်းမယ်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ဒီလိုသရဲပွဲတော်မျိုးမှာ အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်တွေ မပိတ်လောက်သေးပါဘူးဟု မေဖွန်မျှော်လင့်မိသည်။

အတွေးနှင့်အတူ သူမက ဘီရိုအံဆွဲကိုဖွင့်ပြီး ပိုက်ဆံအိတ် ကိုဆွဲယူလိုက်၏။ ကြောက်စရာအကောင်းဆုံး မျက်နှာဖုံးတစ်ခုကို ပိုင်ဆိုင်ဖို့ရာ သူမမှာ ငွေကြေးလုံလုံလောက်လောက်ရှိရဲ့လား။

ပိုက်ဆံအိတ်ထဲ၌ မစားရက်မသောက်ရက်နှင့် ခြစ်ကုပ်စု ဆောင်းထားသော ပိုက်ဆံသုံးသောင်းခန့်ရှိနေသည်။ ပိုက်ဆံများကို ရေတွက်ပြီးနောက် ပိုက်ဆံအိတ်ကို သူမ၏ဂျင်းဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်၏။ ကြိုးတန်းပေါ်မှ မိုးကာအင်္ကျီကို လှမ်းယူလိုက် သည်။

ထို့နောက် အောက်ထပ်သို့ဆင်းကာ အိမ်ရှေ့တံခါးဝမှ ကသောကမျောထွက်လာခဲ့၏။

ညနေခင်းလေထုက အေးစိမ့်စိုထိုင်းနေသည်။ မေဖွန်က အမှတ်တရပစ္စည်းအရောင်းဆိုင်ဆီသို့ ခပ်သွက်သွက်ပြေးလာရင်း မိုး ကာအင်္ကျီဇစ်ကို ဆွဲတင်လိုက်၏။

လေပြင်းက ဟူးဟူးဟဲဟဲအော်မြည်၍ သစ်ပင်များကို တိုး ဝှေ့ဖြတ်သန်းကာ ပြင်းထန်စွာတိုက်ခတ်နေသည်။ သူမဦးခေါင်းထက် မှ သစ်ကိုင်းများက ချိုးချိုးချွတ်ချွတ်အသံပေးကာ ယိမ်းနွဲ့လှုပ်ယမ်း နေကြ၏။

မှောင်ရီပျိုးစတွင် သစ်ကိုင်းများလှုပ်ယိမ်းပုံမှာ မကောင်း

www.burmeseclassic.com

ဆိုးဝါးတစ်ကောင်၏ လက်များကို မြင်ရသလိုမျိုး. . .။

ချောက်ချားစရာကောင်းတဲ့ညပါလားဟု မေဖွန် တွေးလိုက်မိသည်။

သူမ ပြေးနေသည့်အရှိန်ကို မြှင့်လိုက်၏။ ကားတစ်စီးက သူမ၏ဘေးမှ တိုးတိတ်ညင်သာစွာ ရွေ့လျှောသွားသည်။ ကားရွေ့လျားပုံက ကိုယ်ရောင်ကိုယ်ဝါတောက်ပသော တစ္ဆေတစ်ကောင် မျောလွင့်လာသည်နှင့်ပင် တူနေသလိုလို။

ဘေးဘီဝဲယာသို့ကြည့်လိုက်စဉ် သရဲခြောက်သည်ဟု နာမည်ကြီးသော အိမ်ကြီးအနီးသို့ ရောက်လာပြီဖြစ်ကြောင်း သတိထားမိ၏။

တစ်ခါတစ်ရံ၌ ထိုအိမ်ကြီးအတွင်းမှ သွေးပျက်စရာကောင်းသော အော်ညည်းသံကြီးများကို ကြားရလေ့ရှိသည်။ ကိုလိုနီခေတ်က အစိမ်းသေသေပြီး မကျွတ်လွတ်သေးသော သရဲတစ္ဆေများ အိမ်ကြီးအတွင်း၌ နိုအောင်းနေသည်ဟု လူကြီးများပြောသည့်စကားကို မေဖွန် ကြားဖူး၏။

အိမ်ကြီးရှေ့မှ ဖြတ်လျှောက်လာရင်း ကြောက်ရွံ့မှုက ကျောရိုးတစ်လျှောက် စိမ့်တက်လာသည်။ ကြက်သီးဖျန်းကနဲထလာ၏။ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

ချောက်ချားစရာကောင်းသည့် အတွေးပုံရိပ်များကို သူမ၏ စိတ်ထဲမှ ကြိုးစားမောင်းထုတ်ရင်း လမ်းထောင့်ကို ချိုးကွေ့လိုက်၏။

အမှတ်တရပစ္စည်းအရောင်းဆိုင်က မြင်ကွင်းရှေ့တွင် ဘွားကနဲပေါ်လာသည်။ မီးလင်းနေသော ပြတင်းပေါက်မှတဆင့် ဆိုင်ထဲ၌ ချိတ်ဆွဲထားသော သရဲတစ္ဆေမျက်နှာဖုံးများကို လှမ်းမြင်နေရ၏။ တွဲလောင်းလှုပ်ယမ်းနေသော မျက်နှာဖုံးများက လမ်းလျှောက်လာသည့်သူမကို ဝိုင်းကြည့်နေကြသလိုမျိုး စိတ်ထဲမှ ခံစားရသည်။

မီးကတော့လင်းနေသေးတယ်။ ဆိုင်ဖွင့်သေးရဲ့လားမသိဘူး



ဟု သူမ တွေးလိုက်၏။

မေဖွန်က ခပ်သွက်သွက်ပြေးလာရာမှ ဆိုင်ပြတင်းပေါက်တွင် မြင်နေရသော မျက်နှာဖုံးများကို ရပ်ငေးမိသည်။ မျက်နှာဖုံးများမှာ ဂေါ်ဇီလာပုံ၊ မကောင်းဆိုးဝါးပုံနှင့် ဂြိုဟ်သားပုံ စသည်ဖြင့် အမျိုးအစားစုံလင်လှ၏။

မဆိုးပါဘူး။ မျက်နှာဖုံးတွေကိုမြင်ရတာ တော်တော်ကြောက်စရာကောင်းသားပဲ။ ဆိုင်အတွင်းခန်းထဲမှာ ဒီထက်ကြောက်စရာကောင်းတဲ့မျက်နှာဖုံးတွေရှိရင် ကောင်းမယ်ဟု သူမ မျှော်လင့်မိသည်။

တံခါးလက်ကိုင်ဘုက တုပ်တုပ်မျှမလှုပ်။

သူမ ထပ်လှည့်လိုက်သည်။ မရ။ နောက်တစ်ခေါက်ထပ်လှည့်လိုက်၏။ နောက်တစ်ကြိမ်။

မည်မျှကြိုးစားစေကာမူ တံခါးက ပွင့်မလာချေ။

သူမ နောက်ကျသွားပြီဆိုသည့်အသိနှင့်အတူ မျှော်လင့်ချက်တွေအကုန်လုံး လေထဲလွင့်မျောသွားသလို ခံစားရသည်။

အမှတ်တရပစ္စည်းအရောင်းဆိုင်ကတော့ ပိတ်သွားလေပြီ။

■

www.burmeseclassic.com

## အခန်း (၇)

မေဖွန်က သက်ပြင်းချလိုက်ပြီး မှန်ထဲမှတဆင့် ဆိုင်အတွင်းသို့ ငေးကြည့်နေမိ၏။ သရဲပွဲတော်နေ့ဖြစ်၍လားမသိ။ ဆိုင်ကျဉ်းကျဉ်းလေးတစ်ခုလုံးကို မျက်နှာဖုံးများက ပင်လယ်လိုလွှမ်းခြုံထားသည်။ မျက်နှာဖုံးများက သူမကို စူးစူးရဲရဲပြန်စိုက်ကြည့်နေကြသလို စိတ်ဝယ်ထင်မိ၏။

သူတို့ ငါ့ကိုကြည့်ပြီး လှောင်ပြောင်နေတာဖြစ်မှာပါဟု မေဖွန် ကြေကွဲဝမ်းနည်းစွာတွေးမိသည်။ သွားပြီ. . . ဒီပုံစံအတိုင်းဆို ငါ သရဲပွဲတော်နေ့မှာ အူကြောင်ကြောင်ဘဲဝတ်စုံပဲ ဝတ်ရတော့မယ်။

''ဟင်''

ရုတ်တရက် အရိပ်မည်းတစ်ခုက ဆိုင်ရှေ့မှ မှန်ပေါ်သို့ထိုးကျလာ၏။ မေဖွန်က ဟင်ကနဲရေရွတ်ရင်း နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်းခန့် ဆုတ်လိုက်မိသည်။



ထိုအရိပ်ကို သူမ မဝံ့မရဲလှမ်းကြည့်လိုက်၏။ အရိပ်မည်းကြီးမှာ အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူမ စိတ်သက်သာရာရသွားပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူကတော့ သူမကို တအံ့တသြဖြင့် လှမ်းကြည့်နေသည်။

''ဒီမှာ. . . ဆိုင်. . . ဆိုင်ပိတ်သွားပြီလားဟင်''

မေဖွန်က အသံကျယ်ကျယ်ဖြင့် အော်မေးလိုက်၏။

ဆိုင်ထဲမှလူက မကြားရကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြန်ပြောသည်။ သူက သော့ဖွင့်ကာ ဆိုင်တံခါးကို အနည်းငယ်ဟလိုက်ပြီး . . .

''မိန်းကလေး ဘာအလိုရှိပါသလဲ''

ဝတ်စုံနက်နှင့်လူမှာ ဆီလိမ်းထားသဖြင့် ပြောင်လက်နေသော ဆံပင်ကို အလယ်မှခွဲကာ သေသပ်စွာဖြီးသင်ထားး၏။ သူ့မျက်နှာပေါ်မှ နှုတ်ခမ်းမွေးက ပါးပါးလျလျနှင့်။

မေဖွန်က မဝံ့မရဲဖြင့် . . .

''ဆိုင်ဖွင့်သေးလားဟင်၊ ကျွန်မ. . . သရဲမျက်နှာဖုံးတစ်ခု လောက်ဝယ်ချင်လို့ပါ''

''အချိန်တော်တော်လင့်နေပြီကွယ့်''

ဆိုင်ရှင်က မေဖွန့်မေးခွန်းကို မဖြေဘဲ သူပြောလိုရာကိုသာ ပြောလိုက်သည်။ သူက ဆက်ပြီး . . .

''ပုံမှန်အချိန်ဆို ဆိုင်က ငါးနာရီပိတ်တာ''

''ဟုတ်ကဲ့. . . သိပါတယ်ရှင့်၊ ကျွန်မကို မျက်နှာဖုံးတစ်ခု လောက် ရောင်းပါ''

မေဖွန်က ဖွဲမလျှော့ဘဲ ဆက်ပြောလိုက်၏။

www.burmeseclassic.com

ဆိုင်ရှင်၏ သေးငယ်စူးရှသော မျက်လုံးများက သူမအား အကဲခတ်သလိုစိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင်တော့ မည်သည့်ခံစားချက်ကိုမျှ မမြင်ရ။

ပြီးမှ သူက တံခါးကိုဖွင့်ပေးပြီး လေသံဖျော့ဖျော့ဖြင့် . . .

''ဆိုင်ထဲဝင်ကြည့်ပါဦး''

မေဖွန်လည်း ထိုလူ၏ရှေ့မှဖြတ်ကာ ဆိုင်ထဲသို့ဝင်လာခဲ့၏။ ဆိုင်ရှင်မှာ အနောက်တိုင်းမှော်ဆရာများကဲ့သို့ ဝတ်ရုံနက်ကြီးကို ခြုံလွှမ်းထားကြောင်း သတိပြုမိသည်။ သရဲပွဲတော်နေ့မို့လို့ ဝတ်ထားတာဖြစ်မှာပါဟု သူမ တွေးလိုက်မိ၏။ ဒီဝတ်စုံကြီးကို သူ အမြဲတမ်း ဝတ်ထားနိုင်မည်ဟု မေဖွန် မထင်မိပါ။

မေဖွန်က သူမ၏အာရုံကို နံရံနှစ်ဖက်ပေါ်မှ မျက်နှာဖုံးများဆီသို့ ပြန်လွှဲလိုက်သည်။

ဆိုင်ရှင်က . . .

''ဘယ်လိုမျက်နှာဖုံးမျိုးကို ရှာနေတာလဲ''

သူက စကားအဆုံးတွင် ဆိုင်တံခါးကို အသာအယာပြန်ပိတ်လိုက်၏။

ရုတ်တရက် ကြောက်ရွံ့မှုတစ်ခုက မေဖွန့်ရင်ထဲသို့ တိုးဝင်လာသည်။ ဆိုင်ရှင်၏မျက်ဝန်းများနှင့် သူမ ရင်မဆိုင်ရဲတော့။ သူ၏မျက်ဝန်းများက မီးကျီခဲနှစ်ခုလို နီရဲတောက်ပလာ၏။

စိတ်ထဲတွင် ထိုလူ၏ပုံသဏ္ဌာန်က အနည်းငယ်ထူးဆန်းနေသည်။ ဒုက္ခပါပဲ။ ဒီဆိုင်ထဲမှာ သူနဲ့ငါနှစ်ယောက်တည်းဟု တွေးရင်း သူမ ပိုမိုကြောက်လန့်နေ၏။

မေဖွန်က အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

''ကြောက်. . . ကြောက်စရာကောင်းမယ့် မျက်နှာဖုံးတစ်ခုပါ''

ဝတ်ရုံနက်နှင့်လူက မေးစေ့ကိုပွတ်ရင်း စဉ်းစားလိုက်သည်။ မေးစေ့ကိုပွတ်နေသော သူ့လက်ဝဲဘက်၏ လက်သူကြွယ်နှင့် လက်



သန်းတွင် ဆင်တူရွှေလက်စွပ်နှစ်ကွင်း ဝတ်ထားသည်ကိုတွေ့ရသည်။ သူက နံရံတစ်နေရာဆီသို့ လက်ညှိုးညွှန်ပြရင်း . . .

''အခု ဂေါ်ဇီလာမျက်နှာဖုံးတွေ အရမ်းခေတ်စားနေတယ်၊ ဆံပင်မွေးက တကယ့်လူဆံပင်အစစ်နဲ့လုပ်ထားတာ၊ ကံကောင်းလို့ မျက်နှာဖုံးတစ်ခုပဲ ကျန်တော့တယ်''

မေဖွန်က ဂေါ်ဇီလာမျက်နှာဖုံးကို မော့ကြည့်လိုက်၏။ သူမမှာ ဂေါ်ဇီလာမျက်နှာဖုံး ဝတ်ချင်စိတ်မရှိပါ။ အရမ်းရိုးလွန်းနေသလို ခံစားရသည်။ ကြောက်စရာသိပ်မကောင်း။

သူမက စဉ်းစားဟန်ပြုပြီး . . .

''အင်း. . . ရှင့်မှာ. . . ကြောက်စရာကောင်းတဲ့ တခြား မျက်နှာဖုံးတွေ ရှိသေးလား''

ဆိုင်ရှင်က နောက်ထပ်မျက်နှာဖုံးတစ်ခုကို ညွှန်ပြရင်း . . .

''ဟို. . . နားရွက်ချွန်ချွန်နဲ့ အဝါရောင်ဂြိုဟ်သားမျက်နှာဖုံးဆိုရင် ဘယ့်နှယ့်လဲ၊ အဲဒါ နာမည်ကြီး 'ကြယ်တာရာယာဉ်ပျံ' ဇာတ်ကားထဲက ဇာတ်ကောင်လေ၊ ဒီလိုမျက်နှာဖုံးမျိုး အပြင်မှာ သိပ်မရှိဘူး''

''ဟင့်အင်း. . . ကျွန်မက တကယ့်ကိုကြောက်စရာကောင်းတဲ့မျက်နှာဖုံးမျိုး လိုချင်တာရှင့်''

မေဖွန်၏စကားကြောင့် ဆိုင်ရှင်၏မျက်နှာပေါ်တွင် ထူးဆန်းသောအပြုံးတစ်ခု ထင်ဟပ်လာ၏။ သူက မေဖွန့်စိတ်ကို ဖတ်ရှုနေသည့်အလား မီးကျီးခဲလိုမျက်ဝန်းများဖြင့် သေသေချာချာအကဲခတ်နေသည်။

ဆိုင်ရှင်က လက်ကိုဝှေ့ယမ်းရင်း . . .

''ဒါဆိုလည်း လျှောက်ကြည့်ပြီး ကြိုက်တာတွေ့ရင် ယူသွားပေါ့၊ နံရံမှာပြထားသမျှကတော့ ရောင်းစရာရှိတာအကုန်ပဲ''

မေဖွန်ကခေါင်းညိတ်ပြပြီး မျက်နှာဖုံးများကို လိုက်ကြည့်မိ၏။

www.burmeseclassic.com

အစွယ်နှင့်နှာသီးဖျားတွင် သွေးများစွန်းပေနေသယောင်လုပ်ထားသည့် ဘောဝက်မျက်နှာဖုံးတစ်ခုကို ကြည့်လိုက်သည်။ ဒီမျက်နှာဖုံးမဆိုးဘူးဟု သူမတွေးမိ၏။ သို့ရာတွင် သူမလိုချင်သည့်မျက်နှာဖုံးမျိုး မဟုတ်သေးပါ။

ဘောဝက်မျက်နှာဖုံး၏ဘေးတွင် အမွေးစုတ်ဖွားနှင့် အစွယ်များ ချွန်မြနေသော သမန်းဝံပုလွေမျက်နှာဖုံးရှိနေသည်။ ဒါလည်းရိုးသေးတယ်ဟု မေဇွန် စဉ်းစားလိုက်၏။

သူမ၏မျက်ဝန်းများက အစိမ်းရောင်ဖုတ်ကောင်မျက်နှာဖုံးပေါ်မှ ရွေ့လျားသွားသည်။

ကလေးများကို အိပ်မက်ထဲမှခြောက်လှန့်တတ်သည့် သရဲကားထဲမှ 'ဖရက်ဒီ'၏မျက်နှာဖုံးကိုလည်း တွေ့ရ၏။ ရှည်လျားထက်မြသော လက်သည်းရှည်ကြီးများနှင့် ဖရက်ဒီ၏လက်အိတ်များပါ ပူးတွဲပါရှိသည်။ သူ့မျက်နှာဖုံးဘေးတွင်တော့ အီးတီ(E.T)ပုံမျက်နှာဖုံး။

မျက်နှာဖုံးတွေက သိပ်ကြောက်စရာမကောင်းသေးဘူး ဟု မေဇွန်တွေးလိုက်၏။ သူမ၏စိတ်ထဲတွင် သွေးပျက်ချောက်ချားစရာ အကောင်းဆုံး မျက်နှာဖုံးတစ်ခုကို လိုချင်စိတ်က တဟုန်းဟုန်းတောက်လောင်နေသည်။

မျိုးခိုင်နဲ့ဇေယျာတို့မြင်ရင် လိပ်ပြာလွင့်စင်သွားနိုင်မယ့်မျက်နှာဖုံးတစ်ခုကို မတွေ့တွေ့အောင်ရှာရမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ဆိုင်ရှင်က ငွေသိမ်းကောင်တာကို သော့ဖြင့်လှည့်ဖွင့်နေသည်။ သူက နူးညံ့ပျော့ပျောင်းသောလေသံဖြင့် . . .

''မိန်းကလေး. . . ပြောရမှာအားတော့နာပါရဲ့၊ မြန်မြန်ဆုံးဖြတ်ချက်ချပြီး မျက်နှာဖုံးတစ်ခုဝယ်လိုက်ပါလား၊ ဆိုင်ပိတ်ဖို့ အချိန်တော်တော်လွန်နေလို့ပါ''

''တောင်းပန်ပါတယ်ရှင်၊ ကြောက်စရာကောင်းတဲ့မျက်နှာဖုံးတွေ့ရင်. . . ရင်. . .''



ထိုစဉ် ဖုန်းမြည်လာသောကြောင့် မေဇွန်၏ ပြောပေက်စကား ရပ်တန့်သွား၏။

ဆိုင်ရှင်က တယ်လီဖုန်းခွက်ကို ကပျာကသီကောက်ကိုင်ပြီး လေသံတိုးတိုးဖြင့် စကားပြောနေသည်။ သူက မေဇွန့်ကို ကျောခိုင်းထား၏။

သူမမှာ မျက်နှာဖုံးများကိုလျှောက်ကြည့်ရင်း ဆိုင်အတွင်းပိုင်းသို့ ရောက်လာသည်။ လျှောက်ရင်း မျက်နှာဖုံးများကို တစ်ခုချင်း မလွတ်တမ်းကြည့်လာ၏။

ဝါညစ်ညစ်အစွယ်များနှင့် ကြောင်နက်ကြီးတစ်ကောင်ပုံ မျက်နှာဖုံးရှေ့မှ မေဇွန်ဖြတ်လျှောက်လာခဲ့သည်။ ကြောင်နက်မျက်နှာဖုံးဘေးတွင်တော့ နှုတ်ခမ်းတွင် ပေကျံနေသည့်သွေးများကို လျှာဖြင့်သပ်နေသော သွေးစုပ်ဖုတ်ကောင်မျက်နှာဖုံးရှိ၏။

မဟုတ်သေးဘူး. . . မဟုတ်သေးဘူး. . . မဟုတ်သေးဘူး. . . မေဇွန်က မျက်မှောင်ကြုတ်ထားရင်း စိတ်ထဲမှ ရေရွတ်နေမိသည်။

ဆိုင်နောက်ဘက်တွင် အနည်းငယ်ပွင့်ဟနေသော တံခါးတစ်ချပ်ကို တွေ့လိုက်ရ၏။ သူမ၏စိတ်ထဲ၌ ထူးဆန်းသလိုဖြစ်သွားပြီး ခြေလှမ်းများရပ်တန့်သွားသည်။

ဟင်. . . နောက်ထပ်အခန်းတစ်ခုပါလား။ အဲဒီအခန်းထဲမှာရော သရဲမျက်နှာဖုံးတွေရှိသေးလားဟု မေဇွန် ချီတုံချတုံနှင့် စဉ်းစားနေမိ၏။

သူမက ဆိုင်ရှေ့ကောင်တာဆီသို့ လှမ်းကြည့်အကဲခတ်လိုက်သည်။ ဆိုင်ရှင်က သူမကိုကျောပေးပြီး ဖုန်းပြော၍ကောင်းနေဆဲပင်။

မေဇွန် တံခါးကို မရဲတရဲတွန်းဖွင့်လိုက်၏။ တံခါးက ကျွီကနဲအသံသဲ့သဲ့မြည်လျက် ပွင့်ဟသွားသည်။ အခန်းတွင်းမှ လိမ္မော်ရောင်ဖျော့ဖျော့မီးအလင်းက အပြင်သို့ ပွင့်အံလျှံကျလာ၏။

www.burmeseclassic.com

''အား''

မေဖွန်က အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ပါးစပ်ကိုလက်ဖြင့်ပိတ်ပြီး အော်လိုက်မိလေသည်။

■

## အခန်း (၈)

ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးပေါင်းငါးဆယ်ခန့်က သူမကို စိန်းစိန်းကြီးစိုက်ကြည့်နေကြ၏။

သည်းခြေပျက်မတတ် ချောက်ချားစရာကောင်းသည့် ပုံပျက်ပန်းပျက်မျက်နှာကြီးများကို မေဖွန် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

သေချာစိုက်ကြည့်နေပြီးမှ ဒါ မျက်နှာဖုံးတွေပါလားဟု သူမသိလိုက်ရ၏။ မျက်နှာဖုံးများကို တန်းနှစ်ခုပေါ်တွင် စီရီထားခြင်းသာဖြစ်၏။ ဝါရွှေဖျော့တော့သော မီးအလင်းရောင်အောက်တွင် ကြောက်စရာမကောင်းဆိုးဝါး မျက်နှာဖုံးများကို မေဖွန် လေ့လာစူးစမ်းနေမိသည်။

www.burmeseclassic.com

ကြည့်နေရင်း မျက်နှာဖုံးများဟုမထင်တော့ဘဲ တကယ့်မကောင်းဆိုးဝါးများကို တွေ့မြင်နေရသလို ဖြစ်လာ၏။ ကြောက်ရွံ့မှုကြောင့် သူမ၏လည်ချောင်းတစ်ခုလုံး ခြောက်သွေ့လာသည်။

မေဖွန်မှာ တံခါးဘောင်ကို လက်ဖြင့်အားပြုမှီတွယ်ထားရ၏။ သို့ရာတွင် သူမ၏အကြည့်က မျက်နှာဖုံးများပေါ်မှ ပယ်၍မရနိုင်။

ပထမဆုံးမျက်နှာဖုံးမှာ စိမ်းစိမ်းညစ်ညစ်နဖူးပေါ်တွင် ရှည်လျားသော အဝါရောင်ဆံနွယ်တစ်စက တွဲလောင်းကျနေ၏။ ကြွက်၏ မျက်လုံးများက မဟူရာကျောက်မျက်များလို နက်မှောင်တောက်ပြောင်နေသည်။

ထိုမျက်နှာဖုံးဘေးတွင်တော့ မျက်လုံးတွင် လက်သည်းရှည်ကြီးတစ်ချောင်းစိုက်နေသည့် မျက်နှာဖုံးတစ်ခုရှိ၏။ နီရဲစေးပျစ်သော သွေးကဲ့သို့ အရည်များက မျက်ဝန်းအိမ်ထဲမှစီးကျနေသည်က ကြက်သီးထချင်စရာ. . .။

နောက်ထပ်မျက်နှာဖုံးတစ်ခုကတော့ ရေနစ်သေထားသူတစ်ယောက်၏အရေပြားလို ဖြူရော်ရော်ပွယောင်းယောင်းနှင့် တွဲလောင်းကျနေ၏။ အရေပြားလန်နေသည့် အချို့နေရာများတွင် အောက်မှ အရိုးက ဖွေးဖွေးကြီးငေါထွက်နေသည်။

ဖရိုဖရဲဖြစ်နေသည့် အဝါရောင် အစိမ်းရောင်သွားများကြားမှ ဧရာမပိုးကောင်ကြီးတစ်ခုပြူထွက်နေသည့် မျက်နှာဖုံးတစ်ခုကိုလည်း တွေ့ရ၏။

မေဖွန့်ကို စိတ်လှုပ်ရှားမှုနှင့် ကြောက်ရွံ့မှုက လွှမ်းခြုံထားသည်။ သူမက အခန်းထဲသို့ နောက်တစ်လှမ်းထပ်တိုးလိုက်၏။ သူမ နင်းလျှောက်လိုက်တိုင်း အောက်မှသစ်သားကြမ်းခင်းများက တကျွိကျွိ ဖြင့်မြည်သွားကြသည်။

မေဖွန်က ပြုံးဖြဲဖြဲလုပ်နေသည့် မျက်နှာဖုံးများဆီသို့ ခြေလှမ်းတစ်လှမ်း ထပ်တိုးသွားလိုက်၏။ မျက်နှာဖုံးဆိုသော်လည်း တကယ့်မကောင်းဆိုးဝါးများနှင့်တူလွန်းပြီး သွေးပျက်ချောက်ချားဖွယ်



ကောင်းလှသည်။

သူတို့၏မျက်နှာသွင်ပြင်များက အသေးစိတ်ကျလွန်းပြီး လက်ရာလည်းမြောက်၏။ ပြီးတော့ ပလတ်စတစ် (သို့မဟုတ်) ရာဘာနှင့် ပြုလုပ်ထားခြင်းမဟုတ်ဘဲ တကယ့်လူ့အရေပြားအစစ်နှင့် လုပ်ထားသလားဟု မှတ်ထင်ရသည်။

ဒါမှ ငါလိုချင်တာနဲ့ကွက်တိပဲဟု မေဖွန် ဝမ်းသာအားရ တွေးမိ၏။ စိတ်လှုပ်ရှားမှုကြောင့် သူမရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ငါရှာနေတာ ဒီလိုမျက်နှာဖုံးမျိုးပေါ့။ မျက်နှာဖုံးများမှာ ကြည့်နေရင်း စင်ပေါ်မှခေါင်းထောင်ထလာမလားဟု ထင်မှတ်ရအောင် အသက်ဝင်လှ၏။

ညအမှောင်ထဲတွင် သည်မျက်နှာဖုံးများနှင့် မျိုးခိုင်တို့ ပက်ပင်းတိုးပါက ဘယ်လိုများဖြစ်သွားမလဲဟု သူမ၏စိတ်ကူး၌ ပုံဖော်ကြည့်မိသည်။

ဒီမျက်နှာဖုံးစွပ်ပြီး သစ်ပင်နောက်ကွယ်မှာပုန်း။ မျိုးခိုင်တို့ နှစ်ယောက်လာမှ ဘွားကနဲထွက်ရပ်ပြီး ခြောက်လိုက်ရရင်တော့လား။ ပါးစပ်ကနေ သွေးဆာသလို ညည်းသံကြီးတစ်ချက်အော်ပြလိုက်ရင် အားလုံးပွဲသိမ်းပဲ။

မျိုးခိုင်နှင့်ဇေယျာ၏မျက်နှာပေါ်မှာ သွေးပျက်ချောက်ချားနေမည့်အမူအရာများကို မေဖွန် ပုံဖော်ကြည့်နေမိသည်။ ကြောက်ရွံ့တုန်လှုပ်စွာ အသက်လုပြီးပြေးကြမည့် မျိုးခိုင်တို့၏ပုံစံကို စိတ်ကူးကြည့်ရင်း ကျေနပ်နေမိ၏။

ကွက်တိ. . . ကွက်တိပဲ။

ဘယ်လောက်ပျော်စရာကောင်းလိုက်မယ့်အဖြစ်လဲ။ သည်လောက်ချိုမြိန်သော အောင်နိုင်မှုမျိုး ရှိနိုင်တော့မည်မထင်ပါ။

မေဖွန်က အသက်ကိုဝအောင်ရှူသွင်းပြီး ရှေ့ဆက် လျှောက်လာခဲ့သည်။ လျှောက်လာရင်း သူမ၏မျက်လုံးများက စင်ပေါ်ရှိ အရုပ်ဆိုးဆိုးမျက်နှာဖုံးတစ်ခုပေါ်မှ မခွာနိုင်တော့ဘဲဖြစ်သွား၏။

www.burmeseclassic.com

ထိုမျက်နှာဖုံးမှာ နဖူးတွင် ဆံပင်ကျိုးတို့ကျဲတဲနှင့် ပြောင်ရှင်းနေသည်။ အရေပြားက အဝါရောင်နှင့် အစိမ်းရောင်ရောယှက်နေပြီး ပုပ်အဲ့ပွစပ်သော လူသေတစ်ယောက်၏ အသားအရေမျိုး။ မျက်လုံးကြီးများက ပြူးကျယ်ကွဲထွက်ကာ အတွင်းသို့ချိုင့်ဝင်နေပြီး မီးကျီးခဲနှစ်ခုလို လိမ္မော်နီရောင်တောက်နေ၏။ ပြန့်ကားသောနှာခေါင်းကြီးက အနည်းငယ်တိုဝင်ပြီး ပုံပျက်ပန်းပျက် ပြားကပ်နေသည်။ ဦးခေါင်းခွံတစ်ခု၏နှာခေါင်းပေါက်နှင့် ခပ်ဆင်ဆင်။

ထော်လန်ညိုမည်းသော နှုတ်ခမ်းနှစ်ခု၏ ထောင့်စွန်းတွင် ချွန်မြထက်မြသော အစွယ်ရှည်နှစ်ချောင်းက ငေါငေါကြီးထွက်နေ၏။

နှလုံးသွေးရပ်သွားလောက်အောင် ကြောက်စရာကောင်းသော မျက်နှာဖုံးကို မေဇွန် ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေမိသည်။ သူမမှာ ကြက်သီးတဖြန်းဖြန်းထနေရင်းမှ မျက်နှာဖုံးဆီသို့ တုန်တုန်ရီရီဖြင့် လက်လှမ်းလိုက်၏။

တုန်ရီနေသော သူမ၏လက်ချောင်းကလေးများက မျက်နှာဖုံး၏နဖူးစပ်ကို ထိမိသည်။

ထိုသို့ထိမိသည်နှင့်တစ်ပြိုင်နက် မျက်နှာဖုံးက ကျယ်လောင်စွာ အော်ညည်းလိုက်လေ၏။

''ဟား. . . မ. . . လုပ်. . . နဲ့''

■

## အခန်း (၉)

''အောင်မလေး''

မေဇွန်က အလန့်တကြားထအော်ပြီး လက်ကို ဆတ်ကနဲ ပြန်ရုတ်လိုက်၏။

တစ္ဆေမျက်နှာဖုံးက မေဇွန့်ကိုရယ်ပြနေသည်။ သို့သော် ပြုံးရယ်ပြသည်နှင့်မတူဘဲ သူမကို သွားဖြဲပြကာ ခြောက်လှန့်နေသလိုမျိုး။ သူ၏ လိမ္မော်ရင့်ရောင်မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေ၏။ ထော်လန်နေသော နှုတ်ခမ်းထောင့်စွန်းများ တွန့်ကွေးသွားစဉ် ကျောချမ်းစရာကောင်းသော ဝါညစ်ညစ်အစွယ်နှစ်ချောင်းက ထင်ထင်ရှားရှား ပေါ်လာသည်။

သူမ၏ဦးခေါင်းထဲတွင် မူးဝေလာ၏။ ဘုရားရေ. . . ဒီမှာ

www.burmeseclassic.com

ဘာတွေဖြစ်ကုန်တာလဲ။

မေဇွန် သွေးရူးသွေးတန်းနှင့် နောက်သို့ ခြေနှစ်လှမ်းသုံးလှမ်း ခန့်ဆုတ်လိုက်၏။ ထိုစဉ်မှာပင် အော်သံများ မျက်နှာဖုံးထဲမှ ထွက်ပေါ်လာခြင်းမဟုတ်မှန်း သိလိုက်ရသည်။

အော်သံမှာ သူမ၏နောက်ကျောမှ ပေါ်ထွက်လာခြင်းဖြစ်၏။

မေဇွန် ချာကနဲလှည့်ကြည့်လိုက်သည်။ သူမကို ဒေါသတကြီး စိုက်ကြည့်နေသော ဝတ်ရုံနက်နှင့်ဆိုင်ရှင်ကို တွေ့ရ၏။ သူ့မျက်လုံးများက နဂါးတစ်ကောင်လို မီးဝင်းဝင်းတောက်နေသည်။ နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့ထားသဖြင့် ဆိုင်ရှင်၏မျက်နှာက ပိုမို၍ တင်းမာခက်ထန်နေသယောင် ထင်ရ၏။

မေဇွန်က မျက်နှာဖုံးကိုပြန်လှည့်ကြည့်ရင်း အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

''ဩော် . . . ကျွန်မက မျက်နှာဖုံး . . .''

သူမ ဘာဆက်ပြောရမှန်းမသိတော့ဘဲ စကားကိုရပ်လိုက်သည်။ သူမ ဘာကိုမှ ကွဲကွဲပြားပြားနားမလည်နိုင်တော့။ မျက်နှာဖုံးကပဲ ပြောလိုက်တာလား။ ဆိုင်ရှင်ကပဲပြောတာလား။

ဆိုင်ရှင်ကနူးညံ့သော်လည်း အေးစက်နေသောအသံဖြင့် . . .

''ဒီမျက်နှာဖုံးတွေကို မင်းတွေ့သွားတဲ့အတွက် ငါ စိတ်မကောင်းပါဘူး''

စကားအဆုံးတွင် သူက မေဇွန့်ဆီသို့ ရှေ့တစ်လှမ်းတိုးဝင်လာ၏။

သူ ဘာလုပ်မလို့လဲဟု မေဇွန် အထိတ်တလန့်နှင့်တွေးမိသည်။ သူ ငါ့အနားကို ဘာလို့တိုးလာရတာလဲ။

သူ့မှာ ဘာရည်ရွယ်ချက်ရှိပါလိမ့်။

''ငါတောင်းပန်ပါတယ်''

ဆိုင်ရှင်ကထပ်ပြော၏။ ဆိုင်ရှင်၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးများက သူမမျက်ဝန်းများကို တည့်တည့်စိုက်ကြည့်နေ



သည်။ သူက နောက်ထပ်ခြေတစ်လှမ်း ထပ်လှမ်းလိုက်၏။

မေဇွန် အယောင်အယောင်အမှားမှားဖြင့် နောက်သို့ မသိမသာ ဆုတ်လိုက်မိသည်။ မျက်နှာဖုံးများတင်ထားသည့်စင်ကို သူမ၏နောက်ကျောဖြင့် ဝင်တိုက်မိ၏။ မေဇွန်လန့်ပြီး ပါးစပ်က လွှတ်ကနဲ အော်မိသည်။

ကြောက်မက်ဖွယ် မကောင်းဆိုးဝါးမျက်နှာဖုံးများက အသက်ဝင်လာကြသလိုမျိုးယိမ်းထိုးလှုပ်ခါသွားကြသည်။

မေဇွန်က ကြောက်ရွံ့မှုကိုကြိတ်မှိတ်မျိုချရင်း . . .

''ရှင် . . . ရှင် ဘာကိုပြောချင်တာလဲ၊ ကျွန်မ . . . ကျွန်မ ပြောတာက . . .''

''ဒီအခန်းထဲကမျက်နှာဖုံးတွေက ရောင်းဖို့မဟုတ်ဘူး။ ဒါကြောင့် ဒီမျက်နှာဖုံးတွေကို မင်းတွေ့သွားတဲ့အတွက် စိတ်မကောင်းဘူးလို့ပြောတာ''

ဆိုင်ရှင်က စိတ်ရှည်လက်ရှည်ပြန်ရှင်းပြ၏။

စကားအဆုံးတွင် သူက မေဇွန့်ဘေးမှဖြတ်ကာ မျက်နှာဖုံးများတင်ထားသည့်စင်ရှေ့သို့ လျှောက်သွားသည်။ ဆိုင်ရှင်က စင်ပေါ်မှ မျက်နှာဖုံးများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်စီလိုက်၏။

မေဇွန် စိတ်သက်သာရာရစွာဖြင့် ဟင်းကနဲ သက်ပြင်းချလိုက်မိသည်။ သူက ငါ့ကို ခြောက်လှန့်မလို့မဟုတ်ပါဘူး။ ငါ့ကိုယ်က အသည်းငယ်ပြီး ကြောက်တတ်လွန်းနေတာ။

သူမ လက်ပိုက်လိုက်ပြီး နှလုံးခုန်သံ ပုံမှန်ပြန်ဖြစ်အောင် ရင်ဘတ်ကို မသိမသာဖိထားမိ၏။

မျက်နှာဖုံးများကို သေသေသပ်သပ်ပြန်စီနေသည့် ဆိုင်ရှင်၏နံဘေးတွင် မေဇွန်ဝင်ရပ်လိုက်သည်။ ဆိုင်ရှင်က မကောင်းဆိုးဝါးမျက်နှာဖုံးများကို ရင်နှစ်သည်းချာများကဲ့သို့ တယုတယကိုင်တွယ်မှင်းစီနေ၏။ ဆိုင်ရှင်က တစ်ခါတစ်ရံတွင် မျက်နှာဖုံးများ၏ဆံပင်များကို သပ်တင်ပေးလိုက်၊ နဖူးပေါ်မှဖုန်မှုန့်များကို ပွတ်သပ်ဖယ်ရှားပေး

www.burmeseclassic.com

လိုက်လုပ်နေသည်။

မေဖွန်က ဆိုင်ရှင်၏အပြုအမူကို စိတ်ဝင်တစားကြည့်ရင်း. . .

"ဒီမျက်နှာဖုံးတွေကို ဘာဖြစ်လို့ မရောင်းတာလဲဟင်"

"အရမ်းကြောက်စရာကောင်းလို့ပေါ့ကွယ်"

ဆိုင်ရှင်က မဆိုင်းမတွပြန်ဖြေလိုက်၏။ ထို့နောက် သူက မေဖွန့်ဘက်သို့လှည့်ပြီး ပြုံးပြလိုက်သည်။

မေဖွန်က ပါးစပ်ကြီးဟကာ အစွယ်နှစ်ချောင်းဖြဲပြနေသည့် မျက်နှာဖုံးကို လက်ညှိုးညွှန်ပြရင်း . . .

"ကျွန်မကို အဲဒီမျက်နှာဖုံးရောင်းပါလားဟင်"

"မဖြစ်ဘူး၊ မျက်နှာဖုံးက ကြောက်စရာအရမ်းကောင်းတယ်"

"ဒါပေမဲ့ ဒီနေ့က သရဲပွဲတော်နေ့ပဲ၊ ကိစ္စမရှိဘူးထင်ပါတယ်"

"ဦးလေးဆီမှာ အရမ်းကြောက်စရာကောင်းတဲ့ ဂေါ်ဇီလာမျက်နှာဖုံးတစ်ခုရှိတယ်၊ ကြည့်လိုက်ရင် ပြေးကိုက်တော့မလားလို့ ထင်ရတဲ့အထိ ကြောက်စရာကောင်းတယ်၊ မင်းဝယ်မယ်ဆိုရင် ဈေးလျှော့ပြီးရောင်းလိုက်မယ်"

မေဖွန်က ခေါင်းကိုခါယမ်းရင်း . . .

"ဟင့်အင်း. . . ဂေါ်ဇီလာမျက်နှာဖုံးလောက်နဲ့ မျိုးခိုင်တို့ကို ခြောက်လှန့်နိုင်မယ်မထင်ဘူး"

ဆိုင်ရှင်က နားမလည်နိုင်ဟန်ဖြင့် . . .

"မျိုးခိုင်တို့ဆိုတာ ဘယ်သူတွေလဲ"

"ကျွန်မရဲ့သူငယ်ချင်းတွေပါ၊ ကျွန်မ ဒီမျက်နှာဖုံး ရကိုရမှဖြစ်မယ်၊ အဲဒီမျက်နှာဖုံးက ကြောက်စရာကောင်းလွန်းလို့ ကျွန်မသေချာတောင်ကိုင်မကြည့်ရဲဘူး၊ ကျွန်မလိုချင်တာနဲ့ ကွက်တိပဲ"

"မင်းလိုချင်တဲ့မျက်နှာဖုံးက ကြောက်စရာကောင်းလွန်းတယ်ကွ၊ တော်ကြာ ရောင်းလိုက်ပြီးမှ ပြဿနာတစ်ခုခုထဖြစ်ရင် ဦးလေးလိုက်မရှင်းနိုင်ဘူး"

"ဒီမျက်နှာဖုံးက မကောင်းဆိုးဝါးနဲ့တူလွန်းတော့ မြင်လိုက်တာနဲ့ သူတို့ မေ့လဲသွားလိမ့်မယ်၊ သေချာတယ်၊ ဒါဆို သူတို့ ကျွန်မကို နောက်ထပ် ဘယ်တော့မှ ခြောက်လှန့်ဖို့ကြိုးစားတော့မှာ မဟုတ်ဘူး"

မေဖွန်က မျက်နှာဖုံးကိုငေးမောကြည့်ရင်း ပြောလိုက်၏။ ဆိုင်ရှင်က လက်ပတ်နာရီကို စိတ်မရှည်စွာကြည့်ရင်း . . .

"မိန်းကလေး. . . မြန်မြန်ဆုံးဖြတ်ပြီး ရောင်းတဲ့မျက်နှာဖုံးတစ်ခုပဲ ဝယ်သွားပါလား၊ ပုံမှန်အတိုင်းဆို ဦးလေးလည်းစိတ်ရှည်ပါတယ်၊ ဒါပေမဲ့ . . ."

"ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မကို အဲဒီမျက်နှာဖုံးလေး ရောင်းလိုက်ပါရှင်၊ ကျွန်မ ပါသမျှပိုက်ဆံအကုန်ပေးဆိုလည်း ပေးခဲ့ပါ့မယ်"

မေဖွန်က ပြောပြောဆိုဆိုနှင့် ပိုက်ဆံအိတ်ကိုနှိုက်ပြီး ပိုက်ဆံအားလုံးကို ဆွဲထုတ်လိုက်သည်။

ဆိုင်ရှင်က ဘာပြောရမှန်းမသိဘဲ . . .

"မိန်းကလေး. . . ကျုပ်. . . ပြော. . ."

"ရော့. . . အားလုံးပေါင်း သုံးသောင်းကျော်ရှိတယ်၊ ဒီမျက်နှာဖုံးလေးတစ်ခုကို ပိုက်ဆံသုံးသောင်းတောင်ပေးပြီး ဝယ်မှတော့ ရောင်းသင့်ပါတယ်"

မေဖွန့်စကားအဆုံးတွင် ဆိုင်ရှင်က သက်ပြင်းချရင်း. . .

"ပိုက်ဆံကအဓိကမဟုတ်ပါဘူး၊ ဒီမျက်နှာဖုံးတွေကို လုံးဝမရောင်းဘူးလို့ ဆုံးဖြတ်ထားတာကြောင့်ပါ"

ဝတ်ရုံနက်နှင့်ဆိုင်ရှင်က ပြောပြောဆိုဆိုနှင့် ဆိုင်ပေါက်ဝသို့ လှည့်ထွက်သွား၏။

မေဖွန်က သူ့နောက်သို့ပြေးလိုက်သွားရင်း တောင်းတောင်းပန်ပန်ဖြင့် . . .



www.burmeseclassic.com

''ကျွန်မ တကယ် သေရေးရှင်ရေးလိုအပ်နေလို့ပါ၊ ကျွန်မကို ရောင်းပါရှင်''

''ဟုတ်တယ်. . . သေရေးရှင်ရေးကိစ္စမို့လို့ မင်းကို မရောင်းချင်တာပါ''

''လုပ်ပါ. . . ကျေးဇူးပြုပြီးရောင်းလိုက်ပါနော်. . . နော်''

ဆိုင်ရှင်က မျက်စိကိုစုံမှိတ်ထားရင်း . . .

''ပြီးမှ မင်း နောင်တမရနဲ့နော်''

''ဟင့်အင်း. . . လုံးဝ နောင်တမရဘူး. . . စိတ်ချ''

မေဇွန်က ဆိုင်ရှင်စိတ်လျှော့သွားမှန်းသိသဖြင့် ပျော်ရွှင်မြူးတူးစွာ ကတိပေးလိုက်သည်။

ဆိုင်ရှင်က မျက်လုံးကိုပြန်ဖွင့်လိုက်၏။ သူက ခေါင်းကိုခါယမ်းလိုက်သည်။ ဆိုင်ရှင်က ရောင်းသင့်မရောင်းသင့် စဉ်းစားနေပုံပေါ်၏။

နောက်ဆုံးတွင် သူကသက်ပြင်းချရင်း မေဇွန်ကမ်းပေးသော မျက်နှာဖုံးဖိုးကိုယူပြီး ဝတ်ရုံအိတ်ထဲသို့ ထိုးထည့်လိုက်သည်။

ထို့နောက် ဆိုင်ရှင်က မကောင်းဆိုးဝါးမျက်နှာဖုံးကို စင်ပေါ်မှ ဂရုတစိုက်နှင့်ယူပြီး မေဇွန့်လက်ထဲသို့ လှမ်းပေးလိုက်သည်။

မေဇွန်မှာ ဝမ်းသာလွန်းသဖြင့် တုန်တုန်ယင်ယင်နှင့်လှမ်းယူပြီး . . .

''ကျေး. . . ကျေးဇူးတင်ပါတယ်ရှင်''

သူမက မျက်နှာဖုံးကို နှာခေါင်းနေရာမှဆွဲယူလိုက်၏။ မျက်နှာဖုံးမှာ လူတစ်ယောက်၏အသားအရေကဲ့သို့ ပူနွေးနူးညံ့နေသည်မှာ အံ့သြစရာပင်။

''ကျေးဇူးပဲနော်''

မေဇွန်ထပ်ပြောပြီး မကောင်းဆိုးဝါးမျက်နှာဖုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ဆိုင်ပေါက်ဝသို့ ခပ်သွက်သွက်ထွက်လာခဲ့သည်။



''ဟေး. . . မျက်နှာဖုံးကို အိတ်နဲ့ထည့်ပေးလိုက်မယ်လေ''

ဆိုင်ရှင်က သူမကိုလှမ်းအော်ပြော၏။ သို့ရာတွင် မေဇွန်က မကြားတော့။ သူမက ဆိုင်အပြင်ဘက်သို့ ရောက်သွားလေပြီ။

မေဇွန်က ကားလမ်းတစ်ဖက်သို့ဖြတ်ကူးပြီး အိမ်သို့ ခပ်သုတ်သုတ် လျှောက်ပြန်လာခဲ့၏။

ကောင်းကင်တစ်ခုလုံး တိမ်ကင်းစင်ပြီး ပိန်းပိတ်အောင်မှောင်မည်းနေ၏။ လကွယ်ညဖြစ်သည့်အပြင် ကြယ်တစ်ပွင့်တလေမျှ ရှိမနေ။ တစ်နေကုန် ရွာထားသည့်မိုးကြောင့် ကတ္တရာလမ်းမများမှာ စိုရွှတ်ရွှဲနစ်နေဆဲပင်။

လကွယ်ညဆိုတော့ မှောင်မှောင်မည်းမည်းနဲ့ ပိုခြောက်လှန့်လို့ကောင်းတာပေါ့။ ဒါမှ သူတို့ကို လှလှပပကြီး လက်စားပြန်ချေလို့ရမှာ ဟု မေဇွန် ပျော်ရွှင်စွာတွေးမိသည်။

သူမ စိတ်စောနေသဖြင့် မျိုးခိုင်တို့နှင့်တွေ့ရန် မစောင့်ဆိုင်းနိုင်တော့ချေ။ မျိုးခိုင်နဲ့ဇေယျာက ဘယ်လိုအဝတ်အစားမျိုး ဝတ်လာမှာလဲဟု သူမ စဉ်းစားကြည့်၏။

မျက်နှာနှင့်ဆံပင်များအပါအဝင် တစ်ကိုယ်လုံးကို အပြာရောင်ခြယ်သလာမည်ဟု မျိုးခိုင်တို့ပြောနေသံကိုတော့ သူမ နားစွန်နားဖျား ကြားထားသည်။

ကြည့်စမ်း. . . ဘယ်လောက်ရူးသွပ်မိုက်မဲတဲ့ စိတ်ကူးတွေလဲလို့။

မေဇွန်က မျက်နှာဖုံးကို သတိထားပြီး ချိုင်းကြားတွင်ညှပ်ရင်း၊ အိမ်အမြန်ပြန်လာခဲ့သည်။ ခြံဝသို့အရောက်တွင် ခဏရပ်ပြီး အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

သူမတို့၏ အိမ်ရှေ့ပြတင်းပေါက်များအားလုံးမှ ဖျော့ဖျော့လင်းပသောအလင်းရောင် ဖြာထွက်နေသည်။ အိမ်ရှေ့ဆင်ဝင်မှ မီးအလင်းရောင်ကလည်း မြက်ခင်းပြင်ပေါ်သို့ ထိုးကျနေ၏။

ဒီမျက်နှာဖုံး ကြောက်စရာကောင်းမကောင်း စမ်းသပ်ကြည့်

www.burmeseclassic.com

ရမယ်ဆိုသည့်အတွေးက သူမခေါင်းထဲသို့ ဝင်လာသည်။ ကဲ. . .ပကောင်းဆိုးဝါးမျက်နှာဖုံး ဘယ်လောက်စွမ်းသလဲ ကြည့်ရဦးမယ်''

သူမ၏မောင်လေးဂျစ်တူး၏ ပြောင်ချော်ချော်မျက်နှာက အာရုံထဲ၌ ဖျတ်ကနဲပေါ်လာ၏။

''ဂျစ်တူး. . .ဟုတ်ပြီ၊ ဂျစ်တူးရေ နင်တော့ ကံဆိုးတာပဲ''

မေဖွန် အသံထွက်ပြီး ရေရွတ်လိုက်သည်။

သူမက ပျော်ရွှင်စွာပြုံးစေ့စေ့လုပ်ရင်း ဂျစ်တူးကို ပထမဆုံးသားကောင်အဖြစ်ခြောက်လှန့်ရန် ခြံထဲသို့ ကသောကမျော ဝင်လာခဲ့၏။

■

## အခန်း (၁၀)

မေဖွန် ခိုးကြောင်ခိုးဝှက်ဖြင့် အိမ်ရှေ့တံခါးဝမှ ချွတ်နင်းဝင်လာသည်။ သူမ၏ခြေလှမ်းများက ကြောင်တစ်ကောင်လို ပေါ့ပါးသွက်လက်နေ၏။ ထမင်းစားစားပွဲမှ ပန်းသီးရနံ့က ဆီးကြိုသည့်အနေဖြင့် သူမနှာခေါင်းဝသို့ တိုးဝင်လာသည်။

ရှုံးပိတ်ရက်မှာ မေမေကတော့ ဆွေမျိုးတွေဆီလျှောက်လည်နေပြီထင်တယ်ဟုတွေးရင်း သူမပြုံးလိုက်မိ၏။

အိမ်ရှေ့ညှိခန်းစင်္ကြံလမ်းကို ခြေဖျားထောက်ရင်း လျှောက်လာခဲ့သည်။ မေဖွန်ကမျက်နှာဖုံးကို သူမ၏ရှေ့တွင် သေချာကိုင်ထား၏။ တစ်ချက်တစ်ချက် ဂျစ်တူး၏အသံကိုလည်း ရပ်ပြီးနားစွင့်ရသားသည်။

www.burmeseclassic.com

ဂျစ်တူး. . . နင်ဘယ်မှာလဲ. . . ။

နင်ဘယ်ရောက်နေတာလဲ. . . သူများကို ခြောက်လှန့်တတ်တဲ့ ဝက်ပုပ်ကလေး. . . ။

ဂျစ်တူးမှာ မေဖွန့်ထက်ပိုပြီး သတ္တိကောင်းသည်ဟု အမြဲတမ်း ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ့ရှိသည်။ သူက မေဖွန့်အင်္ကျီများထဲသို့ ပိုးကောင်များကို ဖမ်းထည့်ထားတတ်၏။ ရာဘာနှင့်လုပ်ထားသည့် မြွေရုပ်ကိုလည်း သူမ၏အိပ်ရာပေါ်တွင် တင်ထားတတ်သည်။ ဂျစ်တူးမှာ သူစဉ်းစား၍ရသမျှ နည်းလမ်းပေါင်းစုံဖြင့် မေဖွန့်အား ခြောက်လှန့်လေ့ရှိ၏။

အပေါ်ထပ်မှ ခြေသံများကို သူမကြားရသည်။ ဂျစ်တူးမှာ သူ့အိပ်ခန်းထဲတွင်ရှိမည်ဟု မေဖွန့်သိလိုက်၏။ ဂျစ်တူးတစ်ယောက်တော့ သရဲပွဲတော်နေ့အတွက် ပြင်ဆင်ဝတ်စားရင်း အလုပ်ရှုပ်နေပေလိမ့်မည်။

အောက်တိုဘာ (၃)ရက်နေ့ရောက်မှ ဂျစ်တူးက ပိုးဟပ်ဝတ်စုံဝတ်မည်ဟု ထပ်ပြီးပူဆာသည်။ မိခင်ဖြစ်သူမှာ အခွံမာနှင့် ချွန်သွယ်ရှည်လျားသောခြေထောက်များပါသည့် ဝတ်စုံတစ်ခုဖြစ်အောင် ရှာကြံပြီးဖန်တီးပေးရ၏။

ကဲ. . . ဒီတစ်ခါ ပိုးဟပ်လေးကြောက်ရမည့်အလှည့်ပေါ့။ မေဖွန်ကတွေးရင်း ကြိတ်ပြုံးလိုက်သည်။ ဂျစ်တူး၏ အခန်းအတွင်းမှ ကျယ်လောင်ဆူညံသည့်သီချင်းသံကို ကြားရသည်။

မေဖွန်က မကောင်းဆိုးဝါးမျက်နှာဖုံးကို လက်နှစ်ဖက်ဖြင့်မြှောက်ကိုင်လိုက်သည်။ သူမက မျက်နှာတွင်အပ်ကာ ဖြည်းဖြည်းချင်းစွပ်လိုက်၏။

မျက်နှာဖုံးအတွင်းမှ လေထုသည်အုံ့သြဖွယ်ကောင်းလောက်အောင် နွေးထွေးနေသည်။ မကောင်းဆိုးဝါးမျက်နှာဖုံးမှာ မေဖွန်တွက်ဆထားသည်ထက်ပင်ပို၍ သူမ၏မျက်နှာနှင့် အံဝင်ခွင်ကျဖြစ်နေသေး၏။



မျက်နှာဖုံးအတွင်း၌ ရှူရှိုက်ရသောလေက သတင်းစာအဟောင်းများကို နှစ်ပေါင်းများစွာအသုံးမပြုဘဲ စွန့်ပစ်ထားရာမှ ထွက်ပေါ်လာသည့်အနံ့မျိုး. . . ။ ချဉ်စုပ်စုပ်စိုထိုင်းထိုင်းနှင့်. . . ။

မျက်လုံးပေါက်မှတဆင့် အပြင်သို့မြင်ရအောင် မေဖွန်ကမျက်နှာဖုံးကို အနည်းငယ်ဆွဲချလိုက်သည်။

ထို့နောက် သူမကမျက်နှာဖုံး၏ နဖူးနှင့်လည်ပင်းအစပ်ကို လက်ဖြင့်ဖိကပ်ရင်း သေသေသပ်သပ်ဖြစ်သွားအောင်လုပ်လိုက်၏။

ငါ့ပုံပန်းသဏ္ဍာန် ဘယ်လိုဖြစ်နေပြီလဲမသိဘူး. . . ။ မှန်ရှေ့မှာ ရပ်ပြီး ကြည့်ရင်ကောင်းမည်ဟု မေဖွန်တွေးလိုက်သည်။

မကောင်းဆိုးဝါးမျက်နှာဖုံးက အရေပြားတစ်ခုလိုမျိုး သူမ၏မျက်နှာနှင့် တစ်သားတည်းကပ်နေ၏။ မျက်နှာဖုံးအတွင်း၌ သူမ၏အသက်ရှူသံကို တရှူးရှူးနှင့် ပြန်ကြားနေရသည်။ မေဖွန်မှာ သူမနှာခေါင်းကို ဒုက္ခပေးနေသော ချဉ်စုပ်စုပ်အောက်သိုးသိုးအနံ့ဆိုးကို ကြိုးစားမေ့ပျောက်ထားလိုက်၏။

သူမ အပေါ်ထပ်သို့တက်လာစဉ် လှေကားလက်ရန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ မျက်လုံးအပေါက်ထဲမှနေ၍ လှေကားထစ်များကို မနည်းမြင်အောင်ကြည့်နေရ၏။

မေဖွန် လှေကားထစ်များကို တစ်ထစ်ချင်းဖြည်းညင်းစွာ တက်လာခဲ့သည်။

လှေကားထိပ်သို့ရောက်သောအခါ သီချင်းသံကတဖြည်းဖြည်း တိတ်သွား၏။ မေဖွန်က အပေါ်ထပ်သို့ ချွတ်နင်းဝင်လာခဲ့ပြီး ဂျစ်တူး၏အခန်းတံခါးရှေ့တွင် ရပ်လိုက်သည်။

သူမက တံခါးကိုအသာအယာဟပြီး ဂျစ်တူး၏အခန်းထဲသို့ ချောင်းကြည့်လိုက်၏။ ဂျစ်တူးမှာ မှန်ရှေ့တွင်အဝတ်အစားဝတ်နေသည်။ သူက ခေါင်းပေါ်မှဦးမှင်တံနှစ်ချောင်းကို တည့်မတ်အောင် ပြင်ဆင်နေ၏။

မေဖွန်က ဂျစ်တူးကိုလှမ်းပြီး. . .

www.burmeseclassic.com

"ဂျစ်တူး. . . မင်းခေါ်လို့ ငါလာခဲ့တာပဲ"

ထွက်ပေါ်လာသော မေဖွန့်အသံက ပုံမှန်မဟုတ်။ လေးတွဲ အက်ကွဲနေသောအသံကြီးတစ်ခုကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားရသည်။ ထိုအသံမျိုး သူမ တစ်ခါမျှမကြားဖူးချေ. . .။

"ဟင်. . ."

ဂျစ်တူးက ဇဝေဇဝါဖြင့် နောက်လှည့်ကြည့်လိုက်၏။

မေဖွန်က မကောင်းဆိုးဝါးတစ်ကောင်၏ အသံသြသြကြီးဖြင့်. . .

"ဂျစ်တူး. . . မင်းဘယ်ပြေးမလဲ"

"ဟင့်အင်း. . . မလာနဲ့. . . သွား. . . သွား"

ဂျစ်တူးကလက်နှစ်ဖက်ကို ဝေ့ယမ်းကာ သူမကိုကြောက်လန့်တကြား မောင်းထုတ်လိုက်သည်။ ပိုးဟပ်မျက်နှာဖုံးအောက်မှ သွေးဆုတ်ဖြူရော်နေသည့် ဂျစ်တူး၏မျက်နှာကို မေဖွန် ကျေနပ်စွာတွေ့မြင်နေရ၏။

သူမက ဖုတ်ကောင်တစ်ကောင်ကဲ့သို့ လက်နှစ်ဖက်ကိုတောင့်တောင့်ကြီး ဆန့်တန်းလိုက်သည်။ အခန်းထဲသို့ ဝုန်းကနဲခုန်ဝင်လိုက်၏။

"သွား. . . မလာနဲ့. . . ခင်ဗျားကြီးကဘယ်သူလဲ။ ဒီ. . . ဒီ အိမ်ထဲကို ဘယ်လိုလုပ်ရောက်လာတာလဲ"

မေဖွန့်ကိုမောင်းဒုတ်နေသော ဂျစ်တူး၏မျက်ဝန်းများက ကြောက်ရွံ့စိတ်ဖြင့် ချာချာလည်နေသည်။

အားရစရာကောင်းလိုက်တာ. . .။ ဂျစ်တူးက ငါ့ကိုမမှတ်မိပါလား။ ပြီးတော့ သူ့ကိုကြည့်ရတာ ကြောက်လွန်းလို့ သေးဖျန်းဖျန်းပါတော့မယ်ဟု မေဖွန် ကျေနပ်ပီတိဖြစ်စွာတွေးလိုက်၏။

တုန်လှုပ်ချောက်ချားစရာကောင်းလှသော မကောင်းဆိုးဝါးမျက်နှာကြီးကြောင့်လား. . .။ ကျောရိုးများကိုစိမ့်သွားစေသည့် ဝမ်းခေါင်းသံကြီးကြောင့်လား. . . မေဖွန် ဝေခွဲမရပါချေ. . .။



သို့ရာတွင် ဘာပဲဖြစ်ဖြစ် သူမအတွက်ကိစ္စမရှိပါ။ ကြောက်စရာအကောင်းဆုံးမျက်နှာဖုံးတစ်ခုကို သူမပိုင်ဆိုင်ခဲ့ရပြီ. . .။

မေဖွန်က ဝမ်းခေါင်းသံကြီးဖြင့်ထပ်ပြီး. . .

"နင့်ကိုငါမိပြီ"

သူမပါးစပ်မှ ထွက်ပေါ်လာသည့်အသံကို မေဖွန်ကိုယ်တိုင်ပြန်ကြောက်သွား၏။ ငါ့အသံမှဟုတ်ပါလေစဟုပင် သံသယဝင်မိသည်။

"ဟင့်အင်း. . . မလုပ်ပါနဲ့. . . မေမေ. . . မေမေရေ သားကို ကယ်ပါဦး"

ဂျစ်တူးကကြောက်လန့်တကြားအော်ဟစ်ရင်း နောက်သို့တရွေ့ရွေ့ဆုတ်သွား၏။ သူက သူမကိုပင်စေ့စေ့မကြည့်ရဲ. . .။ သူ့တစ်ကိုယ်လုံးက ကြောက်ရွံ့မှုကြောင့် တုန်တုန်ရီရီဖြစ်နေသည်။

"ဝါး. . . ဟား. . . ဟား. . . ဟား"

မေဖွန်စိတ်မထိန်းနိုင်တော့ဘဲ ဝါးလုံးကွဲရယ်လိုက်၏။ အက်ကွဲရှတသော ရယ်သံလေးလေးကြီးတစ်ခုကိုလဲ ကြားလိုက်ရသည်။ သူမ အရယ်တစ်ဝက်ဖြင့်. . .

"ငါပါဟဲ့ ငတိုးလေးရဲ့။ တကတည်း သူ့အလှည့်ကျတော့ ကြောက်တတ်လိုက်တာ"

"ဟင်. . . ခင်ဗျားကဘယ်သူလဲ"

ဂျစ်တူးက သူ့ကို ပြူးတိပြူးကြောင်ဖြင့် ကြည့်ရင်းမေးလိုက်၏။

မေဖွန် စိတ်မရှည်တော့ဘဲ အသံကြဲရှရှဖြင့်. . .

"နင့်အစ်မလေ. . .၊ ငါ့ရဲ့ဂျင်းဘောင်းဘီနဲ့ မိုးကာအင်္ကျီကို မမှတ်မိတော့ဘူးလား၊ ငတုံးရဲ့. . ."

"ဒါ. . . ဒါပေမဲ့. . . နင်. . . နင့်မျက်နှာကြီးက ဘယ်လိုဖြစ်. . .၊ အဲဒီမျက်နှာဖုံးက ကြောက်စရာကောင်းတယ်။ နင်နဲ့လည်း မတူဘူး မမ"

ဂျစ်တူးက မကောင်းဆိုးဝါးမျက်နှာဖုံးကို ယခုမှသေသေချာချာ ကြည့်ရင်း အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

မေဖွန်ကမျက်နှာဖုံးကို ဆွဲခွာရန် မေးဖျားအောက်သို့လက်ဖြင့် စမ်းလိုက်၏။ မျက်နှာဖုံးက တကယ့်အသားအရေအတိုင်း ပူနွေးစိုစွတ်ကာ တစ်သားတည်းဖြစ်နေသည်။

သူမက မျက်နှာဖုံးကို မျက်နှာမှဆွဲခွာလိုက်၏။ မျက်နှာဖုံးက ကျွတ်ထွက်မသွား. . .။ ကပ်မြဲအတိုင်းကပ်နေသည်။ အနည်းငယ်အားထည့်ပြီး ဆွဲခွာကြည့်၏။ မရချေ. . .။

မေဖွန် တုန်လှုပ်ချောက်ချားသွားပြီး မျက်နှာဖုံးကို နဖူးထိပ်မှ စမ်း၍ ဆွဲခွာလိုက်သည်။ မကောင်းဆိုးဝါးမျက်နှာဖုံးက ကျွတ်ပါမလာ. . .။

သူမက ထိတ်လန့်စွာဖြင့်. . .

"ဟင်. . . မျက်နှာဖုံးက ချွတ်ရခက်နေပြီ. . .။ ငါ့မျက်နှာကနေ ပြန်ခွာလို့မရတော့ဘူး"

■

## အခန်း (၁၁)

"ဒုက္ခပါပဲ. . . ဘာဖြစ်သွားတာလဲ"

မေဖွန်က မကောင်းဆိုးဝါးမျက်နှာဖုံးကို စုံကိုင်ပြီးဆွဲချွတ်ရင်း ညည်းတွားရေရွတ်လိုက်၏။

ဂျစ်တူးက ကြောက်အားလန့်အားဖြင့်. . .

"တော်ပါတော့. . . နင်ခြောက်တာနဲ့ ငါသေတော့မယ်"

"ငါ နင့်ကိုခြောက်နေတာမဟုတ်ဘူး. . . ငါ့မျက်နှာဖုံးက ချွတ်လို့မရတော့ဘူး"

"မမ မျက်နှာဖုံးချွတ်လိုက်ပါဟာ. . . နောက်မနေစမ်းပါနဲ့"

ခဲခဲယဉ်းယဉ်းကြိုးစားပြီးမှ သူမ၏လက်ချောင်းများက မျက်နှာဖုံးနှင့်မေးစေ့အောက်ရှိ အရေပြားကြားထဲသို့ ရောက်သွားသည်။

www.burmeseclassic.com

မေဖွန်က မကောင်းဆိုးဝါးမျက်နှာဖုံးကို ဆုပ်ကိုင်မိသည်နှင့်တစ်ပြိုင်နက် သူမ၏မျက်နှာပေါ်မှ ဆွဲခွာလိုက်၏။

"ဟူး. . . တော်ပါသေးရဲ့"

သူမ စိတ်သက်သာရာရစွာဖြင့် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်မိသည်။

မျက်နှာဖုံးကျွတ်ထွက်သွားစဉ် ထိတွေ့ရှုရှိုက်ရသော ပြင်ပလေထုက အေးစိမ့်ချိုမြလွန်းနေသလိုခံစားရ၏။ မေဖွန်က ဆံနွယ်များကိုခါ ယမ်းဖြန့်ချလိုက်သည်။

ထို့နောက်သူမက မကောင်းဆိုးဝါးမျက်နှာဖုံးကို ဂျစ်တူးထံသို့ ပြုံးစိစိနှင့်ပေးရင်း. . .

"ရော့. . . နင်ခဏလောက်စမ်းပြီးတပ်ကြည့်ပါလား"

ဂျစ်တူးက မျက်နှာဖုံးကိုလှမ်းမယူ. . .။ မကောင်းဆိုးဝါးမျက်နှာဖုံးမှာ ကုတင်ပေါ်သို့ လွင့်ကျသွား၏။

အတန်ကြာ ချီတုံချတုံလုပ်နေပြီးမှ ဂျစ်တူးကမျက်နှာဖုံးကို မဝံ့မရဲကိုင်ကြည့်ပြီး. . .

"ဒီလောက် ကြောက်စရာကောင်းတဲ့မျက်နှာဖုံးကို နင်ဘယ်က ရလာတာလဲဟင်. . . မမ"

သူကပြောပြောဆိုဆိုနှင့် မျက်နှာဖုံးမှဝါညစ်ညစ်အစွယ်များကို ရွံ့တွန့်တွန့်ဖြင့်တို့ကြည့်နေသည်။

မေဖွန်က နဖူးစပ်တွင်သီးနေသော ချွေးဥကလေးများကိုသုတ်ရင်း . . .

"အသစ်ဖွင့်တဲ့ အမှတ်တရပစ္စည်းဆိုင်တစ်ဆိုင်ကဝယ်လာတာ၊ အင်း မျက်နှာဖုံးစွပ်ထားရတာ တော်တော်အသက်ရှူကြပ်ပြီး ပူအိုက်တာပဲ"

"မမ. . . ငါနင့်မျက်နှာဖုံး ခဏစွပ်ကြည့်ချင်တယ်"

"ဟင့်အင်း. . . နောက်မှပဲစွပ်ကြည့်တော့. . .၊ အခု ငါသွားရတော့မယ်"



မေဖွန်က ခပ်ပြတ်ပြတ်ပြန်ဖြေလိုက်၏။ စကားအဆုံးတွင် သူမက ဂျစ်တူးကို ရယ်ကျဲကျဲဖြင့်ကြည့်ရင်း. . .

"ဒါနဲ့ နင့်ကိုကြည့်ရတာ အခုထိအကြောက်ပြေသေးပုံမရဘူး"

သူမစကားကြောင့် ဂျစ်တူးကမျက်ခုံးနှစ်ဖက်ကို ရှုံ့လိုက်သည်။ သူကမျက်နှာဖုံးကို မေဖွန့်ထံသို့ ပြန်ပစ်ပေးလိုက်ရင်း. . .

"ငါက ကြောက်ချင်ဟန်ဆောင်နေတာပါဟာ၊ ငါ့အခန်းထဲကို ဝင်လာတာ နင်မှန်း အစောကြီးကတည်းကသိသားပဲ"

"ဟား. . . ဟား. . . ဟုတ်မှလည်းလုပ်ပါ ဂျစ်တူးရယ်၊ ခုနကတော့ ကြောက်အားလန့်အားနဲ့ အရူးတစ်ယောက်လိုအော်နေပြီးတော့"

"အဲဒါ ကြောက်လို့အော်တာမဟုတ်ဘူးဟ၊ နင့်ကို အားနာလို့ ဟန်ဆောင်ပန်ဆောင်နဲ့အော်ပေးတာ"

"နောက်လည်း ဒီလိုပြောနိုင်ပါစေဟာ"

မေဖွန်က မကြားတကြားရေရွတ်ကာ ဂျစ်တူးကိုကျောခိုင်းလိုက်၏။ သူမက တံခါးဝဆီသို့ လျှောက်သွားသည်။ လက်ထဲမှမျက်နှာဖုံးကိုတော့ ကိုင်ထားလျက်. . .။

ထိုစဉ် ဂျစ်တူးက သူမနောက်မှလှမ်းခေါ်၏။

"မမ. . . နေပါဦး၊ ငါမေးစရာတစ်ခုရှိလို့၊ ခုနက မကောင်းဆိုးဝါးတစ်ကောင်လိုအသံမျိုးဖြစ်အောင် နင်ဘယ်လိုလုပ်သလဲ"

မေဖွန်က တံခါးဝတွင်ရပ်ပြီး ဂျစ်တူးကို လှည့်ကြည့်လိုက်သည်။ ဂျစ်တူး၏မေးခွန်းကြောင့် သူမလည်း ဇဝေဇဝါဖြစ်သွားပြီး မျက်နှာပေါ်မှအပြုံးပင် အနည်းငယ်မှိန်ဖျော့သွား၏။

ဂျစ်တူးက သိလိုစိတ်ပြင်းပြစွာဖြင့်. . .

"နင် ငါ့ကိုခြောက်တဲ့အချိန်မှာ အဲဒီမိစ္ဆာသံကြီးက ကြောက်စရာအကောင်းဆုံးပဲသိလား။ မမ. . . ပြောပြလေ. . . အဲဒီလိုဖြစ်အောင် နင် ဘယ်လိုလုပ်တာလဲလို့. . ."

"သူ့ဟာသူ ဒီလိုပဲဖြစ်သွားတာ။ ငါလည်း သေချာမသိဘူး။

www.burmeseclassic.com

တကာယ်ပြောတာ. . ."

မေဇွန် သူမ၏အိပ်ခန်းထဲသို့ရောက်သောအခါ ခုနကကိစ္စကို စဉ်းစားပြီး အားရကျေနပ်စွာပြုံးလိုက်သည်။ မကောင်းဆိုးဝါးမျက်နှာဖုံးကို စမ်းသပ်မှုမှာ အကြွင်းမဲ့အောင်မြင်၏။ သူမ မျှော်လင့်ထားသည့်အတိုင်း ကြောက်ရွံ့မှုကိုအပြည့်အဝ ပေးနိုင်စွမ်းရှိသည်။

ဂျစ်တူးက သူကြောက်သွားသည်ဟု အမှန်အတိုင်းဝန်မခံ. . .။ သို့ရာတွင် သူမ မျက်ဝါးထင်ထင်မြင်တွေ့ရသော ဂျစ်တူး၏ကြောက်လန့်မှုက ဖုံးမရဖိမရအောင် ပေါ်လွင်နေ၏။

ကဲ. . . ဘုရားသိကြားသာတနေကြပေတော့ မျိုးခိုင်နဲ့ဖေယျာရေ။ ဒီတစ်ခါ နင်တို့နှစ်ယောက်ရဲ့အလှည့်ပဲ. . .။

မေဇွန်ကစိတ်ထဲမှကြုံးဝါးရင်း ကုတင်ဘေးမှစားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ သီရိအိမ်တွင် သူငယ်ချင်းများနှင့်တွေ့ဆုံရန် သူမအတွက် မိနစ်အနည်းငယ်မျှသာလိုတော့၏။

သို့ရာတွင် သည်အချိန်ပိုင်းလေးမှာ မျိုးခိုင်တို့ လိပ်ပြာလွင့်စင်မတတ်ကြောက်သွားအောင် ခြောက်လှန့်နိုင်မည့်နည်းလမ်းများ စဉ်းစားရန် ကောင်းစွာလုံလောက်သည်။

ငါ. . . သူတို့ရဲ့ ရှေ့မှာ ဘွားကနဲကိုယ်ထင်ပြပြီးမခြောက်ဘူး။ ဒီနည်းလမ်းကရိုးလွန်းတယ်။ မေဇွန်က မကောင်းဆိုးဝါးမျက်နှာဖုံး၏အစွယ်များကို လက်ဖြင့်တို့ထိရင်းစဉ်းစားနေ၏။

ဒီကိစ္စကို သူတို့အမြဲတမ်းအမှတ်ရနေအောင် ခြောက်လှန့်ရမှာ. . .။

သူတို့ရဲ့စိတ်ထဲမှာ စွဲပြီးကျန်ရစ်ခဲ့စေရမယ်. . .။

တွေးနေရင်း မေဇွန့်ခေါင်းထဲသို့ အကြံတစ်ခုဖျတ်ကနဲ ဝင်ရောက်လာလေသည်။

■

## အခန်း (၁၂)

မေဇွန်က အခန်းထောင့်တွင်ထောင်ထားသော တံမြက်စည်းတံကို လှမ်းယူလိုက်၏။ တံမြက်စည်းရိုးတံပေါ်မှ ဖုန်နှင့်ပင့်ကူမျှင်များကို သူမ သေသေချာချာ သုတ်သင်ရှင်းလင်းလိုက်သည်။

ငါလိုချင်တာနဲ့အံကိုက်ပဲဟု သူမ တွေးလိုက်၏။

ထို့နောက် မေမေ မီးဖိုချောင်ထဲမှာရှိသေးရဲ့လားဟု သေသေချာချာသိရအောင် ပြေးပြီးချောင်းကြည့်လိုက်သေးသည်။ သူမ ယခုလုပ်မည့်ကိစ္စကို မေမေသိပါက လုံးဝသဘောတူလိမ့်မည်မဟုတ်. . .။ ထို့ပြင် မေမေ့စိတ်ထဲ၌ မေဇွန်က ဘဲရုပ်ဝတ်စုံဝတ်ဆင်လိမ့်မည်ဟုသာ ထင်နေဆဲရှိသေး၏။

ညှော်ခန်းထဲသို့ မေဇွန် ခြေဖျားထောက်ပြီး ချွတ်နင်းဝင်လာခဲ့

www.burmeseclassic.com

သည်။

သူမက ရုပ်တုတင်ထားသည့်စင်ရှိရာသို့ လျှောက်သွား၏။ မိခင်ဖြစ်သူ ပြုလုပ်ပေးထားသည့် သူမ၏ပုံတူ ပလာစတာရုပ်တုကို မေဖွန်လှမ်းယူလိုက်သည်။

လက်ထဲသို့ ရုပ်တုရောက်လာသောအခါ ဒီဟာက ငါနဲ့တထေရာတည်းတူတာပဲဟု မေဖွန်တွေးလိုက်မိ၏။ ပလာစတာပုံရုပ်တုကို ကိုင်ပြီး မေဖွန် သေသေချာချာအကဲခတ်ကြည့်ရှုလိုက်သည်။

မေမေက တကယ်တော်တာပဲ. . .။ အရွယ်အစားရော ပုံစံပါ ငါနဲ့ခွဲမရအောင်တူတဲ့ ရုပ်တုတစ်ခုကိုလုပ်နိုင်တယ်. . .။

မေဖွန်က ရုပ်တုကို တံမြက်စည်းတံထိပ်တွင် သေသေချာချာ ဂရုတစိုက်နှင့်စွပ်လိုက်၏။ သူမ လိုချင်သည့်ပုံစံအတိုင်း ရုပ်တုက တံမြက်စည်းတံနှင့် ကွက်တိဖြစ်သွားသည်။

ညှိခန်းထဲမှအထွက်တွင် ပြတင်းပေါက်မှန်ပေါ်တွင် ထင်ဟပ်နေသည့် သူမ၏ပုံရိပ်ကို လှမ်းမြင်လိုက်ရ၏။ မှန်ထဲတွင် မြင်နေရသော ပုံရိပ်က သူမ၏ဦးခေါင်းကို တံမြက်စည်းတံထိပ်တွင်တင်ပြီး လျှောက်လာသည်နှင့်တူနေသည်။ မေဖွန်ကြည့်ပြီး သဘောကျသွား၏။ သူမအားရပါးရပြုံးလိုက်မိသည်။ ပျော်ရွှင်မှုကြောင့် သူမ၏မျက်ဝန်းများက တလက်လက်တောက်ပလာကြ၏။

အကောင်းဆုံးအခြေအနေပဲ. . .။

မေဖွန်က ပုံတူရုပ်တုစွပ်ထားသည့် တံမြက်စည်းတံကို နံရံတွင်မှီပြီးထောင်ထားလိုက်သည်။

သူမ မကောင်းဆိုးဝါးမျက်နှာဖုံးကို စွပ်လိုက်၏။ မျက်နှာဖုံးစွပ်လိုက်စဉ် ချဉ်စုပ်စုပ်အောက်သိုးသိုးအနံ့တစ်ခုက မေဖွန့်နှာခေါင်းထဲသို့ ဝင်လာပြန်သည်။

မျက်နှာဖုံးက စွပ်ပြီးသွားသောအခါ သူမမျက်နှာအရေပြားနှင့် တစ်သားတည်းဖြစ်သွား၏။

မေဖွန် မှန်ရှေ့ရပ်ပြီးကြည့်လိုက်စဉ် သူမကိုယ်သူမ ပြန်လန့်



သွားသည်။

တကယ့် မကောင်းဆိုးဝါးတစ်ကောင်ရဲ့ မျက်နှာအတိုင်းပါပဲလားဟု သူမတွေးဖြစ်သည်။ မျက်စိပေါက်နှစ်ခုမှမြင်နေရသော သူမ၏မျက်လုံးများပင် ကြောက်စရာကောင်းနေသည်ဟုထင်ရ၏။

မေဖွန် ပါးစပ်ဖွင့်လိုက်ပိတ်လိုက်လုပ်သည့်အခါတွင်လည်း တကယ့်ပါးစပ်နှင့် တူလှသည်။

သူမကြည့်နေရင်း မျက်နှာဖုံးတစ်ခုဟုမထင်ရ။ ရုပ်ပျက်ဆင်းပျက်နိုင်လှသော မကောင်းဆိုးဝါးတစ်ကောင်၏မျက်နှာကို မြင်တွေ့နေရသလို ထင်လာမိ၏။

ဆိုင်ပိုင်ရှင်က သူမအား မရောင်းချင်ရောင်းချင်နှင့် ရောင်းလိုက်သည်ကိုလည်း ပြန်အမှတ်ရလာသည်။ ဆိုင်ရှင်ပြောခဲ့သည့်အတိုင်းပင် မျက်နှာဖုံးမှာ မေဖွန် မြင်တွေ့ဖူးသမျှထဲတွင် အသက်အဝင်ဆုံး၊ ကြောက်စရာအကောင်းဆုံးနှင့် အရုပ်အဆိုးဆုံးဖြစ်၏။

ဒီညတော့ တစ်ရပ်ကွက်လုံးကို လိုက်ခြောက်ရမည်ဟု မေဖွန်တက်တက်ကြွကြွတွေးမိသည်။ မှန်ထဲတွင်မြင်နေရသော သူမ၏မကောင်းဆိုးဝါးပုံရိပ်ကိုလည်း တစိမ့်စိမ့်ကြည့်ပြီးသဘောကျနေ၏။

"အူး. . . ဟူး. . ဟူး. . ."

မေဖွန်က လေသံတိုးတိုးဖြင့် ရေရွတ်ကြည့်သည်။ မကောင်းဆိုးဝါးကောင်တစ်ကောင်၏အသံကြီးကို ကြားလိုက်ရသဖြင့် ကျေနပ်သွား၏။

"အဆင်သင့်ပဲ. . . ငါလာပြီဟေ့. . ."

သူမက ပုံတူရုပ်တုတပ်ထားသည့်တံမြက်စည်းတံကို ဂရုတစိုက်လှမ်းယူလိုက်သည်။

တံခါးဝဆီသို့ သူမခြေလှမ်းပြင်လိုက်၏။ လက်ထဲတွင်တော့ တံမြက်စည်းတံကို ကိုင်လျက်သား. . .။

ထို့နောက် ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် အိမ်အပြင်သို့ မေဖွန်ထွက်လာခဲ့လေသည်။

■

www.burmeseclassic.com

## အခန်း (၁၃)

သီရိတို့အိမ်ဆီသို့ မေဗွန်လျှောက်လာရင်း သူငယ်ချင်းများအကြောင်းကို စဉ်းစားလာမိ၏။

မျိုးခိုင်နှင့်ဖေယျာမှာ သရဲပွဲတော်နေ့ရောက်တိုင်း သူမကိုခြောက်လှန့်လေ့ရှိသည်။ မေဗွန်၏ ကြောက်ကြောက်လန့်လန့်နှင့်အော်သံကို အရသာခံပြီးနားထောင်ရင်း မျိုးခိုင်တို့က တဝါးဝါးတဟားဟားရယ်မဆုံးခဲ့. . .။

ဒီတစ်နှစ်တော့ ငါကကြောက်ပြီး အော်ရမယ့်သူမဟုတ်တော့ဘူး။ လူတွေကိုကြောက်အောင် ခြောက်လှန့်ရမယ့်သူဖြစ်သွားပြီဟု မေဗွန်တွေးမိ၏။

သီရိတို့အိမ်မှာ လမ်းထောင့်ချိုးအစွန်၌တည်ရှိသည်။ မေဗွန်



ခပ်သွက်သွက်လျှောက်လာခဲ့၏။ သူမဦးခေါင်းထက်မှ သစ်ကိုင်းကြီးများက လေတိုက်တိုင်း တစ္ဆေတစ်ကောင်၏လက်များလို ယိမ်းထိုးလှုပ်ခါသွားကြသည်။

လမင်းက ညိုညစ်မည်းမှောင်သော တိမ်တိုက်များ၏နောက်ကွယ်တွင်ပုန်းခိုနေ၏။ ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မပီပိုးတဝါးဖြစ်နေသည်။

သူမ၏ခြေလှမ်းများ မြန်ဆန်လွန်းသဖြင့် ပုံတူရုပ်တုက တံမြက်စည်းထိပ်မှ ပြုတ်ကျတော့မလိုဖြစ်သွား၏။ မေဗွန်က ခြေလှမ်းအရှိန်လျှော့လိုက်သည်။

မေဗွန်က တံမြက်စည်းရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း ပုံတူရုပ်တုကို ကြည့်လိုက်သည်။

ရုပ်တု၏မျက်လုံးများက ရှေ့တူရူသို့သာ စိုက်ကြည့်နေ၏။ မသဲကွဲသောအမှောင်ထဲတွင် ရုပ်တုမှာ တကယ့်လူခေါင်းပြတ်နှင့် တူလှသည်။ သစ်ပင်များအောက်မှဖြတ်လျှောက်လာစဉ် အရိပ်များက ခေါင်းပြတ်ရုပ်တုပေါ်မှ ဖြတ်သန်းရွေ့လျားသွားကြ၏။

မေဗွန် ညာဘက်လမ်းချိုးသို့ကွေ့လိုက်စဉ် ရယ်သံအချို့ လေထဲတွင်ပျံ့လာသည်။ လမ်းတစ်ဖက်သို့ကူးလိုက်သောအခါ သီရိ၏အိမ်သို့ရောက်လာသည်။

မေဗွန်က အိမ်ရှေ့လှေကားတစ်ထစ်ကိုလှမ်းတက်ရင်း ဖြာကျနေသော ဆင်ဝင်မီးအလင်းရောင်အောက်တွင် ရပ်လိုက်၏။ အိမ်ထဲမှ သီရိက မိခင်ဖြစ်သူအား တစ်စုံတစ်ရာကိုအော်ပြောနေသံ၊ တီဗွီမှ ကိုရီးယားဇာတ်လမ်းတွဲ၏အသံ စသည့်အသံဗလံများကို ကြားနေရသည်။

မကောင်းဆိုးဝါးမျက်နှာဖုံးကို ချပ်ချပ်ရပ်ရပ်ဖြစ်သွားအောင် မေဗွန်ပြင်ဆင်လိုက်၏။ ချွန်မြိုထက်မြနေသော အစွယ်များနှင့်ပါးစပ်ကို တစ်ချက်ဟကြည့်လိုက်သည်။ သူမက ခေါင်းပြတ်ရုပ်တုအား တံမြက်စည်းတံပေါ်တွင် သေသေချာချာတပ်လိုက်၏။

www.burmeseclassic.com

ထို့နောက် သီရိကိုခေါ်ရန် လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်။ သို့ရာတွင် သူမ၏လက်များက ဖြုန်းစားကြီးရပ်သွား၏။

သူမ နောက်ကျောဘက်မှစကားသံအချို့ကို ကြားလိုက်ရသောကြောင့်ပင်။

မေဖွန် အမှောင်ထဲသို့ နောက်ပြန်လှည့်ကြည့်လိုက်သည်။ တစ်ယောက်ပုခုံးကို တစ်ယောက်တွန်းထိုးရင်း လျှောက်လာသည့် လူငယ်နှစ်ယောက်ကို တွေ့ရ၏။

မျိုးခိုင်နှင့် ဇေယျာ. . .။ သူတို့ရောက်လာကြလေပြီ. . .။

တော်ပါသေးရဲ့. . .ငါ သူတို့နှစ်ယောက်ထက် လက်မတင်လေးစောပြီး ကြိုရောက်နေလို့ဟု မေဖွန် တွေးရင်းပျော်သွားသည်။

သူမက လှေကားထစ်မှ ကပျာကယာပြန်ဆင်းပြီး ပန်းခြုံတစ်ခု၏နောက်တွင် ကွယ်နေလိုက်၏။

နင်တို့နှစ်ယောက်နဲ့ ငါတွေ့ကြပြီပေါ့ဟာ။ သူမ၏ ရင်ခုန်သံတွေမြန်ဆန်လာသော်လည်း ခြောက်လှန့်ရန် အဆင်သင့်ဖြစ်နေလေပြီ။

## အခန်း (၁၄)

မေဖွန်က ပန်းခြုံအကွယ်မှနေ၍ လှမ်းကြည့်လိုက်၏။ မျိုးခိုင်နှင့် ဇေယျာမှာ သီရိ၏အိမ်နှင့် တဖြည်းဖြည်းနီးကပ်လာသည်။

အလင်းရောင်က မှုန်တိမှုန်ဝါးဖြစ်နေသောကြောင့် မျိုးခိုင်တို့၏ဝတ်စုံများကို သဲသဲကွဲကွဲမမြင်ရ။ သူတို့ အထဲမှတစ်ယောက်က ပင်လယ်ဓားပြကဲ့သို့ ကုတ်အင်္ကျီရှည်ကြီးကိုဝတ်လာ၏။ အခြားတစ်ယောက်၏ အဝတ်အစားကိုတော့ သေသေချာချာမတွေ့ရချေ. . .။

မေဖွန် အသက်ကိုဝအောင်ရှူသွင်းပြီး သူတို့ရှေ့သို့ခုန်ထွက်ခြောက်လှန့်ရန်ပြင်ဆင်ထားသည်။ လက်ထဲမှ တံမြက်စည်းတံကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထား၏။

ဟင်. . .ငါတစ်ကိုယ်လုံး တုန်ယင်နေပါလားဟု သူမ သတိ

www.burmeseclassic.com

ထားမိသည်။ မကောင်းဆိုးဝါးမျက်နှာဖုံးကလည်း အနည်းငယ်ပူနွေးလာသလိုပင်။ စိတ်လှုပ်ရှားသဖြင့် သွေးလည်ပတ်မှုမြန်ဆန်ပူနွေးလာသောကြောင့်လား မပြောတတ်ပါ။

မျက်နှာဖုံးအတွင်းမှ သူမ၏အသက်ရှူသံကြီးကို သူမပြန်ကြားနေရ၏။

မျိုးခိုင်တို့ကတော့ သူတို့၏ကံကြမ္မာကို ကြိုသိပုံမရသေး. . .။ တစ်ယောက်နှင့်တစ်ယောက် ပုခုံးချင်းတိုက်ကာ လျှောက်လာနေကြသည်။ တဖြည်းဖြည်း သီရိ၏အိမ်နှင့် ပိုမိုနီးကပ်လာ၏။

ထိုစဉ် တစ်ယောက်က ကျန်တစ်ယောက်အား တစ်စုံတစ်ခုကို ရယ်ရယ်မောမောပြောလိုက်သည်။ ကျန်တစ်ယောက်က သဘောကျစွာဖြင့် ကျယ်လောင်စွာအော်ရယ်နေ၏။

မျိုးခိုင်နှင့်ဇေယျာတို့ ပန်းခြံရှေ့နားသို့ရောက်လာသည်အထိ စိတ်ရှည်လက်ရှည်နှင့် သူမစောင့်ဆိုင်းနေမိသည်။

ကဲ. . .အချိန်ကျပြီ။ သူမစိတ်ထဲမှ တိုးတိတ်စွာသတ်မှတ်လိုက်၏။

ရုပ်တုစွပ်ထားသည့် တံမြက်စည်းတံကို ကိုင်မြှောက်ရင်း ပန်းခြံအကွယ်မှ သူမ ဘွားကနဲခုန်ထွက်လိုက်သည်။

ပထမတော့ လူငယ်နှစ်ယောက်လုံး ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ ထို့နောက် နှစ်ယောက်စလုံး ငယ်သံပါအောင်အော်လိုက်ကြသည်။

"အား"

"အား"

သူတို့နှစ်ယောက်၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်ပြီး ချာချာလည်သွားသည်ကို မေဗွန် မျက်နှာဖုံးအောက်မှ လှမ်းမြင်နေရ၏။

သူမက ရက်စက်ကြမ်းကြုတ်စွာမြည်ဟိန်းလိုက်သည်။ ထွက်ပေါ်လာသော အသံကြီးက သူမကိုယ်တိုင်ပင် ကျောချမ်းချင်စရာ. . .။

သွေးပျက်ဖွယ်အော်သံကြီး၏အဆုံးတွင် ကောင်လေးနှစ်ယောက်



စလုံး ငယ်သံပါအောင်အော်လိုက်ကြပြန်၏။ သူတို့ထဲမှတစ်ယောက်က ဒူးများပင်ခွေညွတ်လဲကျလုမတတ်. . .။

ကောင်လေးနှစ်ယောက်က တံမြက်စည်းတံထိပ်မှ မေဗွန့်ပုံတူရုပ်တုကိုလည်း ပါးစပ်အဟောင်းသားဖြင့် ငေးနေကြသည်။ ရုပ်တုကလည်းသူတို့ကို စိန်းစိန်းခါးခါးပြန်လည်စိုက်ကြည့်နေ၏။

နောက်ထပ်ချောက်ချားစရာကောင်းသော မြည်ဟိန်းသံကြီးက မေဗွန့်ပါးစပ်မှ ထွက်လာသည်။ ထိုမြည်ဟိန်းသံက အနည်းငယ်တိုးဖျော့ပြီး ဟိုးအဝေးတစ်နေရာမှ လွင့်မျောလာသလိုထင်ရ၏။ သားရဲတိရိစ္ဆာန်တစ်ကောင်က ဒေါသတကြီးမာန်ဖီလိုက်သလိုမျိုး. . .။

ကောင်လေးတစ်ယောက်က တုန်လှုပ်ချောက်ချားစွာဖြင့် . . .

"မလုပ်ပါနဲ့"

ကျန်တစ်ယောက်ကလည်း ကြောက်ကြောက်လန့်လန့်ဖြင့်. . .

"ခင်. . .ခင်ဗျား ဘယ်သူလဲ၊ ကျွန်တော်တို့ကို လာမခြောက်ပါနဲ့"

လမ်းပေါ်မှ သစ်ရွက်ခြောက်များကိုဖြတ်သန်းကာ အပြေးတစ်ပိုင်းလျှောက်လာသောခြေသံများကို မေဗွန်ကြားရသည်။

လှမ်းကြည့်လိုက်စဉ် မပြေးရုံတမယ်ခြေလှမ်းများဖြင့် မိန်းမတစ်ယောက်လျှောက်လာ၏။

ထိုမိန်းမက မေဗွန့်အား ဒေါနှင့်မောနှင့်ရန်တွေ့လိုက်သည်။

"ဟဲ့. . .နင် ဒီမှာဘာလုပ်နေတာလဲ၊ ဘာဖြစ်လို့ ငါ့သားနှစ်ယောက်ကိုခြောက်လှန့်နေရတာတုန်း"

"ဟမ်. . .ဘာ. . .ဘယ်လို"

မေဗွန် ဇဝေဇဝါဖြစ်သွားပြီး တံတွေးတစ်ချက်မျိုချလိုက်၏။ သူမ၏အကြည့်က တုန်လှုပ်ချောက်ချားနေသော လူငယ်နှစ်ယောက်ထံသို့ ရောက်ရှိသွားသည်။ သူမက နားမလည်နိုင်စွာဖြင့် . . .

"နေပါဦး. . .ဘယ်လိုဖြစ်သွားရတာလဲ"

ကောင်လေးနှစ်ယောက်၏ မိခင်ဖြစ်သူကဒေါသတကြီးနှင့်. . .

www.burmeseclassic.com

"ငါ့သားနှစ်ယောက်ကို နင်ဘာဖြစ်လို့ခြောက်ရတာလဲ. . ."

စကားအဆုံးတွင် ထိုမိန်းမက သူ့သားနှစ်ယောက်၏ဘေးတွင် ဝင်ရပ်ရင်း. . .

"သားတို့နှစ်ယောက်ကော ဘာဖြစ်သွားကြသေးလဲ"

"ဘာမှမဖြစ်ပါဘူးအမေ"

ပင်လယ်ဓားပြဝတ်စုံနှင့်ကောင်လေးက ပြန်ဖြေလိုက်၏။ ကျန်တစ်ယောက်မှာ ဂျိုကာတစ်ယောက်လို မျက်နှာတစ်ခုလုံး ဖြူဖွေးနေအောင် မိတ်ကပ်များခြယ်ထားပြီး ရာဘာဘုသီးနီနီကြီးကို နှာခေါင်းထိပ်တွင်တပ်ထားသည်။ သူက မေဇွန်နှင့် မျက်လုံးချင်းမဆိုင်ရဲဘဲ အမေ ဖြစ်သူအား. . .

"အမေ. . . သူ. . . သူက ကျွန်တော်တို့ရှေ့ကို ဘွားကနဲခုန်ထွက်ပြီး လာခြောက်တယ်"

ဒေါသခြောင်းခြောင်းထွက်နေသော မိန်းမက မေဇွန့်ကို စူးစူးရဲရဲကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးရင်း. . .

"ဘာဖြစ်လို့ ကိုယ့်ထက်ငယ်တဲ့သူနှစ်ယောက်ကို ခြောက်လှန့်ရတာလဲ၊ နင်နဲ့ သက်တူရွယ်တူတွေကိုရှာပြီး ခြောက်ပါတော့လား"

ယခင်စိတ်နှင့်ဆိုလျှင် ကလေးအမေကို မေဇွန်တောင်းပန်မိလိမ့်မည်။ သူမမှားသွားကြောင်းနှင့် ထိုမိန်းမ၏သားနှစ်ယောက်ကို ခြောက်လှန့်ဖို့မရည်ရွယ်ကြောင်း ရှင်းပြမိလိမ့်မည်။

သို့ရာတွင် မေဇွန်၏ပါးစပ်မှ မိစ္ဆာဆန်ဆန် မာန်ဖီသံကြီးထွက်လာပြီးနောက် သူမ၏စိတ်များပြောင်းလဲသွား၏။ တောင်းပန်ဖို့စိတ်ကူးများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

နူးညံ့သောသူ၏စိတ်များနေရာတွင် ကြမ်းတမ်းခက်ထန်သော ဒေါသစိတ်ရိုင်းများ အစားထိုးဝင်ရောက်လာ၏။ ဘာကြောင့်မှန်းတော့ မေဇွန်မသိပါ။

"ထွက်သွားကြစမ်း"

မေဇွန်က လက်ထဲမှတံမြက်စည်းတံကို ခက်ထန်စွာဝှေ့ယမ်း



ရင်း အော်လိုက်သည်။ ဦးခေါင်းပြတ်ရုပ်တုမှ မျက်လုံးများက ကောင်လေးတစ်ယောက်ကို မမိုတ်မသုန် စိုက်ကြည့်နေသည့်အလား. . .။

မိန်းမကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် . . .

"ညည်းဘယ်လိုပြောလိုက်တာလဲ"

ဒေါသစိတ်ကြောင့်လား ကြောက်စိတ်ကြောင့်ပဲလား မသိ။ ထိုမိန်းမ၏တစ်ကိုယ်လုံး နတ်ကျသလိုတုန်ယင်နေ၏။

"ထွက်သွားကြစမ်းလို့ ပြောနေတယ်လေ"

မေဇွန်က ရှူးရှူးရှားရှားဖြင့် ထပ်ပြောလိုက်သည်။ ထွက်ပေါ်လာသော ဝမ်းခေါင်းသံကြီးက တုန်လှုပ်ချောက်ချားဖွယ်အတိ. . .။

ကလေးအမေက လက်နှစ်ဖက်ကိုပိုက်လိုက်၏။ သူက မေဇွန့်ကို မျက်လုံးများမှေးစင်း၍ကြည့်ရင်း . . .

"နေပါဦး. . . နင်ကဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီနားတဝိုက်မှာပဲနေတာလား"

"ထားလိုက်ပါ အမေရာ၊ သွားကြရအောင်"

ဂျိုကာမျက်နှာနှင့်ကောင်လေးက ပြောပြောဆိုဆိုနှင့် သူ့အမေကိုအတင်းဆွဲခေါ်နေသည်။ သူ့ကိုကြည့်ရသည်မှာ ကြောက်ရွံ့နေပုံရှိ၏။

ပင်လယ်ဓားပြဝတ်စုံနှင့်ကောင်လေးကလည်း . . .

"ဟုတ်တယ် အမေရာ၊ တော်ပါတော့၊ သွားကြရအောင်နော်"

"အေး. . . ထွက်သွားကြစမ်း၊ ငါ သတိပေးနေတယ်နော်"

မေဇွန်က ထပ်မံဟိန်းဟောက်လိုက်သည်။

ထိုမိန်းမကတော့ လက်နှစ်ဖက်ကိုပိုက်ထားဆဲ။ သူက မေဇွန့်ကို မျက်မှောင်ကြုတ်ပြီးကြည့်ရင်း . . .

"ဒီနေ့ သရဲပွဲတော်နေ့ဆိုပြီး ထင်တိုင်းကြဲနေလို့မရဘူး"

"လာပါအမေရာ၊ တော်ကြာ အိမ်ပြန်မရောက်ဘဲနေဦးမယ်"

"ဟုတ်တယ်၊ အိမ်ပြန်ကြမယ် အမေ"

ကောင်လေးနှစ်ယောက်က တစ်ယောက်တစ်ပေါက်နှင့်ပြောနေ

www.burmeseclassic.com

စဉ် မေဖွန်၏အသက်ရှူသံ ကျယ်လောင်လာ၏။ သူမအသက်ရှူသံက ဖားဖိုထိုးသလို ရှူးရှဲရှူးရှဲနှင့်မြည်လာသည်။ တစ်ချက်တစ်ချက် နှာမှုတ်သံကလည်းပြင်းထန်လှ၏။

မေဖွန်မှာ သူမကိုယ်သူမ နားမလည်နိုင်လောက်အောင် အံ့အားသင့်နေသည်။

တဖြည်းဖြည်းဒေါသစိတ်ရိုင်းများက ဒီရေလိုတရိပ်ရိပ်တက်လာကြောင်း သူမသတိထားမိ၏။ မျက်နှာဖုံးအတွင်း၌ အသက်ရှူသံကြီးက တရှူးရှူးတရှဲရှဲနှင့် ကျယ်လောင်လာသည်။ သူမ၏မျက်နှာကလည်း တငွေ့ငွေ့ပူနွေးလာ၏။

ဒေါသတရားလွှမ်းခြုံခြင်းခံထားရသော ရင်တစ်ခုလုံး တင်းကြပ်နေသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်ယင်လျှက်. . .။ သူမကိုကြည့်ရသည်မှာ ပေါက်ကွဲလုလု ခဲယမ်းအိုးတစ်လုံးနှင့်တူလာ၏။ ကြာပါတယ်၊ ဒီမိန်းမကို ငါ တစ်စစီဆွဲဖြဲပစ်လိုက်တော့မယ်ဟု မေဖွန် စိတ်ပိုင်းဖြတ်လိုက်သည်။

■

## အခန်း (၁၅)

သူ့ကိုငါ အစိမ်းလိုက်ဝါးစားပစ်မယ်။ တစ်ကိုယ်လုံးမှာရှိသမျှ အရိုးတွေကိုလည်း အပိုင်းပိုင်းချိုးပစ်မယ်။

ဒေါသထွက်နေသည့် ရက်စက်ကြမ်းကြုတ်သောအတွေးများက မေဖွန့်အာရုံထဲတွင် တစ်ခုပြီးတစ်ခုပေါ်လာ၏။

သူမက တစ်ကိုယ်လုံးရှိ ကြွက်သားများ၏အင်အားကိုစုစည်းပြီး ပုခုံးနှစ်ဖက်ကိုနှိမ့်လိုက်သည်။ ထို့နောက် ခုန်အုပ်ရန် အဆင်သင့်ပြင်လိုက်သည်။

သို့ရာတွင် မေဖွန်မလှုပ်ရှားရသေးခင် ကောင်လေးနှစ်ယောက်က သူတို့အမေကို ဆွဲခေါ်သွားကြသည်။

"လာ. . . သွားကြပါစို့ အမေ"

www.burmeseclassic.com

''အမေ၊ လာပါ. . . ဒီမိန်းမက ရူးနေတာ''

ဟုတ်တယ်. . . ငါရူးနေပြီ. . . ရူးနေပြီ. . . ရူးနေပြီ။ ထိုစကားလုံးများက သူမစိတ်ထဲတွင် ကျယ်လောင်စွာ ပဲ့တင်ထပ်မြည်ဟီးပြီး ကျန်ခဲ့၏။ မေဇွန့်မျက်နှာပေါ်မှ မကောင်းဆိုးဝါးမျက်နှာဖုံးကလည်း သရဲစီးနေသည့်အလား တင်းကြပ်သထက်တင်းကြပ်လာသည်။

ကလေးအမေက မေဇွန့်အား အေးစက်စွာတစ်ချက်လှည့်ကြည့်၏။ ထို့နောက် သူက မေဇွန့်ကိုကျောခိုင်းပြီး လမ်းကလေးအတိုင်း သားနှစ်ယောက်နှင့်အတူ တရွေ့ရွေ့ပျောက်ကွယ်သွားသည်။

မေဇွန်က သားအမိသုံးယောက်ကို မမှိတ်မသုန်စိုက်ကြည့်ရင်း မီးရထားစက်ခေါင်းကြီးတစ်ခုလို အသက်ကိုပြင်းစွာရှူနေမိ၏။ သူတို့သုံးယောက်နောက်သို့ ပြေးလိုက်သွားချင်စိတ်များလည်း တဖွားဖွားပေါ်ပေါက်လာသည်။ နောက်မှလိုက်ပြီး သူတို့ လိပ်ပြာလွင့်သွားအောင် ခြောက်လှန့်ချင်နေမိ၏။ ထိုစဉ် . . .

''အား''

ကျယ်လောင်သော အော်သံတစ်ခုကြောင့် မေဇွန်ကခြေလှမ်းများကို အရှိန်သတ်လိုက်သည်။ အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

သီရိမှာ အိမ်ရှေ့လှေကားထစ်ပေါ်တွင် ရပ်နေသည်။ သူမမှာ တုန်တုန်ရီရီဖြစ်နေသောကြောင့် တံခါးဘောင်ကို ကိုယ်ဖြင့်မှီထားရ၏။ သူမနှုတ်ခမ်းပါးလေးက ဝလုံးတစ်လုံးလို ဝိုင်းစက်ကာဟောင်းလောင်းဟလျက်. . .။

သီရိက ကြောင်ရိုင်းမကဲ့သို့ ဝတ်ဆင်ထားသည်။ ငွေရောင်မျက်နှာဖုံးနှင့် ငွေရောင်ဝတ်စုံက သူမကိုယ်ခန္ဓာနှင့် ကွက်တိဖြစ်နေ၏။ ဖြောင့်စင်းနက်မှောင်သော ဆံကေသာများကိုမူ သီရိကသေသပ်စွာ စည်းနှောင်ထားသည်။

သီရိ၏ မျက်ဝန်းအစုံက မေဇွန့်ကိုမမှိတ်မသုန် စိုက်ကြည့်နေ၏။



မေဇွန်က သီရိအနားသို့တိုးသွားပြီး . . .

''နင် ငါ့ကို မမှတ်မိတော့ဘူးလား''

သီရိ၏မျက်ဝန်းထဲတွင် ဖြတ်သန်းနေသော ကြောက်ရွံ့မှုအငွေ့အသက်များကို မေဇွန် အထင်းသားတွေ့မြင်နေရသည်။ တံခါးဘောင်ကို သီရိက မလွှတ်တမ်းဆုပ်ကိုင်ထားရင်း ရပ်နေ၏။

မေဇွန်က သီရိမှတ်မိစေရန် ပုံတူရုပ်တုနှင့် တံမြက်စည်းရိုးတံကို ဝှေ့ယမ်းပြရင်း. . .

''သီရိ. . . ဟဲ့. . . ငါလေဟာ. . . ငါပါဟ''

မေဇွန် မျှော်လင့်ထားသည့်အတိုင်း သီရိက ပုံတူရုပ်တုကို သတိထားမိသွားသည်။ သီရိက အလန့်တကြားဖြင့် ပါးစပ်ကိုလက်ဖြင့် အုပ်ရင်း အထစ်ထစ်အငေါ့ငေါ့ဖြင့်. . .

''မေ. . . မေဇွန်. . . နင်. . . နင်လားဟင်''

သီရိ၏ မျက်ဝန်းများက မေဇွန်၏ မကောင်းဆိုးဝါးမျက်နှာဖုံးကိုတလှည့် ပုံတူရုပ်တုကိုတလှည့် ဝေခွဲမရဟန်ဖြင့်ကြည့်နေ၏။

သီရိက အယောင်ယောင်အမှားမှားဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

မေဇွန်က စချင်လာသဖြင့် ဝမ်းခေါင်းသံကြီးနှင့်. . .

''ဟဲ့. . . သီရိ. . . ငါပါဟဲ့''

သီရိက မေဇွန့်ကို အကဲခတ်သလို စေ့စေ့စပ်စပ်ကြည့်ရင်း. . .

''ဒီမျက်နှာဖုံးက. . . အရမ်းမိုက်တာပဲ၊ တကယ်ပြောတာ၊ အရမ်းလန်းတယ်။ ငါ့မှာဖြင့်ကြောက်လိုက်ရတာ၊ ရင်တောင်တုန်သွားတယ်''

''ငါလည်း နင့်ရဲ့ကြောင်ရိုင်းမဝတ်စုံကို သဘောကျပါတယ်ဟယ်''

မေဇွန်က ပြောပြောဆိုဆိုဖြင့် ဆင်ဝင်မီးအလင်းရောင်အောက်သို့ ဝင်ရပ်လိုက်၏။

www.burmeseclassic.com

သီရိက တံမြက်စည်းတံထိပ်ဖျားမှ ပုံတူရုပ်တုကိုကြည့်ရင်း. . .

"ဒါနဲ့ အဲဒီရုပ်တုက နင်နဲ့ တထေရာတည်းတူတယ်နော်၊ နင် ဘယ်ကရလာတာလဲ"

"အဲဒါ ငါ့ခေါင်းကိုဖြုတ်ပြီးတပ်ထားတာလေ"

မေဇွန်က ရွှတ်နောက်နောက်ဖြင့်ပြန်ဖြေလိုက်သည်။ သီရိက အကြည့်ကို ပုံတူရုပ်တုထံမှမဖယ်ခွာဘဲ . . .

"မေဇွန်. . . အဲဒီပုံတူရုပ်တုကို စတွေ့တော့ ငါ. . . ငါ. . ."

"အဲဒါ အနုပညာသင်တန်းမှာ မေမေလုပ်လာတာလေ"

"ငါက တကယ့်လူဦးခေါင်းအစစ်ထင်နေတာ၊ ရုပ်တုမျက်လုံးတွေက နင်ကြည့်တဲ့ပုံစံနဲ့ ချွတ်စွပ်တူတယ်. . . သိလား"

ပြောရင်း ကြက်သီးထလာဟန်ဖြင့် သီရိ၏ကိုယ်လေးမှာ တစ်ချက်တုန်သွား၏။

မေဇွန်က ရုပ်တုလှုပ်ခါသွားအောင် တံမြက်စည်းတံကို တစ်ချက်နှစ်ချက်ခန့် လှုပ်ယမ်းလိုက်သည်။

သီရိက မေဇွန့်မျက်နှာပေါ်မှ မကောင်းဆိုးဝါးမျက်နှာဖုံးကို သေသေချာချာအကဲခတ်ရင်း. . .

"နင့်မျက်နှာဖုံးကို မျိုးနိုင်နဲ့ ဖေယျာမြင်ရင် ဘယ်လိုဖြစ်သွားမလဲလို့ စောင့်ကြည့်ရအောင်"

"အေး. . . အဲဒီအချိန်ကို ငါစောင့်နေတာကြာပြီဟ၊ ဒါနဲ့ သူတို့က အခုဘယ်ရောက်နေကြလဲ"

"မျိုးနိုင်ကတော့ ဖုန်းဆက်တယ်ဟ၊ သူ့ညီမလေးနဲ့ 'ပေတာဒါန' အလှူငွေလိုက်ကောက်နေလို့. . . သူတို့နှစ်ယောက် နည်းနည်းနောက်ကျမယ်တဲ့"

သီရိ၏စကားကြောင့် မေဇွန်အနည်းငယ်စိတ်ပျက်သွားပြီး သက်ပြင်းချလိုက်မိ၏။

သီရိက စိတ်အားထက်သန်စွာဖြင့်. . .



"သူတို့မလာသေးလည်း ငါတို့ဘာသာ အလှူငွေလိုက်ကောက်ထားနှင့်မယ်လေ၊ သူတို့နဲ့ ငါတို့ လမ်းမှာဆုံချင်ဆုံမှာပဲ"

"အေး. . . ပြီးတာပဲ၊ ဒါဆိုလည်းသွားမယ်လေ"

"ငါ အပေါ်အင်္ကျီသွားဝတ်လိုက်ဦးမယ်၊ ပြီးရင်သွားကြမယ်"

စကားအဆုံးတွင် သီရိက တံမြက်စည်းတံထိပ်မှ ပုံတူရုပ်တုကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။ ထို့နောက် သီရိက အိမ်ထဲသို့ပြေးဝင်သွား၏။ တံခါးက ဝုန်းကနဲပိတ်ပြီးကျန်ခဲ့သည်။

ရပ်ကွက်ထဲသို့ မေဇွန်နှင့်သီရိက လျှောက်လာခဲ့ကြစဉ် လေတွေ တဟူးဟူးတိုက်ခတ်နေ၏။ သစ်ရွက်ခြောက်များက သူမတို့၏ခြေထောက်အစပ်နားတွင် လျှောတိုက်ပြေးလွှားနေကြသည်။

လေအဟုန့်တွင် သစ်ကိုင်းကြီးများက ယိမ်းနွဲ့ညွတ်ကိုင်းသွားကြ၏။ ကောင်းကင်ထက်တွင် တစ်ခြမ်းပဲ့လမင်းက မိုးတိမ်တိုက်များအကြားမှ တရွေ့ရွေ့ထွက်ပေါ်လာသည်။

မေဇွန်နှင့်သီရိမှာ 'ပေတာဒါနအလှူငွေ' လိုက်ကောက်ရန်ထွက်လာခဲ့ကြ၏။ သူမတို့၏မြို့လေးတွင် အောက်တိုဘာ(၃၁)ရက်၊ သရဲပွဲတော်နေ့ရောက်တိုင်း ကိုယ်စီကိုယ်င အုပ်စုငယ်လေးများဖွဲ့ပြီး အလှူငွေကောက်ခံလေ့ရှိသည်။ ထိုသို့ကောက်ခံရရှိသော 'ပေတာဒါနအလှူငွေ' ကို ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် လှူဒါန်းကာ သင်္ချိုင်းသို့သွားပြီး မကျွတ်မလွတ်သေးသူများအား အမျှပေးဝေ ရေစက်ချပွဲပြုလုပ်ကြ၏။

အလှူငွေကောက်ခံရန်သွားသည့် လမ်းတလျှောက်လုံး သီရိက စကားတွေဖောင်ဖွဲ့ပြောလာသည်။ မေဇွန်ကတော့ မည်သည့်စကားမှ သိပ်မဆိုမိ။ သူမ၏နားထဲတွင် သီရိ၏စကားများကလည်း ပကြားတစ်ချက်ကြားတစ်ချက်။

မေဇွန်က စိတ်ထဲမှ အစီအစဉ်ဆွဲထားသည့်အတိုင်း မျိုးနိုင်တို့နှင့်မတွေ့ရသေးသဖြင့် စိတ်ပျက်နေမိ၏။ ထိုစိတ်ပျက်နေမှုကို သူမ ဟန်ဆောင်ပန်ဆောင်ပင် ဖုံးကွယ်မထားနိုင်။

www.burmeseclassic.com

သည်ညတစ်ညလုံး မျိုးခိုင်တို့နှစ်ယောက်နဲ့ မတွေ့ရင်တော့ ဒုက္ခပဲဟု မေဖွန်တွေးရင်း ရင်လေးနေသည်။ အမှန်အကန် ခြောက်လှန့်ရမည့်ဒီလိုညမျိုးမှာ သူတို့နှစ်ယောက်နှင့်မတွေ့ရလျှင် မေဖွန့်အတွက် ဘာအဓိပ္ပာယ်မှရှိတော့မည်မဟုတ်ပါ။

သီရိက အလှူငွေများထည့်ရန်အတွက် မေဖွန့်အား စက္ကူအိတ်တစ်လုံး ယူလာပေးသည်။ လမ်းလျှောက်လာကြစဉ် မေဖွန်မှာ စက္ကူအိတ်ကို တစ်ဖက်၊ တံမြက်စည်းတံကိုတစ်ဖက် လက်မှကိုင်လာခဲ့၏။

သီရိက သီလိုစိတ်ပြင်းပြစွာဖြင့် . . .

"ဒါနဲ့ . . . နှင့်မျက်နှာဖုံးကို ဘယ်ကဝယ်လာတာလဲ၊ နှင့်အမေလုပ်ပေးတာလား၊ ဒါမှမဟုတ် အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်အသစ်ကဝယ်လာတာလား၊ နှင့်မျက်နှာဖုံးကို ငါကိုင်ကြည့်လို့ရမလား"

သီရိမှာ နဂိုတည်းက ဗာဒံပင်စာကလေးကျသလို စကားအလွှန်များသည့် ကောင်မလေးတစ်ယောက်ဖြစ်သည်။ သို့ရာတွင် ယခုည သီရိစကားများပုံက နိုင်ငံတကာစကားအများဆုံးပြိုင်ပွဲဝင်ပြိုင်လျှင် လွတ်လွတ်ကျွတ်ကျွတ် ပထမရနိုင်၏။

မေဖွန်က မျက်နှာဖုံးကို သီရိကိုင်ကြည့်ချင်တယ်ဆိုသဖြင့် ခြေလှမ်းခဏရပ်ပေးလိုက်သည်။

သီရိက မရဲတရဲနှင့် မကောင်းဆိုးဝါးမျက်နှာဖုံး၏ ပါးပြင်ကိုလက်ဖြင့်ပွတ်သပ်ကြည့်၏။ မျက်နှာဖုံးကိုထိမိစဉ် သီရိ လန့်သွားပြီး လက်ကို ဆတ်ကနဲပြတ်ရုတ်ရင်း . . .

"ဟင် . . . မျက်နှာဖုံးက တကယ့်လူ့အရေပြားနဲ့လုပ်ထားတဲ့အတိုင်းပဲ"

"ဟား . . . ဟား . . . ဟား"

မေဖွန်က သဘောကျစွာ တခစ်ခစ်နှင့်ရယ်လိုက်သော်လည်း ထွက်ပေါ်လာသောရယ်သံကြီးက ကြောက်စရာကောင်းလေသည်။



သီရိက နဝေတိမ်တောင်ဖြင့် . . .

"ထူးဆန်းတယ်နော်၊ ဘာနဲ့လုပ်ထားတာလဲ၊ တကယ့်လူ့အရေပြားတော့မဟုတ်နိုင်ပါဘူး၊ ရာဘာတစ်မျိုးနဲ့ လုပ်ထားတာပဲဖြစ်မယ်"

"အေး . . . ဟုတ်တယ်"

"ဒါပေမဲ့ ရာဘာနဲ့လုပ်ထားတာဆိုရင်လည်း ဘာဖြစ်လို့ လူ့အရေပြားလို ပူနွေးနေရတာလဲ၊ နှင် ဝတ်ထားရတာအဆင်ပြေလား၊ တော်ကြာ မျက်နှာဖုံးဝတ်ပြီး ချွေးအောင်းသလိုဖြစ်နေမယ်နော်"

စကားများလွှန်းသဖြင့် မေဖွန်သည်းမခံနိုင်တော့။ ဒေါသများက လှိုင်းတံပိုးလို နှလုံးသားထဲမှ ဝုန်းခနဲ အုံကြွရိုက်ခတ်လာသည်။

သူမက ဒေါသတကြီးဖြင့် . . .

"ပါးစပ်ပိတ်ထား . . . ပါးစပ်ပိတ်ထား၊ ပါးစပ်ပိတ်ထားတော့ဟာ"

စကားအဆုံးတွင် မေဖွန်က သားရဲတိရစ္ဆာန်တစ်ကောင်လို မာန်ဖီလိုက်၏။ ထို့နောက် သီရိ၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် မလွှတ်တမ်း ညှစ်ထားလိုက်လေသည်။

www.burmeseclassic.com

## အခန်း (၁၆)

သီရိက ကြောက်လန့်တကြားအော်ဟစ်လိုက်၏။ သီရိက ရုန်းကန်ရင်း နောက်သို့ဆုတ်သွားသည်။ သီရိမှာ လည်ပင်းအစ်နေသောအသံဖြင့် . . .

"ဟဲ့. . . မေဖွန်. . . အစ်. . . အစ်. . ."

ဒုက္ခပဲ. . . ငါဘာဖြစ်သွားတာလဲဟု မေဖွန် အထိတ်တလန့်ဖြင့် တွေးမိ၏။ သူမကလည်း သီရိကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

ဘာဖြစ်လို့ ငါ ဒီလိုလုပ်လိုက်ရတာလဲ။ ဘာကြောင့်မှန်းမသိသော်လည်း မေဖွန် ကျချွေပြန်ဆည်ရင်း . . .

"ဟား. . . ဟား. . . အရမ်းကြောက်သွားလား သီရိ"



"ကြောက်လွန်းလို့ သွေးမရှိတော့သလို ဖြူဖွေးသွားတဲ့နင့်မျက်နှာကို ငါ ဓာတ်ပုံရိုက်ထားပြီးပြချင်လိုက်တာ၊ ဘာလဲ နင့်ကို ငါ လည်ပင်း တကယ်ညှစ်တယ်ထင်လို့လား"

သီရိက ဘာမှပြန်မဖြေနိုင်။ နာကျင်သွားသည့်လည်ပင်းကို ငွေရောင်လက်အိတ်စွပ်ထားသည့် လက်တစ်ဖက်ဖြင့် ပွတ်သပ်နေ၏။ သီရိက မေဖွန့်ကို မျက်မှောင်ကြုတ်ကာစိုက်ကြည့်ရင်း . . .

"ဒါ နောက်တာဟုတ်လား၊ နင်နောက်တာ ငါကံကောင်းလို့ မသေတာယ်"

မေဖွန်က ထပ်မံရယ်မောလိုက်ရင်း . . .

"ဒီမျက်နှာဖုံးရဲ့ စရိုက်ပေါ်အောင်လို့ပါဟာ. . . ဟား. . . ဟား. . . ငါက ကြောက်တတ်တယ်ဆိုပေမယ့် သူများကို ခြောက်လှန့်ဖို့တော့ ဝါသနာကြီးပါတယ်"

စကားအဆုံးတွင် သူမက စက္ကူအိတ်နှင့် တံမြက်စည်းတံကို ပြန်ကောက်ယူလိုက်သည်။ ထို့နောက် မေဖွန်သည် တံခါးဝ၌ ပျော်ရွှင်စရာသရဲပွဲတော်နေ့ဖြစ်ပါစေဟူသော စာတန်းချိတ်ဆွဲထားသည့် အိမ်ဆီသို့ ကသောကမျော လျှောက်လာခဲ့၏။

မေဖွန်က အိမ်ရှေ့လူခေါ်ခေါင်းလောင်းကိုနှိပ်ရင်း ခုနက ငါ နောက်တာလို့ပြောတာ သီရိယုံရဲ့လားဟု တွေးနေမိသည်။ ဘာတွေဖြစ်ကုန်မှန်း သူမကိုယ်တိုင်လည်း နားမလည်နိုင်တော့။

ဘာဖြစ်လို့ ငါ ဖြုန်းစားကြီးဒေါသထွက်သွားရတာလဲ၊ ဘာဖြစ်လို့ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းကို ဒီလိုလုပ်မိတာလဲ။

အတွေးများက သူမ၏စိတ်ထဲတွင် ရှေ့မျောနေကြ၏။

မေဖွန်တို့အလှူစခံသည့်အိမ်တံခါး ပွင့်လာစဉ် သီရိက သူမဘေးတွင် ဝင်ရပ်လိုက်သည်။

အိမ်ထဲမှ ချစ်စရာကောင်းသောကလေးလေးနှစ်ယောက် ထွက်လာ၏။ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်။ အမေဖြစ်သူက သူတို့၏နောက်တွင်ရပ်နေသည်။

www.burmeseclassic.com

''ပေတာဒါန အလှူခံပါတယ်''

မေဇွန်နှင့်သီရိက တက်ကြွစွာ ပြိုင်တူအော်လိုက်ကြ၏။

ကလေးနှစ်ယောက်ထဲမှ ယောကျ်ားလေးက သီရိအားကြည့်ရင်း . . .

''မမက ကြောင်ဝတ်စုံဝတ်လာတာလား''

သီရိက ထိုကောင်လေးကို ကြောင်လိုအော်ပြရင်း . . .

''ညောင်. . . ဟုတ်တယ်၊ မမက ကြောင်ရိုင်းမလိုဝတ်လာတာ''

''အီး. . . ဟီး. . . ဟီး. . . ဟိုဘက်ကသရဲမျက်နှာကြီးကို သမီးကြောက်တယ်''

ကလေးမလေးက သူ့အမေကို ငိုမဲ့မဲ့ဖြင့်ပြောလိုက်သည်။ အမေဖြစ်သူက နှစ်သိမ့်ဖျောင်းဖျသည့်လေသံဖြင့် . . .

''ရယ်စရာကောင်းအောင်လုပ်ထားတာလေ သမီးရဲ့''

''ဟင့်အင်း. . . ရယ်စရာမကောင်းဘူး၊ သမီးအရမ်းကြောက်တာပဲ''

မေဇွန် အိမ်ရှေ့တံခါးဘောင်ကို မှီရပ်လိုက်၏။ သူမက မျက်နှာဖုံးကြီးဖြင့် ကလေးမလေး၏မျက်နှာအနီးသို့ ကပ်သွားပြီး . . .

''နင့်ကိုငါစားမယ်. . . နင့်ကိုငါစားမယ်''

မေဇွန်က ကလေးမလေးကို ခြောက်လှန့်လိုက်သည်။ ကလေးမလေးက ငယ်သံပါအောင်အော်ပြီး အိမ်ထဲသို့ဝင်ပြေးသွား၏။

ကလေးအမေဖြစ်သူက မေဇွန်နှင့်သီရိ၏ စက္ကူအိတ်အသီးသီးထဲသို့ အလှူငွေထည့်လိုက်သည်။ သူမက မေဇွန့်အား တိုးဖျော့ညင်သာသောလေသံဖြင့် . . .

''သမီးလေးကို သွားမခြောက်ပါနဲ့ကွယ်၊ ညရောက်ရင် အိပ်မက်ဆိုးတွေမက်ပြီး ယောင်နေလိမ့်မယ်''

မေဇွန်က တောင်းပန်ရမယ့်အစား ကောင်လေးကိုဆက်ပြီး ခြောက်လှန့်လိုက်ပြန်၏။



''မင်းကိုလည်း ငါကိုက်စားပစ်မယ်''

''ဟော့. . . မလုပ်နဲ့လို့ပြောနေတယ်လေ''

ကလေးအမေက သူမကို လှမ်းဟန့်သည်။

မေဇွန်က ဝမ်းခေါင်းသံကြီးဖြင့် အေးတိအေးစက်ရယ်မောကာ ရှာကနဲ လှည့်ထွက်လာခဲ့၏။

●

လမ်းမအတိုင်းပြန်လျှောက်လာခဲ့ကြစဉ် သီရိက နားမလည်နိုင်ဟန်ဖြင့် မေဇွန့်ကိုကြည့်ရင်း . . .

''နင် ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ၊ ဘာလို့ ကလေးတွေကြောက်အောင် သွားခြောက်လှန့်ရတာလဲ''

''မသိဘူး. . . ဒီမျက်နှာဖုံးတပ်ထားရင် အခုလိုခြောက်လှန့်ချင်စိတ်တွေပေါက်လာတာပဲ''

မေဇွန်ကရယ်ရင်း ခပ်ပေါ့ပေါ့ပြန်ဖြေလိုက်သည်။ သို့ရာတွင် သီရိမေးသည့်မေးခွန်း၏အဖြေကို သူမကိုယ်တိုင်လည်း သိချင်လှ၏။ ထိုစိတ်က သူမ၏အာရုံတစ်ခုလုံးကို ဖိစီးထားသည်။

အိမ်အနည်းငယ်ခန့်အလှူခံပြီးနောက် မေဇွန်က ဘာစကားမှမဆိုဘဲ တိတ်ဆိတ်စွာစဉ်းစားနေ၏။ သီရိကတော့ စိတ်ကူးထဲရှိရာကို ပါးစပ်မှ တတွတ်တွတ်ဖြင့်ပြောနေသည်။

အလှူဝင်ခံသည့်အိမ်တစ်အိမ်တွင် သက်လယ်ပိုင်းအရွယ်ယောကျ်ားတစ်ယောက်က မေဇွန့်မျက်နှာဖုံးကိုကြည့်ပြီး ကြောက်လန့်သွားချင်ဟန်ဆောင်၏။ မိန်းမဖြစ်သူက သူမအမေကို မေဇွန်တို့၏မျက်နှာဖုံးများနှင့်ဝတ်စုံများကို ပြသချင်၍ အိမ်ထဲသို့ခဏဝင်လည်ရန် ဖိတ်ခေါ်သည်။

မေဇွန်က ကျယ်လောင်စွာညည်းတွားလိုက်ပြီး သီရိနှင့်အတူ အိမ်ထဲသို့ဝင်လာခဲ့၏။

www.burmeseclassic.com

အိမ်ထဲတွင် ဘီးတပ်ကုလားထိုင်ပေါ်မှ အဘွားအိုတစ်ဦးက မေဖွန်တို့ကို တည်တည်ကြီးစိုက်ကြည့်နေသည်။ မေဖွန်က ထိုအဘွားကြီးကိုကြည့်ကာ တစ်ချက် မာန်ဖီလိုက်သော်လည်း ဘာမှမထူးချေ။

ထိုအိမ်မှပြန်ထွက်လာစဉ် အိမ်ရှင်က သူတို့နှစ်ယောက်အား ပျားလိမ္မော်သီးတစ်လုံးစီ ပေး၏။

မေဖွန်က လမ်းဘေးလူသွားပလက်ဖောင်းပေါ်သို့ ပြန်ရောက်လာသည်အထိ သည်းခံစောင့်စားနေသည်။ လူသွားပလက်ဖောင်းပေါ်သို့ ရောက်သောအခါ သူမက ထိုအိမ်ဘက်သို့ ချာကနဲလှည့်လိုက်၏။

မေဖွန်က သူမလက်ထဲမှလိမ္မော်သီးကို ထိုအိမ်ဆီသို့ အားကုန်လွှဲပြီး ပစ်ပေါက်လိုက်သည်။

"ဒုန်း"

ပျဉ်ထောင်အိမ်ဖြစ်သောကြောင့် လိမ္မော်သီးနှင့်သစ်သားနံရံ ထိသံက ဒုန်းကနဲ ကျယ်လောင်စွာထွက်ပေါ်လာ၏။

မေဖွန်က စစ်ကြေငြာသော သူရဲကောင်းတစ်ယောက်လို ဟန်ပန်မျိုးဖြင့် . . .

"ပေတာဒါနအလှူငွေကောက်ပါတယ်ဆိုမှ စားစရာတွေပဲပေးတာ အမုန်းဆုံးပဲ၊ အထူးသဖြင့် လိမ္မော်သီးပေးတာကို ပိုမုန်းတယ်"

သီရိက စိုးရိမ်ပူပန်စွာဖြင့် မေဖွန့်ကို ထိတ်ထိတ်ပျာပျာကြည့်ရင်း . . .

"မေဖွန့် . . . နင့်ကိုကြည့်ပြီး ငါစိတ်ပူလာပြီနော်၊ နင့်ပုံစံက အရင်တုန်းကမေဖွန်နဲ့ လုံးဝမတူတော့ဘူး"

'ဟင့်အင်း . . . ဘယ်တူပါ့မလဲ၊ အခု ငါက ချောင်ပိတ်ခံထားရတဲ့ ကြွက်ကလေးလို အရာရာကိုကြောက်နေတတ်တဲ့ မေဖွန်မှ မဟုတ်တော့တာ' ဟု မေဖွန်က ခါးသီးနာကျင်စွာ တွေးလိုက်သည်။

တစ်ဆက်တည်းမှာပင် သူမက သီရိ၏လက်ထဲမှ လိမ္မော်သီးကို ဆတ်ကနဲလုယူပြီး . . .



"အဲဒီလိမ္မော်သီးပါ ငါ့ကိုပေး"

"ဟဲ့ . . . မလုပ်ပါနဲ့တော့"

သို့ရာတွင် မေဖွန်က မကြားဟန်ပြုကာ လက်ထဲမှလိမ္မော်သီးအား ပျဉ်ထောင်အိမ်ဆီသို့ အားကုန်လွှဲပေါက်လိုက်ပြန်၏။ သစ်သားနံရံနှင့် လိမ္မော်သီးထိသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဒုန်း"

အိမ်ရှင်ယောကျ်ားက အိမ်ထဲမှ ကပျာကယာပြေးထွက်လာပြီး . . .

"ဟေး . . . ဘာဖြစ်နေကြတာလဲ"

"ပြေး"

မေဖွန်က သီရိကို အော်ဟစ်သတိပေးလိုက်၏။ သူတို့နှစ်ယောက် ရပ်ကွက်ထဲသို့ သုတ်ခြေတင်ပြီး ပြေးလာခဲ့ကြသည်။

ထိုအိမ်က နောက်ကျောဘက်တွင် မှုန်ပျပျသာကျန်ရစ်ခဲ့သော်လည်း သူမတို့နှစ်ယောက်၏ပြေးနှုန်းက အရှိန်မလျော့သေး။

နောက်ဆုံးတွင် သီရိက အပြေးရပ်ကာ လက်တစ်ဖက်ကို မေဖွန့်ပုခုံးပေါ်တင်ပြီး အားပြုထား၏။ သီရိက အမောဖြေရင်း . . .

"ဟောဟဲ့ . . . နင်ရူးနေပြီမေဖွန်၊ နင်တကယ်ရူးနေပြီ၊ ဟောဟဲ့ . . . မောလိုက်တာ"

"ငါ့အကြောင်းသိသွားအောင် အစွမ်းပြလိုက်တာပါဟာ၊ ဒီလိုလာစမ်းလို့ဘယ်ရမလဲ"

သူတို့နှစ်ယောက် အားရပါးရရယ်လိုက်ကြသည်။

●

တစ်နေ့ရာရောက်တိုင်း မေဖွန်မှာ ဇေယျာနှင့်မျိုးခိုင်ကို ကျီးကန်းတောင်းမှောက် ဖွေရှာနေမိ၏။

www.burmeseclassic.com

လမ်းတစ်ခု၏ ထောင့်ချိုးတစ်နေရာ၌ တူညီဝတ်စုံဝတ်ဆင်ကာ ရှန်းစုရှန်းစုလုပ်နေကြသော လူငယ်များကို သတိထားမိသည်။

သို့ရာတွင် မျိုးခိုင်နှင့်ဖေယျာကိုတော့ ထိုလူအုပ်ထဲတွင် မမြင်ရပါ။

လမ်းတစ်ဖက်တစ်ချက်စီတွင် အိမ်လေးများ ပြွတ်သိပ်ကျပ်ညပ်နေသော လမ်းတစ်ခုထဲသို့ မေဖွန့်တို့ရောက်လာကြ၏။

မေဖွန့်က တံမြက်စည်းတံကိုဆုပ်ကိုင်ထားရင်း . . .

"လူခွဲပြီး အလှူခံလိုက်ကောက်ကြရအောင်ဟာ၊ ဒါဆို အလှူငွေပိုရလိမ့်မယ်ထင်တယ်"

သီရိက မျက်မှောင်ကြုတ်ကာ မေဖွန့်အား သင်္ကာမကင်းစွာ အကဲခတ်ရင်း . . .

"မေဖွန့် . . . နင် အလှူငွေလိုက်ကောက်ချင်တာမှ ဟုတ်ရဲ့လား"

သို့ရာတွင် သီရိစကားမဆုံးခင်မှာပင် မေဖွန့်က နေရာမှ ပြေးထွက်သွားပြီဖြစ်သည်။ သူမလက်ထဲမှ တံမြက်စည်းတံထိပ်ရှိ ပုံတူရုပ်ထုက လှုပ်လီလှုပ်လဲ့နှင့်။

ဒီညကတော့ ငါ့ညပဲဟုမေဖွန့်တွေးရင်း မိန်းမကြီးတစ်ယောက်က ပြုံးပြုံးရွှင်ရွှင်ဖြင့်ကမ်းပေးသော အလှူငွေကို လှမ်းယူလိုက်၏။

မေဖွန့်လမ်းလျှောက်လာစဉ် တစ်ခါမှမခံစားဖူးသော စိတ်လှုပ်ရှားမှုတစ်မျိုးကို ခံစားရသည်။ အမျိုးအမည် မဖော်ပြတတ်သော ထူးဆန်းသည့်ခံစားမှုတစ်ခု (သို့တည်းမဟုတ်) သွေးဆာသလို ဆာလောင်မွတ်သိပ်မှုတစ်ခု။

အချိန်အနည်းငယ်ကြာသောအခါ မေဖွန့်စက္ကူအိတ်ထဲ၌ အလှူငွေတွေ တဖြည်းဖြည်းများလာ၏။

မြို့မဈေးအနီးတွင်ရှိသော သူဌေးရပ်ကွက်မှ အိမ်ကြီးအိမ်ကောင်းများကလည်း အလှူငွေတော်တော်ထည့်ကြသည်။ ဝန်ထမ်းတန်းလျားမှလည်း အလှူငွေစာအိတ်လေးငါးအိတ်ခန့် ရလိုက်၏။ စာအိတ်ထဲတွင် ပိုက်ဆံမည်မျှပါမည်တော့မပြောတတ်။ ဘူတာရုံမှ ရုံပိုင်၏ဇနီးကလည်း စာအိတ်တစ်အိတ်လှူသည်။ သံလမ်းနံဘေးမှာတွေ့ရသော အမျိုးသမီးတစ်ယောက်ကလည်း စာအိတ်တစ်အိတ်လှူလိုက်သေးသည်။



သူမက ရပ်ကွက်အစွန်အဖျားထိ လျှောက်လာခဲ့သည်၊ အမှောင်ရိပ်လွှမ်းနေသော လမ်းထောင့်ချိုးတစ်ခုသို့အရောက်တွင် မေဖွန့်မှာ လမ်းကိုချိုးကွေ့ပြီး တစ်ဖက်သို့ ဆက်လျှောက်သွားရန် ချီတုံချတုံဖြစ်နေ၏။

အခြားတစ်ဖက်မှလမ်းကို သွားရင်ကောင်းမလား။ တခြားရပ်ကွက်သို့သွားပြီး အလှူခံရင်ကောင်းမလားဟု စဉ်းစားနေမိသည်။

သူမသွားရမည့်နေရာမှာ အလွန်မှောင်ကြောင်း မေဖွန့် ကောင်းစွာသိ၏။ ကောင်းကင်ထက်မှ လမင်းကလည်း မီးခိုးရင့်ရောင်တိမ်တိုက်များ၏နောက်တွင် ပုန်းကွယ်နေသည်။ လမ်းမီးတိုင်များကလည်း တစ်ခုမှမလင်းချေ။ ကျွမ်းနေတာလား။ မီးပျက်နေတာလား။ သူမ မခွဲခြားတတ်။

ဖရုံသီးပုံမီးပုံးများချိတ်ဆွဲထားသည့် အိမ်တစ်အိမ်ရှေ့တွင် သူမလိုပင် ပေတာဒါနအလှူငွေလိုက်ကောက်သည့် ကောင်လေးနှင့်ကောင်မလေးလေးယောက်ကို တွေ့လိုက်ရ၏။

မေဖွန့်က ခြေကိုဖော့နင်းရင်း အမှောင်ထဲသို့ တိုးဝင်လိုက်သည်။ သူမက အမှောင်ကိုခြုံလွှမ်းထားရင်း နားစွင့်ထားမိ၏။ သူတို့ထဲမှ ယောကျ်ားလေးနှစ်ယောက်၏စကားပြောသံကို ကြားနေရသောကြောင့်ပင်။

မျိုးခိုင်နဲ့ဖေယျာအသံလား။

မဖြစ်နိုင်ပါ။ မျိုးခိုင်တို့၏အသံက ယခုကြားနေရသောအသံထက် အများကြီး ပို၍ရင့်ကျက်သည်။

ထိုအုပ်စုမှာ နောက်ထပ် မည့်သည့်အိမ်သို့ အလှူခံသင့်

www.burmeseclassic.com

ကြောင်း ငြင်းခုန်နေကြ၏။ ကောင်လေးတစ်ယောက်ကတော့ အိမ်ခဏပြန်ပြီး သူငယ်ချင်းတစ်ယောက်သွားခေါ်လာခဲ့မည်ဟု ပြောသည်။

သူတို့ကို ငါ နည်းနည်းလောက်သင်ခန်းစာပေးလိုက်ရင်ကောင်းမယ်။

မေဖွန့် တွေးရင်းပြုံးလိုက်၏။ ဒီသရဲပွဲတော်နေ့ကို သူတို့ တစ်သက်မမေ့နိုင်အောင်လုပ်ရမယ်။

တဖြည်းဖြည်း ကောင်လေးကောင်မလေးအုပ်စုနှင့် နီးလာသည်အထိ မေဖွန့် ရပ်စောင့်နေသည်။ မေဖွန့်၏မြင်ကွင်းထဲသို့ သူတို့ တဖြည်းဖြည်းဝင်လာကြ၏။ ကောင်လေးနှစ်ယောက်က တစ်ကိုယ်လုံးကို မံမီရုပ်များကဲ့သို့ ကျပ်စည်းထားကြသည်။

သူတို့ တဖြည်းဖြည်း ပိုမိုနီးကပ်လာ၏။ မေဖွန့်က ခြောက်လှန့်ရန် အကွက်ကောင်းကိုစောင့်နေမိသည်။

ထို့နောက် သူမက အမှောင်လွှမ်းနေသော အရိပ်များအကြားမှ ခုန်ထွက်လိုက်၏။ သူမက သားရဲတိရစ္ဆာန်တစ်ကောင်လို ခေါင်းမော့ပြီး ဝမ်းခေါင်းသံကြီးဖြင့် မာန်ဖီလိုက်သည်။

"အူး. . . ဝူး. . . ဟူး. . . ဟူး"

"အောင်မလေးဗျ"

ကောင်လေးနှစ်ယောက်က လန့်ဖျပ်ပြီး နောက်သို့ ခုန်ဆုတ်သွားကြ၏။

"ခင်. . . ခင်ဗျား. . ."

ကောင်လေးတစ်ယောက်က အော်ရန်ကြိုးစားသော်လည်း စကားသံက ရှေ့ဆက်ထွက်မလာတော့။

ကျန်ကောင်လေးက လက်ထဲမှအလှူငွေအိတ်ကို ယောင်ယမ်းပြီး လွှတ်ချလိုက်သည်။

သူက အလှူငွေအိတ်ကို ငုံ့ပြီးကောက်စဉ် မေဖွန့်က ထိုကောင်လေးအနားသို့ ဖျတ်လတ်သွက်လက်စွာရောက်သွား၏။

မေဖွန့်က ကောင်လေး၏လက်ထဲမှ ပိုက်ဆံအိတ်ကို ဆွဲလုလိုက်သည်။

"ပေးစမ်း"

သူမ နေရာမှ ချာကနဲလှည့်ပြီး ပြေးထွက်ခဲ့၏။

"ဟေး. . . ပြန်လာခဲ့"

"အဲဒါ. . . ငါ့အလှူငွေအိတ်"

"ဟေး. . ."

သူတို့၏အော်သံများက စူးရှကျယ်လောင်ပြီး အံ့ဩမှု ကြောက်ရွံ့မှုကို ရောပြွန်းနေသည်။

လမ်းတစ်ဖက်သို့ မေဖွန့် ပြန်ပြေးလာ၏။ သူတို့ နောက်မှလိုက်လာသေးသလားသိရအောင် နောက်ပြန်လှည့်ကြည့်မိသည်။

မလိုက်လာပါ။ ထိုအုပ်စုမှာ ကြောက်ဒူးတုန်ပြီးကျန်ခဲ့၏။ သူတို့က လမ်းထောင့်တွင်ရပ်ရင်း တစ်ယောက်တစ်ပေါက် လှမ်းအော်ခေါ်နေကြသည်။

"ဟေး. . . မလုပ်နဲ့"

"ပြန်လာပေးလေ"

အောင်မြင်မှုအထိမ်းအမှတ်အဖြစ် လက်ထဲမှစက္ကူအိတ်ကို မေဖွန့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထား၏။

မေဖွန့်က ခေါင်းကိုမော့ပြီး ကောင်းကင်ထက်သို့ကြည့်ကာ အားရပါးရ ရယ်လိုက်သည်။

ရက်စက်ကြမ်းကြုတ်သောရယ်သံ. . .။ အောင်မြင်ဝံ့ကြွားစွာရယ်သံ. . .။

သည်လိုအားပါပြီး ကြောက်စရာကောင်းသောရယ်သံမျိုး ယခင်က သူမ တစ်ခါမျှမကြားဖူးချေ။

မေဖွန့်က လုယူလာသောအလှူငွေအိတ်ထဲမှ ပိုက်ဆံများကို သူမ၏အိတ်ထဲသို့ လွှဲပြောင်းထည့်လိုက်၏။ ထို့နောက် လုလာသောစက္ကူအိတ်ကို လွှင့်ပစ်လိုက်သည်။

သူမ နေသာထိုင်သာရှိသွားပြီး အားအင်များလည်း ပြည့်ဖြိုး



www.burmeseclassic.com

လန်းဆန်းလာ၏။ ပိုမိုပျော်ရွှင်လာသလိုလည်း ခံစားရသည်။

လာစမ်း. . . မျိုးခိုင်နဲ့ဇေယျာ။

ဒီတစ်ခါ နင်တို့နှစ်ယောက်အလှည့်ပဲ။

■

## အခန်း (၁၇)

မျိုးခိုင်နှင့်ဇေယျာကိုတွေ့ဖို့ မေဇွန် သိပ်ကြာကြာ မစောင့်စားလိုက်ရပါ။

မျိုးခိုင်တို့နှစ်ယောက်မှာ အခြားလမ်းမတစ်ဖက်ရှိ အိမ်တစ်အိမ်ရှေ့တွင် ရပ်နေကြသည်။ သူတို့က ကောက်ခံရရှိလာသော အလှူငွေများကို ရေတွက်နေကြ၏။

မေဇွန်က လမ်းဘေးတွင်ကပ်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်၏နောက်တွင် ဖျတ်ကနဲ ပုန်းကွယ်လိုက်သည်။ မျိုးခိုင်တို့ကို ချောင်းမြောင်းအကဲခတ်နေစဉ် သူမ ရင်တွေတဒိန်းဒိန်းခုန်လာ၏။

မျိုးခိုင်တို့မှာ ကြောက်စရာမျက်နှာဖုံးများ စွပ်ထားခြင်းမရှိ။

မျိုးခိုင်က ပဝါအနီစကို နဖူးတွင်စည်းနှောင်ပြီး မျက်လုံးကို

www.burmeseclassic.com

ထဆင်ထူးပုံ မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားသည်။

ဖေယျာကတော့ အိုးမဲသုတ်ထားသလို မျက်နှာတစ်ခုလုံးကို အမည်းရောင်ခြယ်သထား၏။ ပေါက်ပြဲနေသောဦးထုပ်အစုတ်တစ်လုံးကို ဆောင်းထားပြီး မိုးကာတစ်ထည်ကို ဝတ်ဆင်ထားသည်။

ဒီကောင်တွေကိုကြည့်ရတာ တေလေဂျပိုးတွေကျနေတာပဲဟု မေဓွန်တွေးမိ၏။

မျိုးခိုင်တို့က အလှူငွေများအား စက္ကူအိတ်များထဲသို့ ပြန်ထည့်နေသည်ကို သူမ တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။

ထိုနေရာမှ သူတို့ထွက်ခွာတော့မည်ဖြစ်ကြောင်း သူမ စိတ်ထဲကသိနေ၏။ သူတို့၏အိတ်ထဲတွင် အလှူငွေတွေက မနည်းလှ။

လုယူလိုက်ရလို့ကတော့ ပျော်စရာကောင်းလိုက်မယ့်ဖြစ်ခြင်း။

ရုတ်တရက် မျိုးဖေယျာကမေဓွန်ပုန်းအောင်းနေရာဆီသို့ ဖျတ်ကနဲလှမ်းကြည့်၏။

မေဓွန် ဇက်ကလေးပုပြီး သစ်ပင်နောက်ကွယ်၌ ကျုံ့ကျုံ့လေးပုန်းနေမိသည်။

သူ ငါ့ကိုမြင်သွားသေးလား။

မြင်တွေ့သွားခြင်းမရှိပါ။

အရမ်းကာရောလုပ်လို့မဖြစ်ဘူးဟု သူမကိုယ်သူမ သတိပေးလိုက်၏။ သည်လိုလက်စားချေနိုင်ဖို့ အခွင့်အရေးကို သူမ စောင့်မျှော်နေခဲ့သည်မှာ ကြာပြီ။

မျိုးခိုင်နှင့်ဖေယျာတို့ထံမှ ငယ်သံပါအောင် ကြောက်လန့်တကြားအော်သံများကြားရဖို့ မေဓွန် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရန် လိုသည်။

မေဓွန်တွေးရင်း မျိုးခိုင်တို့နှစ်ယောက် အခြားအိမ်တစ်အိမ်ရှေ့သို့ လျှောက်သွားသည်ကို စောင့်ကြည့်နေ၏။ လက်ထဲမှ တံမြက်စည်းတံကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း သစ်ပင်နောက်ကွယ်မှ ထွက်လာခဲ့သည်။



မေဓွန်က မျိုးခိုင်နှင့်ဖေယျာမမြင်အောင် လမ်းတစ်ဖက်သို့ ကသောကမျောဖြတ်ကူးလိုက်၏။ အိမ်တစ်အိမ်၏ခြံစည်းရိုးနောက်ကွယ်တွင် သူမ ပုန်းလိုက်သည်။

သူတို့ အိမ်ထဲကထွက်လာတာနဲ့ ငါပုန်းနေတာက ခုန်ထွက်လိုက်မယ်။ ပြီးရင် သူတို့ကို လိပ်ပြာလွင့်သွားအောင် အားရပါးရခြောက်မယ်ဟု သူမစိတ်ထဲတွင် အစီအစဉ်ဆွဲနေ၏။

ပုန်းအောင်းနေသည့်ခြံစည်းရိုးနောက်ကွယ်တွင် ပန်းရနံ့များ သင်းထုံမွှေးပျံ့နေသည်။ မိုးရွာပြီးစဖြစ်သောကြောင့် လတ်ဆတ်သော မြေသင်းနံ့ကိုလည်း ရှူရှိုက်ရ၏။

လေတစ်ချက်အဝှေ့တွင် သစ်ရွက်များ တဖွဲဖွဲလှုပ်ယိမ်းသွားသည်။ ထိုစဉ် နားထဲ၌ မြွေတွန်သံကဲ့သို့ ထူးဆန်းသောအသံတစ်သံကို ကြားလိုက်ရ၏။

မေဓွန် ဟိုဟိုဒီဒီကြည့်လိုက်ပြီးမှ သူမ၏အသက်ရှူသံသာဖြစ်ကြောင်း သိလိုက်ရသည်။

ရုတ်တရက် သူမ၏ရင်ထဲတွင် ဒေါသလှိုင်းတံပိုးများ ရုန်းကြွလာ၏။

မျိုးခိုင်နှင့်ဖေယျာကို ဒေါသထွက်နေတာလား။ အခြားသူများကို ဒေါသထွက်နေတာပဲလား။ သူမ မဝေခွဲတတ်။

မကောင်းဆိုးဝါးမျက်နှာဖုံးအတွင်းမှ သူမ၏မျက်နှာက ရေနွေးငွေ့ဖြင့်အပေါင်းခံထားရသလို စွတ်စိုပူနွေးလာသည်။

နှလုံးခုန်သံကလည်း တဝုန်းဝုန်းနှင့် ကျယ်လောင်လာ၏။ သူမ၏အသက်ရှူသံကလည်း ပိုမိုမြန်ဆန်လာကြသည်။

ထိုစဉ် မျိုးခိုင်နှင့်ဖေယျာမှာ အိမ်ထဲမှပြန်ထွက်လာကြ၏။ သူတို့က မေဓွန်ရှိရာသို့လျှောက်လာရင်း တရွှေ့ရွှေ့နီးလာသည်။

ပလက်ဖောင်းပေါ်နင်းလျှောက်လာသည့် သူတို့၏ဖိနပ်သံများကိုပင် မေဓွန် ကြားရစပြုပြီ။

သူမ၏တစ်ကိုယ်လုံးရှိ အင်အားများကိုစုစည်းကာ မျိုးခိုင်

www.burmeseclassic.com

တို့ကိုခုန်အုပ်ရန် အဆင်သင့်ပြင်ထား၏။

ကိုင်း. . . အဆင်သင့်ပဲ. . . ငါလာပြီဟေ့။

သူမက အသက်ကို တစ်ဝကြီးရှူသွင်းရင်း စိတ်ထဲမှ ကြုံးဝါးလိုက်လေသည်။

■

## အခန်း (၁၈)

အရာဝတ္ထုများ၏လှုပ်ရှားမှုတိုင်း နှေးကွေးလေးလံသွားသည်ဟု မေဖွန့်စိတ်ထဲတွင် ထင်မိ၏။

ရုပ်ရှင်အနှေးပြကွက်တစ်ခုထဲ၌ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်နေသလိုပင်။

မျိုးခိုင်နှင့်ဇေယျာက သူမပုန်းခိုနေသောခြံစည်းရိုး၏ဘေးမှ နှေးကွေးလေးလံစွာ လျှောက်လာကြသည်။ သူတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် စိတ်လှုပ်ရှားတက်ကြွစွာ စကားပြောလာ၏။

သို့ရာတွင် ချောင်းပြီးနားစွင့်ထားရသော မေဖွန့်အတွက် သူတို့၏စကားသံများမှာ စကြဝဠာအပြင်ဘက်မှ လွင့်မျောလာသလို ခံစားရသည်။

www.burmeseclassic.com

မေဇွန်က မျိုးခိုင်တို့၏ရှေ့သို့ ဝုန်းကနဲခုန်ထွက်လိုက်၏။ ထို့နောက် မကောင်းဆိုးဝါးတစ်ကောင်လို စူးစူးဝါးဝါး အာခေါင်ခြစ်ပြီး အော်လိုက်သည်။

''အူး. . . ဟူး. . . ဟူး''

အလင်းရောင်က မှုန်တိမှုန်ဝါးသာရှိ၏။ သို့ရာတွင် မျိုးခိုင်တို့၏မျက်နှာပေါ်မှ ကြောက်ရွံ့မှုကို မေဇွန် ပီသရှင်းလင်းစွာ တွေ့မြင်နေရသည်။

သူတို့၏မျက်လုံးများက ပြူးကျယ်ဝိုင်းစက်သွားကြ၏။ ပါးစပ်ကလည်း ဟောင်းလောင်းပွင့်ဟကာ ကြက်သေသေလျက်။ ယောင်တောင်ပေါင်တောင်နှင့် လက်နှစ်ဖက်ကိုပင် မြှောက်ထားကြသေးသည်။

''အား''

မျိုးခိုင် သတိဝင်လာပြီး ငယ်သံပါအောင်အော်လိုက်၏။ ဇေယျာကတော့ မျိုးခိုင်၏အင်္ကျီစကို တုန်တုန်ယင်ယင်ဖြင့် မလွှတ်တမ်းဆုပ်ကိုင်ထားသည်။

သူတို့ကြောက်မည်ဆိုလည်း ကြောက်လောက်စရာပင်။

မေဇွန့်အော်သံကြီးက မှောင်ရိပ်လွှမ်းနေသောလမ်းတစ်ခုလုံးပဲ့တင်ထပ်ပျံ့နှံ့သွား၏။ ထိုအသံကြီးက တော်တော်နှင့်ပျောက်ပျက်မသွားဘဲ လေထဲတွင် ရစ်ဝဲပြီးကျန်ခဲ့သည်။

အရာရာတိုင်းက နှေးကွေးထုံထိုင်းစွာ ဖြစ်ပျက်နေကြ၏။ နှေးကွေးလွန်းသောကြောင့် မျိုးခိုင်၏မျက်ခုံးများနှင့် မေးရိုးက တဆတ်ဆတ် တုန်ယင်နေသည်ကို မေဇွန် သတိထားမိသည်။

ပုံတူရုပ်တုနှင့် မကောင်းဆိုးဝါးမျက်နှာဖုံးကို သွေးပျက်ချောက်ချားစွာကြည့်နေသော ဇေယျာမျက်ဝန်းထဲမှ ကြောက်ရွံ့မှုကိုလည်း မေဇွန် အထင်းသားမြင်တွေ့နေရ၏။

သူမက တံမြက်စည်းတံကို ရက်စက်ခက်ထန်စွာ ဝှေ့ယမ်းလိုက်သည်။

ဇေယျာမှာ ကြောက်လွန်းသဖြင့် ခွေးအ,ကြီးလှည်းကြိတ်သံ

သလို တအီအီဖြင့်အော်ညည်းနေ၏။

မျိုးခိုင်က ပါးစပ်အဟောင်းသားနှင့် ထိတ်လန့်တုန်လှုပ်စွာ မေဇွန့်ကိုကြည့်နေသည်။ သူက အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

''မေဇွန်. . . နင်. . . နင်လားဟင်''

ကြောက်စိတ်ဖိစီးနေသော မျိုးခိုင်၏အသံမှာ မနည်းနားစိုက်ထောင်မှ ခပ်တိုးတိုးလေးသာကြားရ၏။

မေဇွန်က ဘာမှပြန်မဖြေ။ မကောင်းဆိုးဝါးတစ်ကောင်လိုသာ မာန်ဖီလိုက်သည်။

ဇေယျာက တုန်တုန်ယင်ယင်ဖြင့် . . .

''မင်း. . . မင်း ဘယ်သူလဲ''

''ငါကတော့ မေဇွန်ဖြစ်မယ်လို့ထင်တာပဲ၊ အခု ငါတို့ကို ခြောက်နေတာ နင်မဟုတ်လား. . . မေဇွန်''

မျိုးခိုင်၏စကားကြောင့် ဇေယျာက အသက်မပါစွာရယ်ပြီး. . .

''နင်ကများ ငါတို့ကိုခြောက်တယ်ပေါ့လေ. . . ဟားဟား''

''မေဇွန်. . . နင်ကမေဇွန်လား''

မေဇွန်က ဘာမှပြန်မပြောသေးဘဲ တံမြက်စည်းတံကို တစ်ချက်ဝှေ့ယမ်းလိုက်၏။ သူမက တံမြက်စည်းတံထိပ်မှ ပုံတူရုပ်တုကို လက်ညှိုးထိုးပြရင်း . . .

''မေဇွန်. . . လား၊ မေဇွန့်ခေါင်းပြတ်ကြီးက ဒီမှာလေ''

သူမ၏အသံကြီးက နက်ရှိုင်းပြီး လှိုက်သံပေါက်နေသည်။

''ဟင်. . . ဟင်. . .''

မျိုးခိုင်တို့နှစ်ယောက်စလုံး နဝေတိမ်တောင်ဖြစ်သွားပြီး အလန့်တကြားရေရွတ်လိုက်ကြ၏။ သူတို့၏မျက်နှာများက သွေးဆုတ်ဖြူရော်လျက်။

မေဇွန်က တံမြက်စည်းတံကိုဝှေ့ယမ်းပြကာ မျိုးခိုင်နှင့်ဇေယျာကို စိန်းစိန်းခါးခါးစိုက်ကြည့်ရင်း . . .

''ဒါ မေဇွန်ရဲ့ခေါင်းပြတ်ကြီးလေ၊ သူ့ခမျာ သူ့ခေါင်းကို အဆုံး



www.burmeseclassic.com

ရှုံးမခံချင်ရှာပါဘူး၊ ဒါပေမယ့် ငါက မရမကဖြတ်ယူလာခဲ့တာပဲ''

မျိုးခိုင်ရောဇေယျာပါ ခေါင်းပြတ်ရုပ်တုကို မျက်လုံးပြူးမျက်ဆံပြူးနှင့် ဝိုင်းကြည့်နေကြသည်။

ဇေယျာက မျိုးခိုင်၏အင်္ကျီလက်စကို မလွှတ်တမ်းဆုပ်ကိုင်ထား၏။

ဇေယျာက နောက်တစ်ကြိမ် ခြောက်ကပ်ကပ်ရယ်လိုက်သည်။ သူက မေဇွန်အား စိတ်ရှုပ်ထွေးနားမလည်နိုင်စွာ စိုက်ကြည့်နေ၏။ သူက . . .

''နင် မေဇွန်မဟုတ်လား။ ဒီလိုကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါးအသံကြီးကို နင် ဘယ်လိုလုပ်ထားတာလဲ''

''နင်တို့သူငယ်ချင်းမေဇွန်က ဒီမှာ၊ သူ့တစ်ကိုယ်လုံးမှာ ဒီခေါင်းပြတ်တစ်ခုပဲကျန်တော့တယ်''

မေဇွန်က အက်ကွဲလေးတွဲ့စွာပြောရင်း တံမြက်စည်းတံထိပ်မှ ရုပ်တုကို မြှောက်ပြလိုက်သည်။

ဇေယျာက တံတွေးတစ်ချက်မျိုချလိုက်၏။ သူ့မျက်လုံးများက ခေါင်းညိတ်သလိုလှုပ်နေသော မေဇွန့်ပုံတူရုပ်တုမှမခွာ။

မျိုးခိုင်ကတော့ မကောင်းဆိုးဝါးမျက်နှာဖုံးကို မမိုတ်မသုန်စိုက်ကြည့်ရင်း တောင့်တောင့်ကြီးရပ်နေသည်။

မေဇွန်က အစွယ်များကြားမှထွက်ပေါ်လာသော ခြိမ်းခြောက်ဗိုလ်ကျသည့်အသံဖြင့် . . .

''နင်တို့လက်ထဲကအလှူငွေအိတ်တွေ ငါ့ကိုပေးကြစမ်း''

''ဟမ် . . . ဘာ''

''ပေးစရာရှိတာပေးစမ်း၊ ရတ်ရတ် ရတ်ရတ်မလုပ်နဲ့၊ နင်တို့ခေါင်းတွေကိုပါ ဖြတ်ပစ်မယ်''

မျိုးခိုင်နှင့်ဇေယျာက မေဇွန့်စကားကို သဘောကျသွားသလိုတခွိခွိနှင့်ရယ်ကြ၏။



မေဇွန်က ဒေါသထွက်လာသောရင်ခေါင်းသံကြီးနှင့် . . .

''ငါပြောနေတဲ့အထဲမှာ ရယ်စရာမပါဘူး''

ဒေါသမာန်ပါလှသော သူမ၏စကားက သူတို့နှစ်ယောက်၏ရယ်သံကို ခုတ်ဖြတ်လိုက်သလို တိကနဲရပ်သွားစေသည်။

ဇေယျာက တိုးဖျော့သောအသံဖြင့် . . .

''မေဇွန် . . . ငါတို့ကို ခဏလေးအသက်ရှူခွင့်ပေးပါဦးဟာ''

ကြောက်ရွံ့မှုကြောင့် သူ့မျက်ဝန်းများကို ရဲရဲမဖွင့်နိုင်တော့။

မျိုးခိုင်ကလည်း လေသံဖျော့ဖျော့ဖြင့် . . .

''အေး . . . ဟုတ်တယ်''

''ဘာဟုတ်တာလဲ၊ နင်တို့ရဲ့စက္ကူအိတ်တွေပေးမလား၊ ဒါမှမဟုတ် ဇက်အပြုတ်ခံမလား၊ ကြိုက်ရာတစ်ခုရွေးကြစမ်း''

မေဇွန်က ပြောပြောဆိုဆိုနှင့် သူတို့ပိုကြောက်သွားအောင် တံမြက်စည်းတံကို ဟန်ပါပါ ဝှေ့ယမ်းလိုက်၏။

ထိုစဉ် သူတို့သုံးယောက်၏မျက်လုံးများက အလင်းရောင်ပြောက်တိပြောက်ကျားကျနေသော ရုပ်တုပေါ်သို့ ရောက်ရှိသွားသည်။

ကြည့်နေစဉ်မှာပင် လေပြင်းတစ်ချက်ဝှေ့ယမ်းလိုက်သဖြင့် ခေါင်းပြတ်ရုပ်တုက အသက်ဝင်လာသလို လှုပ်ယမ်းတုန်ခါသွား၏။

ခေါင်းပြတ်ရုပ်တုက မျက်တောင်မခတ် စူးစိုက်ကြည့်နေသလို မေဇွန်တို့သုံးယောက်စလုံး ခံစားလိုက်ရသည်။

စူးစူးစိုက်စိုက် မျက်လုံးပြူးပြူးနှင့် . . .

ရုပ်တုမျက်လုံးတွေက ကြောက်ရွံ့ဖွယ်ရာ။

မေဇွန့်အတွေးမဆုံးခင် ရုပ်တု၏နှုတ်ခမ်းနှစ်လွှာ ဖြည်းဖြည်းချင်းမွင့်လာပြီး မသဲမကွဲ စကားသံလိုလို . . .

မေဇွန် ကြက်သီးဖြန်းဖြန်းထကာ ခေါင်းနားပန်းကြီးသွားပြီး လက်ထဲမှခေါင်းပြတ်ရုပ်တုကို မျိုးခိုင်တို့နှင့်အတူ ငေးကြည့်နေမိသည်။

ရုပ်တုကများ စကားပြောနေလေသလား . . . သူတို့နားထဲတွင်

www.burmeseclassic.com

အသံတစ်သံ ကြားလိုက်ရသလိုပင်. . .။

"ကယ်ကြပါရှင်. . . ကယ်ကြပါ"

■

## အခန်း (၁၉)

မေဖွန် လက်ထဲမှတံမြက်စည်းတံကို ကြောက်လန့်တကြား လွှတ်ချလိုက်၏။ တံမြက်စည်းတံက ဇေယျာ၏ခြေထောက်အနီးသို့ ပြုတ်ကျသွား၏။ ဦးခေါင်းရုပ်တုကတော့ တံမြက်စည်းတံမှပြုတ်ထွက်ကာ ခြံစည်းရိုးအနီးသို့ လိမ့်သွားသည်။

မျိုးခိုင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

"ခေါင်း. . . ခေါင်းပြတ်ကြီးက စကားပြောတယ်ကွ"

ဇေယျာကလည်း တအီအီနှင့်ညည်းတွားလိုက်သည်။

ထို့နောက် ဘာစကားမှထပ်မပြောနိုင်တော့ဘဲ မျိုးခိုင်နှင့် ဇေယျာမှာ လက်ထဲမှစက္ကူအိတ်များကိုလွှတ်ချပြီး တစ်ချိုးတည်းလစ်ပြေးလေတော့၏။ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ပြေး

www.burmeseclassic.com

သွားသောခြေသံများကို ပလက်ဖောင်းတစ်လျှောက် တဖျတ်ဖျတ်နှင့် ကြားရသည်။

လေပြင်းတစ်ချက်တိုက်ခတ်လိုက်ချိန်တွင် မေဇွန် စိတ်ရိုင်းတွေ ပိုမိုရှုန်းကြွလာ၏။

သူမ လည်ဆန့်ခေါင်းမော့ပြီး မကောင်းဆိုးဝါးတစ်ကောင်လို ဆွဲဆွဲငင်ငင် အူပစ်လိုက်ချင်သည်။

သူမ၏အပေါ်အင်္ကျီကို တစ်စစီဆွဲဖြဲပြီး ညကောင်းကင်ထဲသို့ တိုးဝင်ပျံသန်းသွားချင်၏။

သစ်ပင်များနှင့် အိမ်ခေါင်မိုးများပေါ်သို့ ခုန်ကူးပြေးလွှားကာ ပိန်းပိတ်အောင်မှောင်သောညနက်ထဲတွင် အားရပါးရ အော်ဟစ်ပစ်လိုက်ချင်သည်။

မေဇွန်က အချိန်အတန်ကြာအောင် တောင့်တောင့်ကြီးရပ်ပြီး လေပြင်းပြင်းတိုက်ခတ်မှုကို ခံယူနေမိ၏။

ဘာပဲဖြစ်ဖြစ် သူမအနိုင်ရလိုက်သည်။ မျိုးခိုင်တို့ ကြောက်ကြောက်လန့်လန့်နှင့်ထွက်ပြေးသွားကြပြီ။ သူတို့နှစ်ယောက်စလုံး ကြောက်လွန်းသဖြင့် သေးဖျန်းဖျန်းထွက်ကျလုမတတ်။

မျိုးခိုင်နှင့်ဇေယျာတို့၏ တုန်လှုပ်ချောက်ချားနေသော အကြည့်များနှင့်ကြောက်ရွံ့မှု၊ မယုံကြည်နိုင်မှုများ ပြည့်နှက်နေသည့်မျက်ဝန်းများကို မေဇွန် ဒီတစ်သက် မေ့ပျောက်၍ရနိုင်မည်မထင်တော့။

ထို့အပြင် တစိမ့်စိမ့် ကြည်နူးစရာကောင်းသော သူမ၏အောင်မြင်မှုကိုလည်း တစ်သက်လုံး အမှတ်ရနေပေတော့မည်။ လှပချိုမြိန်လွန်းသော လက်စားချေမှုတစ်ခု။

သို့ရာတွင် မေဇွန် လန်းဆန်းပေါ့ပါးစွာ ပျော်ရွှင်နေသော်လည်း ကြောက်ရွံ့မှုတစ်ခုကိုပါ ခံစားနေရဆဲ။

ဦးခေါင်းပြတ်ရုပ်တုက တကယ်ပဲ အသက်ဝင်လာလေသလား ဟု မေဇွန် စဉ်းစားနေမိသည်။ ကိုယ့်လှည့်ကွက်ထဲ ကိုယ်ပြန်ဝင်မိမည့်ဘေးမှ သူမ သီသီကလေးလွတ်လာသဖြင့် တော်သေးသည်။



မေဇွန် ခေါင်းအေးအေးဖြင့်စဉ်းစားကြည့်ပြီးမှ ရုပ်တုက အသက်ဝင်လာပြီး အော်ဟစ်အကူအညီတောင်းသည့်ကိစ္စမှာ မဖြစ်နိုင်ကြောင်း ဆင်ခြင်မိ၏။

ရုပ်တုအပေါ်ကျရောက်နေသော အရိပ်များကြောင့် အမြင်အာရုံမှောက်မှားခြင်းဖြစ်မည်ဟု သူမတွေးမိသည်။

ဒါနဲ့ ငါ့ရဲ့ပုံတူရုပ်တု ဘယ်ရောက်သွားပါလိမ့်။

ငါ ယောင်ပြီးလွှတ်ချလိုက်တဲ့ တံမြက်စည်းတံရော. . .။

မတွေ့လည်းကိစ္စမရှိပါဘူး။ ဒါတွေက အသုံးမှမလိုတော့တာ ဟု မေဇွန်တွေးလိုက်မိ၏။

သူမ အနိုင်ရခဲ့ပြီးပြီပဲ။ ကျန်တာတွေမလိုအပ်တော့ဘူးထင်ပါတယ်။

ယခုအခါ မေဇွန်မှာ ရုပ်ကွက်ထဲမှလမ်းများအတိုင်း မပြေးရုံတမယ်ခြေလှမ်းများဖြင့် ပြန်လျှောက်လာ၏။

သူမ၏ခြေလှမ်းများက ပေါ့ပါးသွက်လက်နေသည်။

အသက်ကိုပင်မရှူမိဘဲ မေဇွန် ဝမ်းသာအားရနှင့် ကသောကမျောလျှောက်လာခဲ့၏။

နောက်ဆုံး မခံမရပ်နိုင်လောက်အောင်မောလာသဖြင့် မေဇွန် ခဏနားပြီး အမောဖြေနေမိသည်။ သူမ၏တစ်ကိုယ်လုံး ဟောဟဲလိုက်ကာ တုန်ယင်နေ၏။ ရင်တွေလည်း တထိတ်ထိတ်နှင့်ခုန်နေသည်။

ထိုစဉ် တစ်စုံတစ်ရာက သူမပုခုံးကိုလာထိ၏။

မေဇွန် လန့်ဖျတ်ပြီး ခေါင်းနားပန်းကြီးသွားသည်။

"ဟင်"

■

www.burmeseclassic.com

## အခန်း (၂၀)

မေဗွန်လှည့်ကြည့်လိုက်တော့ ပုခုံးပေါ်သို့လက်တင်ထားသော သီရိကိုတွေ့လိုက်ရ၏။

မေဗွန့်မှာ အသက်ပင်ဖြောင့်အောင်မရှူအားဘဲ . . .

''သီရိ''

သီရိက ရယ်ကျဲကျဲဖြင့်ကြည့်ကာ မေဗွန့်ပုခုံးပေါ်မှ လက်ကို ရုတ်ရင်း . . .

''ရှာလိုက်ရတာမေဗွန်ရယ်၊ နင် ဘယ်တွေလျှောက်သွားနေတာလဲ''

''ငါ. . . ငါ မျက်စိလည်ပြီး လမ်းပျောက်နေလို့ဟ''

''နင်ဟာလေ. . . ပထမတော့ မျက်စိရှေ့မှာရှိသေးတယ်၊ ဖျတ်



ကနဲကြည့်လိုက်တော့ အစအနတောင်ရှာမရတော့ဘူး''

''အေး. . . ဒါနဲ့ နင်ရော့အဆင်ပြေလား''

''မပြေပါဘူးဟာ. . . ငါ့ဝတ်စုံက ခြံတံခါးတစ်ခုနဲ့ညိပြီး ပြဲသွားတယ်လေ''

သီရိ၏စကားကြောင့် မေဗွန်က စုတ်တစ်ချက်သပ်ရင်း . . .

''ကျွတ်. . . ကြားရတာစိတ်မကောင်းစရာပဲ''

''အေး. . . ငါကတော့ မှိုင်းတယ်ဟာ၊ ဒါနဲ့ နင် လူဘယ်နှစ်ယောက်လောက်ကို ဒီမျက်နှာဖုံးနဲ့ခြောက်ခဲ့သေးလဲ''

သီရိက ကြောင်ရိုင်းဝတ်စုံမှ စုတ်ပြဲနေသည့်အစကို လက်ဖြင့် ပွတ်သပ်ရင်းမေးလိုက်သည်။

မေဗွန်က ဘာမှမဖြစ်ခဲ့သလိုလေသံမျိုးဖြစ်အောင် ကြိုးစား၍ . . .

''ဒီလိုပါပဲ ကောင်လေးငါးယောက်ခြောက်ယောက်တော့ ခြောက်ခဲ့တယ်''

''အဲဒီမျက်နှာဖုံးက ဘယ်အချိန်ကြည့်ကြည့် ကြောက်စရာကောင်းတယ်နော်''

''ဒါ့ကြောင့်လည်း ငါ တကူးတကသွားဝယ်လာတာပေါ့ဟ''

မေဗွန့်စကားအဆုံးတွင် သူမတို့နှစ်ယောက်စလုံး ရယ်လိုက်ကြ၏။

''စကားမစပ် နင် အလှူငွေလိုက်ကောက်တာ ဘယ်လောက်ရခဲ့သလဲ. . . မှန်းစမ်း''

သီရိက ဖိုးဖိုးဖပ်ဖပ်နှင့် မေဗွန့်စက္ကူအိတ်ကိုဆွဲယူကာ ဖွင့်ကြည့်လိုက်သည်။

''အားပါးပါး. . . မေဗွန်. . . နင် ရတနာပုံဆိုက်လာပါလားဟင်''

''အေးဟ. . . ငါ တစ်အိမ်တက်ဆင်းအလှူခံလိုက်ကောက်တာ များသွားတယ်''

www.burmeseclassic.com

"ငါတို့ အိမ်ကိုပြန်ပြီး အလှူခံလို့ရလာတဲ့ပိုက်ဆံတွေ ရေတွက်ကြည့်ရင်မကောင်းဘူးလား"

"ကောင်းသားပဲ. . . လာ. . . လစ်စို့"

မေဖွန်က ပြောပြောဆိုဆိုနှင့် သီရိနောက်မှလိုက်လာခဲ့၏။

လမ်းတစ်ဝက်ခန့်အရောက်တွင် သီရိက ခြေလှမ်းများကိုရပ်ပြီး . . .

"မေဖွန်. . . နင် ပေတဒါနအလှူငွေ ထပ်ကောက်ချင်စိတ်ရှိသေးလား'

"တော်လောက်ပါပြီ. . . အိမ်ပဲပြန်ကြရအောင်"

စကားဆုံးသွားသော်လည်း မေဖွန့်စိတ်ထဲတွင် ရယ်ပြီးပြောနေမိသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဒီည ငါလုပ်ချင်တာတွေ လုပ်ပြီးသွားပြီလေ"

မေဖွန်နှင့်သီရိတို့ဆက်ပြီး လျှောက်လာခဲ့၏။ ညည့်လေကသူမတို့မျက်နှာချင်းဆိုင်တည့်တည့်မှ တိုက်ခတ်နေသဖြင့် လေကိုဆန်ပြီး လမ်းလျှောက်နေရသလိုပင်။

သီရိက စကားစလိုက်၏။

"နင်. . . မျိုးခိုင်နဲ့ဇေယျာကို တွေ့သေးလား၊ ငါကတော့ တစ်ညလုံး နင်ရယ်၊ မျိုးခိုင်နဲ့ဇေယျာရယ်ကိုရှာရတာ လည်ပင်းတောင်ရှည်မတတ်ပဲ၊ ဒီည ဘာဖြစ်လို့ ငါတို့လေးယောက် မဆုံကြတာလဲနော်"

မေဖွန်က ပုခုံးတွန့်ပြကာ ဟက်ကနဲရယ်လိုက်ရင်း . . .

"မျိုးခိုင်တို့နဲ့ ငါတွေ့ခဲ့တယ်ဟ၊ သိပ်မကြာသေးဘူး၊ သူတို့နှစ်ယောက်ကလည်းဟာ အသည်းငယ်လိုက်တာလွန်ပါလေရော"

"ဟင် မျိုးခိုင်နဲ့ဇေယျာက အသည်းငယ်တယ်၊ ဟုတ်လား"

"ဟုတ်ပ့ါ၊ သူတို့ခမျာ ငါ့မျက်နှာဖုံးကိုမြင်တာနဲ့ ချာကနဲလှည့်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တာပဲ"

မေဖွန့်စကားကြောင့် သီရိက တခစ်ခစ်နှင့်ရယ်ရင်း . . .



"ခစ်. . . ခစ်. . . ငါဖြင့် ယုံတောင်မယုံနိုင်ဘူး၊ သူတို့က ကြည့်လိုက်ရင်တော့ တကယ့်သတ္တိခဲသူရဲကောင်းကြီးတွေလို ပုံဖမ်းထားကြတာ"

"အေး. . . ငါလည်း မျိုးခိုင်တို့နောက်ကိုလိုက်ပြီး အော်ခေါ်ပါသေးတယ်၊ ဒါပေမဲ့ သူတို့က သေမင်းလိုက်လာတဲ့အတိုင်းပဲ၊ ပြေးလိုက်ကြတာ"

"မျိုးခိုင်တို့ကလည်း နင့်ကိုခြောက်ဖို့ အစီအစဉ်ဆွဲထားသေးတယ်ဟ. . . သိလား၊ သူ့တို့က နင့်နောက်ဘက်ကို တိတ်တိတ်လေးကပ်လာပြီး အသံမျိုးစုံနဲ့ ခြောက်လှန့်မလို့တဲ့"

မေဖွန်က တဟင်းဟင်းနှင့်ရယ်ပြီး . . .

"သူတို့ဘာသာသူတို့တောင် အသက်ကို ဖက်နဲ့ထုပ်ပြီး ပြေးနေရတဲ့ညမှာ၊ တခြားသူတစ်ယောက်ရဲ့ နောက်ဘက်ကို တိတ်တိတ်လေးကပ်ဖို့တော့ ဝေးရောပေ့ါဟာ"

သူမတို့ စကားတပြောပြောနှင့်လျှောက်လာရင်း သီရိ၏အိမ်သို့ ရောက်လာကြသည်။

သီရိက အိမ်ရှေ့တံခါးကိုခေါက်လိုက်၏။ ခဏအကြာတွင် သီရိ၏အမေက တံခါးလာဖွင့်ပေးသည်။ သူမတို့ အိမ်ထဲလှမ်းဝင်လိုက်ကြ၏။

သီရိ၏အမေက မေဖွန့်မျက်နှာဖုံးကို သေသေချာချာကြည့်ရင်း. . .

"မေဖွန့်မျက်နှာဖုံးကကောင်းလိုက်တာ၊ ဒါနဲ့ သမီးတို့ အလှူငွေလိုက်ကောက်ရတာ အဆင်ပြေခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ ပြေပါတယ်မေမေ"

ပြောပြောဆိုဆိုဖြင့် သူမတို့နှစ်ဦးသား သီရိ၏အခန်းထဲသို့ဝင်လာခဲ့ကြသည်။

အခန်းထဲသို့ရောက်သောအခါ သီရိက သူမအလှူခံလာခဲ့သောပိုက်ဆံတွေအားလုံးကို အိတ်ထဲမှနေ၍ စားပွဲပေါ်သို့သွန်ချလိုက်၏။

www.burmeseclassic.com

ထို့နောက် သူမက ငွေစက္ကူစများနှင့် အကြွေများရောနှောနေသော ပိုက်ဆံပုံကိုကြည့်ကာ ပုခုံးတွန့်ပြလိုက်၏။

"တော်တော်နည်းသွားတယ်ဟနော် မေဇွန်၊ မနစ်ကလောက် တောင်မရဘူး"

သီရိက ညည်းညည်းညူညူဖြင့်ပြောရင်း သူမ၏မျက်နှာဖုံးကို ချွတ်ပစ်လိုက်သည်။ ထို့နောက် ညအိပ်ဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်၏။ ထို့နောက်. . .

"ဟူး. . . အခုမှပဲ ပေါ့ပေါ့ပါးပါးနဲ့ နေသာထိုင်သာရှိသွားတော့တယ်၊ မျက်နှာဖုံးကြီးစွပ်ထားရတာ ပူလိုက်အိုက်လိုက်တာဟာ၊ မေဇွန် နင်ရော. . . နင့်မျက်နှာဖုံးကို ချွတ်ထားလိုက်ပါလား၊ တကတည်း နင် မို့လို့ အသက်ရှူမကျပ်တဲ့အတိုင်းပဲ"

သီရိပြောလိုက်ကာမှ မေဇွန် အတွေးတစ်ချက်ဝင်လာသည်။ သူမ၏မျက်နှာဖုံးကတော့ ပူခြင်းအိုက်ခြင်း၊ မွန်းကျပ်ခြင်းလည်းမရှိ။ မည်သို့သောခံစားမှုမျိုးကိုမှ မပေးပါ။

အမှန်ပြောရလျှင် သူမမျက်နှာပေါ်တွင် မျက်နှာဖုံးတစ်ခု တပ်ဆင်လျက်ရှိနေသည်ဟုပင် မခံစားရချေ။

သို့သော် မေဇွန်က အလိုက်အထိုက်ပင်။

"အေး. . . ဟုတ်တယ်၊ ငါ့မျက်နှာဖုံးကိုလည်း ချွတ်ထားလိုက်တာပဲကောင်းပါတယ်"

မေဇွန်က ပြောပြောဆိုဆိုဖြင့် သူမ၏နားရွက်နောက်တွင်ရှိသော မျက်နှာဖုံး၏အနားသတ်အစွန်းကို ဆွဲကိုင်ကာခွာလိုက်၏။

"အား"

ကိုယ့်အသားကိုယ်ပြန်ဆွဲဆိတ်ရသလိုပင် ဖြစ်နေသည်။ မျက်နှာဖုံးအစကတော့ ကွာထွက်မလာချေ။

ထို့ကြောင့် မေဇွန်က နဖူးဆံစပ်အောက်နားတွင်ကပ်လျက်ရှိသော မျက်နှာဖုံးအစွန်းကို ဆွဲခွာဖို့ လက်သည်းဖြင့်ကုပ်ပြီး ဆွဲကြည့်သည်။



"အား"

မျက်နှာဖုံးက မျက်နှာအရေပြားနှင့် တစ်သားတည်းဖြစ်အောင် ပူးကပ်နေပုံရသည်။ မျက်နှာဖုံး၏အစွန်းအနားသတ်ကို ရှာ၍မရချေ။

မေဇွန် တုန်လှုပ်သွားသည်။

"ဟင်. . . ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲဟင်. . . မေဇွန်"

သီရိက အလှူခံ၍ရလာသော ပိုက်ဆံများကို ရေတွက်ကြည့်နေရာမှ မေဇွန့်ဘက်သို့လှည့်ကာ လှမ်းမေးလိုက်၏။

မေဇွန်က ပြန်မဖြေနိုင်။ သူမ၏ လည်ပင်းတစ်ဝိုက်လောက်တွင်ရှိသော မျက်နှာဖုံးအနားစွန်းကိုလှန်ပြီး ဆွဲခွာပစ်ဖို့ကြိုးစားနေ၏။ မရ။

သူမ၏မျက်နှာတစ်ပြင်လုံးတွင် မည်သည့်နေရာမှာမှ မျက်နှာဖုံးအနားစွန်းကို ရှာမရတော့ပြီ။

မျက်နှာဖုံးသည် မေဇွန့်မျက်နှာနှင့် တစ်သားတည်းဖြစ်သွားလေပြီလား။

"မေဇွန်. . . မေဇွန်. . . နင်ဘာဖြစ်နေတာလဲ"

သီရိ၏အမေးစကားသံက စိုးရိမ်တကြီးဖြစ်လာ၏။ မေဇွန်က ချောက်ချားတုန်ယင်နေသောအသံဖြင့် . . .

"ကယ်ပါဦး. . . ငါ့ကို ကယ်ပါဦးဟ၊ ဒီမျက်နှာဖုံးကို လုံးဝ ချွတ်လို့မရတော့ဘူး၊ ဒါ. . . ဒါ. . . မျက်နှာဖုံးမဟုတ်တော့ဘူး၊ ငါ့ အရေပြားဖြစ်သွားပြီ"

■

www.burmeseclassic.com

## အခန်း (၂၁)

သီရိက ကုတင်ပေါ်မှနေ၍ အလန့်တကြားခုန်ဆင်းလိုက်ရာ ကြမ်းပြင်ကော်ဇောပေါ် ဒူးထောက်လျက်ကျသွား၏။

"မေဇွန်. . . နင် ငါ့ကို နောက်မနေနဲ့နော်"

"ငါ. . . ငါ. . . နောက်နေတာမဟုတ်ဘူး"

"တော်စမ်းပါ မေဇွန်ရယ်၊ နင် တစ်ညလုံး တခြားလူတွေကို ခြောက်လို့အားမရသေးတာနဲ့ အခု ငါ့ဘက်လှည့်လာပြန်ပြီပေါ့ဟုတ်လား"

"ငါ တကယ်ပြောနေတာ၊ ငါ့ကိုကယ်ပါဦး သီရိရယ်"

မေဇွန်၏အသံက ပူလောင်ဆူပွက်နေသလို လက်တွေကလည်း ကယောင်ကတမ်းဖြင့် သူမ၏မျက်နှာတစ်ခုလုံးကို ကုတ်ခြစ်ခွာ



ချပစ်ဖို့ သွေးရူးသွေးတန်းကြိုးစားနေလေသည်။

မေဇွန်၏ သွေးပျက်နေသောအမူအရာကို မြင်ရသောအခါ သီရိက အံ့ဩတုန်လှုပ်သွားပြီး . . .

"နင်. . . နင် တကယ်ပြောနေတာဟုတ်လား၊ ဒုက္ခပါပဲ၊ ပြစမ်း. . . ပြစမ်း. . ."

သီရိက ပြောပြောဆိုဆိုဖြင့် မျက်နှာဖုံးကို ကူပြီးချွတ်ပေးဖို့ ကြိုးစားသည်။ သီရိက မေဇွန်၏မျက်နှာတစ်ခုလုံးကို လက်ဖြင့် လိုက်စမ်းသော်လည်း ဘယ်နေရာကဆွဲခွာရမည်မှန်းမသိ ဖြစ်နေ၏။

"မေဇွန် ဒီမျက်နှာဖုံးက ဘာနဲ့လုပ်ထားတာလဲ၊ ရာဘာနဲ့လည်းမတူဘူး၊ ကိုင်ရတာ ပူနွေးနွေးပျော့စိစိနဲ့ လူ့အရေပြား လူ့အသားအတိုင်းပဲ"

"မသိဘူးဟာ. . . မသိဘူး၊ ဘာနဲ့ပဲလုပ်ထားလုပ်ထား ငါဂရုမစိုက်ဘူး၊ လောလောဆယ် ဒီမျက်နှာဖုံးကို ချွတ်ချင်တာတစ်ခုပဲ ငါသိတယ်၊ မြန်မြန်ဆွဲချွတ်ပေးစမ်းပါဟာ"

မေဇွန်က အလောတကြီးတောင်းဆိုနေသဖြင့် သီရိက မေဇွန်၏မေးစေ့ဝဲယာနှစ်ဖက်ကို လက်မလက်ညှိုးဖြင့်ညှပ်ကာ အပေါ်ကို ဆွဲတင်ဖို့ကြိုးစားသည်။

သို့သော် မရ။

သီရိက လက်ဖြင့်ကုတ်ခြစ်ပြီး ဆွဲခွာသည်။

"အား"

မေဇွန်က နာကျင်စွာဖြင့်အော်ဟစ်လိုက်၏။ မျက်နှာဖုံးကို ချွတ်၍မရလေလေ သီရိက ပိုပြီးစိတ်ပူလာလေလေဖြစ်သည်။ ထို့နောက် သီရိက တစ်စုံတစ်ရာကိုစဉ်းစားမိဟန်ဖြင့် . . .

"တစ်ခုတော့ရှိတယ်ဟ၊ နင် ဒီမျက်နှာဖုံးကို အဆုံးခံနိုင်လား"

"ဘာ. . . ဘာပြောတယ်"

"ဒီလိုလေဟာ၊ မျက်နှာဖုံးကို တစ်နေရာရာက ဟလာအောင်

www.burmeseclassic.com

ခွဲပြီး အဲဒီနေရာကနေ ကတ်ကြေးနဲ့ဖြစ်ဖြစ် ညှပ်ထုတ်လိုက်ရင်တော့ ချွတ်လို့ရမှာပဲ၊ ဒါပေမဲ့ နင့်မျက်နှာဖုံးတော့ ပျက်စီးသွားလိမ့်မယ်၊ ဘယ်လိုလဲ မေဖွန့်''

''ပျက်ချင်ပျက်ပါစေဟာ၊ ငါဂရုမစိုက်ဘူး၊ ဒီမျက်နှာဖုံးကို ချွတ်လို့ရရင်ပြီးရော''

မေဖွန့်၏ပြန်ဖြေလိုက်သံက ဒဏ်ရာရနေသော တိရစ္ဆာန်တစ်ကောင်၏ငိုညည်းသံလို ကယောင်ကတမ်းဖြစ်နေ၏။ ထို့ကြောင့် သီရိက . . .

''အေးပါ. . . အေးပါ၊ စိတ်အေးအေးထားပါမေဖွန့်ရယ်၊ ငါလုပ်ပေးပါ့မယ်''

ဟု နှစ်သိမ့်ရင်း သူမမိခင်၏အခန်းထဲမှ ကတ်ကြေးတစ်လက်ကို သွားယူလာ၏။ ထို့နောက် . . .

''ကဲ. . . ဒီတစ်ခါ ထပ်ပြီးကြိုးစားကြည့်လိုက်ရအောင်၊ အိုကေသွားမှာပါဟာ မပူပါနဲ့''

''မြန်မြန်လုပ်စမ်းပါဟာ''

''ကဲ. . . ခေါင်းမော့ထားမေဖွန့်၊ နင့်လည်ပင်းအောက်က မျက်နှာဖုံးအစပ်ကိုရှာပြီး လက်ညှိုးတစ်ချောင်းစာဝင်ရုံလောက် ခွဲခွာကြည့်မယ်၊ ပြီးရင် အဲ့ဒီနေရာကနေ ကတ်ကြေးကိုထည့်ပြီး ညှပ်ပစ်လိုက်တာပေါ့ဟာ၊ ဟုတ်ပြီလား''

မေဖွန့်က ခေါင်းကိုမော့ပေးလိုက်၏။ သီရိက လည်ပင်းနားတစ်ဝိုက်ကို လက်ဖြင့်စမ်းရင်း မျက်နှာဖုံးအစပ်ကိုရှာသည်။

မတွေ့။

ငါ မျက်စိအမြင်မှားများနေလို့လားဟု သီရိကတွေးရင်း သေသေချာချာထပ်ကြည့်လိုက်သည်။ အဲဒီမှာပင်. . .

''ဟင်''

အံ့ဩလွန်းသောကြောင့် သီရိ၏နှုတ်မှ ယောင်ယမ်းအော်ဟစ်လိုက်မိသည်။ သူမမြင်နေရသည့်အရာကို သူမကိုယ်တိုင်ပင် မယုံ



ချင်။

''တစ်ခုခုတော့ ကြောက်စရာကောင်းလောက်အောင် မှားနေပြီ မေဖွန့်''

သီရိအသံက တိုးဖျော့တုန်ယင်နေသည်။ သီရိက ဆက်၍ပြောလိုက်သည်။

''မျက်နှာဖုံးရဲ့မေးရိုးအစပ်မှာ မှဲ့အစိမ်းလေးတစ်လုံးပေါ်နေတယ် မေဖွန့်၊ ဒါ. . . ဒါ မျက်နှာဖုံးမဟုတ်တော့ဘူး၊ ဒါ နင့်မျက်နှာပဲ မေဖွန့်''

www.burmeseclassic.com

## အခန်း (၂၂)

"ဟင့်အင်း. . . ဟင့်အင်း၊ မဖြစ်နိုင်ဘူး"

မေဇွန်က သွေးရူးသွေးတန်းအော်ဟစ်ရင်း အခန်းထောင့်ရှိ ကိုယ်လုံးပေါ်မှန်ကြီးရှိရာဆီသို့ ပြေးသွားလိုက်သည်။

မှန်ထဲတွင်ပေါ်နေသော သူမ၏ပုံရိပ်က သူမကို ပြန်ပြီး ခြောက်လှန့်နေလေသည်။ အထူးသဖြင့် မျက်လုံးတွေက သွေးဆာ နေသော သတ္တဝါတစ်ကောင်လို အနီရောင်စူးရှနေသည်။

"ဒါ. . . ငါ့မျက်လုံးတွေမဟုတ်ဘူး"

မေဇွန်က ဝမ်းနည်းကြောက်ရွံ့စွာအော်ဟစ်လိုက်၏။ တကယ် ဆိုလျှင် မျက်နှာဖုံး၏မျက်လုံးနေရာများသည် အပေါက်ဖောက်ထား ကြသည်ဖြစ်ရာ ထိုနေရာမှနေ၍ သူမ၏ပင်ကိုယ်မျက်ဝန်းတွေကိုတေ



မြင်ရမည်မဟုတ်ပါလား။

သို့သော် ယခုတော့ သူမ၏မျက်ဝန်းများနေရာတွင် ကြောက် လန့်ဖွယ်ရာ မိစ္ဆာမျက်လုံးတစ်စုံက နေရာယူထားလေသည်။

မေဇွန်က စူးရှကျယ်လောင်စွာ အော်ဟစ်ငိုကြွေးလိုက်သည်။

"မေဇွန်. . . မေဇွန်. . . သတိထားလေ သူငယ်ချင်း"

သီရိက ဘေးမှဖျောင်းဖျနေသော်လည်း မေဇွန်ကတော့ ခေါင်း ကိုသာတွင်တွင်ခါရင်း မှန်ထဲမှသူမ၏ပုံရိပ်ကို လက်ညှိုးထိုးကာ. . .

"အဲဒါ ငါမဟုတ်ဘူး၊ အဲဒါ ငါမဟုတ်ဘူး"

ဟု ကယောင်ကတမ်းအော်ဟစ်နေသည်။

ထို့နောက် သူ့ပုခုံးကိုဖေးမထားသည့် သီရိ၏လက်ကို ဆတ် ခနဲပုတ်ချလိုက်ပြီး အခန်းအပြင်ဘက်သို့ တစ်ဟုန်ထိုးပြေးထွက်သွား လေသည်။

"ဟဲ့. . . မေဇွန်. . . မေဇွန်. . . နေဦးလေ"

မေဇွန်ကတော့ ခြေလှမ်းတွေကိုမရပ်ပါ။ သီရိက နောက်မှ ပြေးလိုက်သွားသော်လည်း မမီတော့ချေ။

"မေဇွန် ဘယ်သွားမလို့လဲ၊ ပြန်လာခဲ့. . . ပြန်လာခဲ့"

သီရိ၏လှမ်းခေါ်သံကို မေဇွန်က ဥပေက္ခာပြုထားပြီး အိမ် တံခါးမကြီးကို ဝုန်းခနဲတွန်းဖွင့်လိုက်သည်။ ထို့နောက် အသိစိတ်ကင်း မဲ့နေသူတစ်ယောက်လို အိမ်ရှေ့လမ်းမအမှောင်ထုထဲသို့ သွေးရူးသွေး တန်း ပြေးထွက်သွားလေတော့သည်။

ကတ္တရာလမ်းနှင့် မေဇွန့်ဖိနပ်တို့ ထိတွေ့သံတဖျတ်ဖျတ်က လူခြေတိတ်သောညအမှောင်ထဲတွင် ကျယ်လောင်နေလေသည်။

ပြေးရင်းလွှားရင်းကပင် မေဇွန် ခါးသီးနာကျည်းစွာ ငိုကြွေး မိ၏။ သစ်ပင်အရိပ်တွေ လမ်းကွေ့အမှောင်ထောင့်ချိုးတွေကို သူမ မြတ်သန်းလာခဲ့သည်။ ဘယ်ကိုသွားရမည်လဲမသိ။ ဘယ်မှာ အဆုံး သတ်ရမည်လဲမသိ။

သူမ၏ဘဝက အမှောင်ထဲတွင် တိုးဝင်ပုန်းအောင်းဖို့ အမှောင်

www.burmeseclassic.com

ထဲကအမှောင်ကို ရှာဖွေနေသူတစ်ယောက်လိုပင် ဖြစ်တော့သည်။

မောပန်းနေသော သူမ၏အသက်ရှူသံကို သူမ ပြန်ပြီးကြားနေရသည်။ အားအင်တွေကုန်ခမ်းစပြုလာနေပြီ။ ပြေးလွှားနေသော ခြေလှမ်းအရှိန်တွေ နှေးကွေးရပ်တန့်သွား၏။

ငါ ဘယ်ကိုသွားရမလဲ။

သူမကိုယ်သူမ ပြန်မေးလိုက်၏။

အဲသည့်အချိန်မှာပင် သူမ၏ရှေ့ မလှမ်းမကမ်းမှာ လူတစ်ယောက်လိုလို သဏ္ဌာန်တစ်ခု ဖြတ်သန်းသွားသည်ကို မြင်လိုက်ရသည်။ မှောင်လွန်းနေသောကြောင့် မသဲကွဲ။

မေဇွန်က ထိုသူ့နောက်သို့ အပြေးကလေးလိုက်သွားလိုက်သည်။ သူမ၏ခြေသံကို ကြားရသော်လည်း ထိုသူကလှည့်မကြည့်။ လက်တစ်ကမ်းစာအကွာအဝေးသို့ ရောက်လာသောအခါတွင်ကား ထိုသူ့ပုံသဏ္ဌာန်ကို မေဇွန်မှတ်မိပြီး အားတက်သွားသည်။

ရှေ့မှသွားနေသူကား ယခင်က မေဇွန်တို့နှင့် အိမ်ချင်းကပ်လျက်နေခဲ့ပြီး လွန်ခဲ့သည့်တစ်နှစ်ခန့်ကမှ အိမ်ပြောင်းသွားသော ကိုစိန်ဦးဆိုသူ ဖြစ်သည်။

မေဇွန်က သူ့ကို အကူအညီတောင်းရန် စိတ်ကူးလိုက်ပြီး. . .

"ဦးလေး. . . ဦးလေးစိန် မဟုတ်လားဟင်"

သူမ၏ခေါ်သံကြောင့် ကိုစိန်ဦးက နောက်သို့တစ်ချက်လှည့်ကြည့်သည်။ ထိုသူ၏မျက်နှာက မျက်နှာသေ။

ကိုစိန်ဦးက မေဇွန့်ကို တစ်ချက်ပြုံးပြ၏။ သူ့အပြုံးက ကြောက်စရာကောင်းလှသည်။ ထို့နောက် ကိုစိန်ဦးက ချာခနဲလှည့်ပြီး လျင်မြန်စွာဆက်လက်ရွေ့လျားသွားသည်။

"ဦးလေးစိန်. . . နေဦးလေ. . . ကျွန်မ. . ."

မေဇွန်က လှမ်းခေါ်ရင်း တစ်စုံတစ်ခုကိုသတိရကာ ပါးစပ်အဟောင်းသားဖြင့် ရပ်တန့်သွား၏။ တစ်ကိုယ်လုံးလည်း ကြက်သီးဖြန်းခနဲထသွားသည်။



မေဇွန် အခုမှသတိရသည်။ ကိုစိန်ဦးကား သူမတို့လမ်းထဲမှ ပြောင်းသွားပြီး မကြာခင်မှာပင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီ မဟုတ်ပါလား။

ဒါ. . . ဒါဆို ငါဟာ သေပြီးသားလူကို မြင်လိုက်ရတာပေါ့။

●

ကြောက်လန့်တကြားဖြင့် ကားလမ်းမအတိုင်း သွေးပျက်ချောက်ချားစွာ ပြေးလွှားလာခဲ့သည်။

ဟိုးခပ်လှမ်းလှမ်းမှာ လူနေအိမ်များမှ မီးရောင်လက်လက်တွေကို တစ်စုတစ်ဝေးမြင်ရသည်။ မြို့လယ်ပိုင်းနဲ့နီးလာပြီထင်ပါရဲ့ဟု သူမတွေးလိုက်၏။

လမ်းလေးခွဆုံအနီးတွင်ရှိသော ကုက္ကိုပင်ကြီးအနီးမှ ဖြတ်သန်းပြီးပြေးသွားလိုက်စဉ် သူမ၏နားထဲ၌ ခေါ်သံလိုလို ကြားလိုက်ရသည်။

ပြေးလက်စခြေလှမ်းကို အသာရပ်တန့်ပြီး နားစွင့်လိုက်မိ၏။

"ကယ်ပါ. . . ငါ့ကိုကယ်ပါဦး"

ထိုအသံက ဘယ်ကလာနေမှန်းမသိ။ သူမက ခပ်သွက်သွက်လျှောက်ပြီး လက်ဝဲဘက်လမ်းသို့ ကြည့်လိုက်သည်။ ဘာကိုမှမတွေ့။ မေဇွန်က သူမ၏နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ မည်သူမျှရှိမနေ။

အဲသည်အချိန်မှာပင် သူမ၏ပုခုံးကို အေးစက်သောလက်တစ်ဖက်က လာရောက်ဆုပ်ကိုင်လိုက်လေသည်။

"ဟင်"

www.burmeseclassic.com

သူမက ထိတ်လန့်တကြားဖြင့် လှည့်ကြည့်လိုက်သည်။

သွေးသံရဲရဲဖြင့် မျက်နှာပေါ် ဆံပင်တွေဖရိုဖရဲကျနေသော အမျိုးသမီးကြီးတစ်ဦး။

ထိုအမျိုးသမီးကြီးက မေဇွန့်ကို အားကိုးတကြီးဖြင့် . . .

"ငါ့ကို ကယ်ပါဦး. . . ကယ်ပါဦး"

"ရှင်. . . ရှင် ဘယ်သူလဲ"

မေဇွန်က တုန်တုန်ယင်ယင်ဖြင့် ပြန်မေးလိုက်၏။ ထိုအမျိုးသမီးကြီးက . . .

"ငါတို့လင်မယားစီးတဲ့ကားကို သစ်လုံးတင်တဲ့ကားကြီးက ဖြတ်တိုက်သွားလို့ ငါ့ယောက်ျား. . . ငါ့ယောက်ျား. . . ကားထဲမှာညပ်နေတယ်၊ ကယ်ပါဦးကလေးမရယ်"

"ဟင်. . . ဘယ်မှာလဲ၊ ဘယ်နားမှာတိုက်သွားတာလဲ အန်တီ"

"ဟို. . . ဟိုမှာလေ"

အမျိုးသမီးကြီးက လက်ယာဘက်လမ်းခွဲဆီသို့ လက်ညှိုးထိုးပြသည်။ မေဇွန်လှမ်းကြည့်လိုက်၏။ ဘာမှမတွေ့။

ထိုစဉ် အပုပ်နံ့လိုလိုအနံ့တစ်ခုကို ဖျတ်ကနဲရလိုက်သည်။

"ဟင်"

ချောက်ချားဖွယ်ရာအတွေးတစ်ခုကို သူမ သတိရလိုက်သည်။ လွန်ခဲ့တဲ့တစ်လလောက်က ဒီကုက္ကိုပင်ကြီးနားမှာ လင်မယားနှစ်ယောက်စီးလာတဲ့ ဆလွန်းကားလေးကို သစ်လုံးတင်ကားကြီးတစ်စင်းက ဝင်တိုက်မိလို့ဇနီးဖြစ်တဲ့သူ ပွဲချင်းပြီးသေသွားခဲ့ရတာပဲ၊ ဒါဆို. . . ဒါ. . .။

ထိုအချိန်မှာပင် ဝှေကနဲတိုက်လိုက်သောလေပြည်ကြောင့် ထိုအမျိုးသမီးကြီး၏မျက်နှာပေါ်မှ ဆံပင်တွေ လွင့်ပျံလူပ်ခါသွားသည်။

မေဇွန် မြင်လိုက်ရသည်ကား . . .



ထိုအမျိုးသမီးကြီး၏ မျက်နှာတစ်ခြမ်းမရှိတော့။

"အမယ်လေး"

မေဇွန် အသံကုန်အော်ဟစ်ပြီး ပြေးထွက်လာခဲ့တော့သည်။

●

မဖြစ်နိုင်ဘူး။

သေပြီးသားလူတွေကို မြင်နေရတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။

ငါ ရူးများရူးနေပြီလား။

ဖြစ်နိုင်သည်။ မျက်နှာဖုံးကြောင့် စိတ်အာရုံတွေ ချောက်ချားအားနည်းကာ တကယ်မရှိသောအရာတွေကို မြင်နေရခြင်းဖြစ်လိမ့်မည်ဟု သူမကိုယ်သူမ ပြန်ဖြေတွေးလိုက်၏။

မျက်နှာဖုံးဟုတွေးလိုက်မိကာမှ သူမစိတ်ထဲတွင် တစ်စုံတစ်ယောက်ကို ပြန်မြင်ယောင်လိုက်မိသည်။

မျက်နှာဖုံးဆိုင်ပိုင်ရှင်။

ထိုသူဆိုလျှင်တော့ သူလုပ်ခဲ့သည့်မျက်နှာဖုံးကို ပြန်ချွတ်ပေးနိုင်သည့် နည်းလမ်းတစ်စုံတစ်ရာကို ရှာဖွေပေးနိုင်ပေလိမ့်မည်။

ထိုအတွေးနှင့်အတူ . . .

ချောက်ချောက်ချားချား သွေးရူးသွေးတန်းပြေးလွှားနေသည့် မေဇွန်၏ခြေလှမ်းများက မျက်နှာဖုံးဆိုင်ရှိရာဆီသို့ ဦးတည်လိုက်လေတော့သည်။

■

www.burmeseclassic.com

## အခန်း (၂၃)

မျက်နှာဖုံးဆိုင်ရှေ့သို့ ရောက်လာသောအခါ သူမ၏ရင်ထဲတွင် အသက်ရှူမဝတော့သလို ဆို့နင့်သွားသည်။

ဆိုင်ကား ပိတ်ထားလေပြီ။

မှောင်မည်းနေသောဆိုင်အတွင်းဆီသို့ ပြတင်းပေါက်မှတဆင့် ငေးစိုက်ကြည့်ရင်း မေဇွန့်နှလုံးသားထဲသို့ စိတ်ပျက်ကြေကွဲ ဝမ်းနည်းမှုတွေ တစိမ့်စိမ့် လေးလံတင်းကျပ်လာသည်။

ပြတင်းပေါက်မှန်တံခါးကို နဖူးဖြင့်ထိမှီထားလိုက်၏။

ငါ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။

မေဇွန်က သူမ၏မျက်လုံးအစုံကို မှိတ်ထားလိုက်ရင်း တစ်ယောက်တည်း တီးတိုးရေရွတ်နေမိသည်။



''ဒါဟာ. . . အိပ်မက်ဆိုးပဲ၊ ဒါတွေအားလုံးဟာ တကယ်ဖြစ်နေတာမဟုတ်ဘူး။ ကဲ. . . အခု အိပ်မက်ကနိုးတော့လေ၊ နိုးလိုက်စမ်းပါ''

မေဇွန်က မှိတ်ထားသောမျက်လုံးအစုံကို ဖျတ်ခနဲဖွင့်ကြည့်လိုက်သည်။

မှောင်မိုက်နေသော ပြတင်းပေါက်မှန်ပေါ်တွင် ရောင်ပြန်ထင်ဟပ်နေသော သူမ၏မျက်နှာပုံရိပ်ကို ပြန်မြင်နေရသည်။

မျက်လုံးတွေက နီရဲသွေးဆာလျက် မျက်နှာတစ်ခုလုံးက ပုံပျက်ပန်းပျက်။ လူသေလောင်းတစ်လောင်း၏ ချောက်ချားဖွယ်ရာမျက်နှာ။

ဒီအတိုင်း မပြောင်းမလဲရှိနေဆဲပင်။

''ဟင့်အင်း. . . ဟင့်အင်း''

မေဇွန်က ခါးသီးစွာအော်ဟစ်ရင်း သူမ၏မျက်နှာကို ပြတင်းပေါက်မှန်ဖြင့် အကြိမ်ကြိမ်ဆောင့်တိုက်လိုက်သည်။

သူမ၏မျက်နှာကို ထာဝရဆုံးရှုံးလိုက်ရပြီမှန်း ကြေကွဲစွာ နားလည်လိုက်ရလေတော့သည်။

ဒီတစ်ညတည်းနှင့် ဘဝကို အဆုံးရှုံးကြီးဆုံးရှုံးလိုက်ရလေပြီ။

မေမေဝယ်ပေးတဲ့ ဘဲရုပ်ဝတ်စုံလေးကို ဝတ်လာမိရင်အကောင်းသားဟု သူမ နောင်တရမိသည်။ ကိုယ့်ကိုယ်ကိုလည်း ဒေါသထွက်၍မဆုံးတော့။

ငါက ဘာဖြစ်လို့ သူများတွေကို ခြောက်လှန့်ချင်ရတာလဲ။ ခုတော့ ငါနားလည်ပြီ။ လူတွေက ငါ့ကို ကြောက်နေရရင်ကော ငါက ပျော်ရမှာတဲ့လား။

ကိုယ့်ကို တခြားသူတွေက ကြောက်လန့်နေရတာဟာ ကိုယ့် ဘဝရဲ့အဓိပ္ပါယ်လား။ ဟင့်အင်း. . . ဟင့်အင်း. . . ဘဝဆိုတာ ကြောက်လန့်ဖို့လည်းမဟုတ်ဘူး။ ခြောက်လှန့်ဖို့လည်းမဟုတ်ဘူး။

ငါ့ကို ငါ့ဘဝလေးပဲပြန်ပေးပါ။

www.burmeseclassic.com

ခါးသီးဝမ်းနည်းရလွန်းသောကြောင့် သူမ၏မျက်လုံးထဲမှာ မျက်ရည်ပင် တစ်စက်မှထွက်မလာတော့။ ကြမ်းရှသောနာကျင်မှုတွေသာ သူမ၏နှလုံးသားကို ကိုက်ခဲနေကြသည်။

ထိုစဉ် ဆိုင်အတွင်းဘက် အမှောင်ရိပ်ထဲမှ တစ်စုံတစ်ရာ၏ လှုပ်ရှားမှုလိုလို မြင်လိုက်ရသည်။ အမှောင်ရိပ်တစ်ခု ရွေ့လျားသွား၏။ ခြေသံတိုးတိုးဖွဖွကို သူမ ကြားလိုက်ရလေသည်။

ဆိုင်တံခါးက ရုတ်တရက်ပွင့်ဟသွားသည်။ ဆိုင်ရှင်ဖြစ်သူ၏မျက်နှာက တံခါးရွက်ကြားမှ ပြူထွက်လာပြီး . . .

''မင်း တစ်ခုခုဖြစ်ပြီး ပြန်လာမလားလို့စိတ်ပူမိတာနဲ့ ငါ အိမ်မပြန်ဘဲ တစ်ညလုံးစောင့်နေတာ''

''ကျွန်မ. . . ကျွန်မ ဒီမျက်နှာဖုံးကို ချွတ်လို့မရတော့ဘူး''

ဆိုင်ရှင်ဖြစ်သူထံမှ သက်ပြင်းချသံတိုးတိုးကို ကြားရသည်။ ထို့နောက် သူက . . .

''ကဲပါလေ. . . ဆိုင်ထဲဝင်ပါဦး''

ဟုပြောပြီး ဆိုင်အတွင်းဘက်ဆီသို့ တစ်လှမ်းချင်းလျှောက်သွား၏။

မေဇွန်က ခဏမျှတုံ့ဆိုင်းနေပြီးမှ ဆိုင်ထဲသို့ လိုက်ဝင်သွားလိုက်သည်။

ဆိုင်ထဲတွင် နွေးထွေးနေ၏။ ဆိုင်ရှင်ဖြစ်သူကကောင်တာရှေ့ရှိ မီးလုံးကြီးတစ်လုံးကိုဖွင့်လိုက်သည်။ ထိုသူက အခုတော့ အနက်ရောင်ဘောင်းဘီရှည်နှင့် အဖြူရောင်ညဝတ်အင်္ကျီတစ်ထည် ဝတ်ဆင်ထားသည်ကို မေဇွန်မြင်ရ၏။

''ကျွန်မ တစ်ခုခုဖြစ်လိမ့်မယ်ဆိုတာ ရှင် ဘယ်လိုလုပ်ပြီး သိနေရတာလဲ''

''ငါ. . . မှန်းဆကြည့်တာပါ''

ထိုသူက ပြောပြီး မျက်မှောင်ကျုံ့ကာ ခေါင်းကိုခါယမ်းလိုက်သည်။ ထို့နောက် သူကပင် ဆက်၍ . . .



''ငါ မင်းကို အစောကြီးကတည်းက ပြောခဲ့တယ်လေ၊ ဒီမျက်နှာဖုံးတွေဟာ ရောင်းဖို့မဟုတ်ပါဘူးလို့''

''ကျွန်မ မှတ်မိပါတယ်၊ ကျွန်မ ရှင့်ကို အပြစ်တင်နေတာလည်းမဟုတ်ပါဘူး၊ တစ်ဆိတ်လောက် ကျွန်မကိုကူညီပါနော်၊ ဒီမျက်နှာဖုံးကို ချွတ်ပေးပါလားရှင်''

မေဇွန်က စိတ်မရှည်သည့်လေသံစွက်၍ ပြောလိုက်သည်။ ဆိုင်ရှင်ဖြစ်သူကတော့ တွေတွေငေးငေး စိုက်ကြည့်နေ၏။ ဘာစကားမှ မတုံ့ပြန်။

မေဇွန်က ဒေါသဖြင့် . . .

''လုပ်လေ. . . ဒီမျက်နှာဖုံးကို ချွတ်ပေးပါဆို၊ ပြောနေတာမကြားဘူးလား''

ဆိုင်ရှင်ဖြစ်သူက သက်ပြင်းတိုးတိုးချပြီး မေဇွန့်ကို ဝမ်းနည်းကြေကွဲစွာစိုက်ကြည့်လိုက်သည်။ ထို့နောက် သူက . . .

''ဆောရီးပဲကွာ''

ဟု လေးတွဲ့စွာပြောပြီး ခေါင်းကိုခါယမ်းလိုက်လေသည်။

■

www.burmeseclassic.com

## အခန်း (၂၄)

"ဘာ. . . ဘာပြောလိုက်တယ်"

မေဖွန်က ဒေါသတကြီးဖြင့်အော်ပစ်လိုက်သည်။ ဆိုင်ပိုင်ရှင်ကတော့ သူမ၏ဒေါသကို ခွန်းတုံ့မပြန်။ တစ်ဖက်သို့လှည့်ကာ ဆိုင်နောက်ဘက်ရှိအတွင်းခန်းဆီသို့ လျှောက်သွား၏။

မေဖွန်က . . .

"ကျွန်မမေးတာဖြေဦးလေ၊ ဆောရီးပဲဆိုတာက ဘာသဘောလဲ၊ မလိုချင်ဘူး၊ ဒီမျက်နှာဖုံးကို အခုချွတ်ပေး"

ထိုသူက ဘာမှပြန်မပြောဘဲ ဆိုင်အတွင်းခန်းဆီသို့ လိုက်လာခဲ့ဖို့ရန် လက်ဟန်ပြပြီး လှမ်းခေါ်လိုက်သည်။ မေဖွန်က ချီတုံချတုံစဉ်းစားနေပြီးမှ ထိုအခန်းထဲသို့ လိုက်ဝင်သွား၏။



ဆိုင်ပိုင်ရှင်က မီးခလုတ်ကိုဖွင့်လိုက်သည်။ ဖျတ်ကနဲလင်းသွားသောမီးရောင်ကြောင့် မေဖွန်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရ၏။

အလင်းရောင်နှင့်ကျင့်သားရသွားသော သူမ၏မျက်လုံးတွေက တန်းနှစ်ခုပေါ်တွင် အစီအရီတင်ထားသော ကြောက်မက်ဖွယ်ရာမျက်နှာဖုံးတွေကို တစ်ဖန် မြင်ရပြန်လေသည်။

သူမ. . . ယူသွားသော မျက်နှာဖုံး၏နေရာတွင်တော့ ဟာလာဟင်းလင်းဖြစ်နေသော ကွက်လပ်တစ်ခု။

သွေးပျက်ချောက်ချားစရာ မျက်နှာဖုံးများ၏ ဟောင်းလောင်းပေါက်ဖြစ်နေသော မျက်လုံးတွေက သူမကို စိုက်ကြည့်နေသည်ဟု ခံစားရလေသည်။

ထိုစဉ် ဆိုင်ပိုင်ရှင်ဖြစ်သူက . . .

"ဒါတွေအားလုံးဟာ တကယ်တော့ မျက်နှာဖုံးတွေမဟုတ်ကြဘူး၊ ငါသိပ်ချစ်ရတဲ့မိန်းကလေးရဲ့ မျက်နှာပုံတူကို ငါကိုယ်တိုင် လုပ်ထားတာပဲ"

"ဘာ"

မေဖွန်အံ့သြသွားသည်။ သူမက မယုံကြည်နိုင်စွာဖြင့် . . .

"ရှင့်ချစ်သူတွေအားလုံးက ဒီလို ပုံဆိုးပန်းဆိုး ကြောက်စရာမျက်နှာကြီးတွေချည်းပဲလား"

ဆိုင်ပိုင်ရှင်က ကြေကွဲစွာဖြင့် ခေါင်းကိုခါယမ်းလိုက်ရင်း. . .

"ချစ်သူတွေမဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ၊ ငါချစ်ရတဲ့မိန်းကလေးက တစ်ယောက်တည်းပါကွာ၊ နောက်ပြီး သူ့မျက်နှာဟာလည်း ဒီလို မကောင်းဆိုးဝါးရုပ် ဘယ်ဟုတ်ပါ့မလဲ၊ သူဟာ အသက်ရှင်နေစဉ်တုန်းကတော့ အရမ်းကိုလှတဲ့ မိန်းကလေးတစ်ယောက်ပေါ့"

"ရှင်. . . ဟုတ်လား"

"ဟုတ်တယ်၊ သူ့နာမည်က 'နွေးငယ်' တဲ့၊ သူ့ရဲ့အလှမှာ ချွတ်ယွင်းချက်ဆိုလို့ တစ်ခုပဲရှိတယ်၊ နွေးငယ်က ကင်ဆာရောဂါ

www.burmeseclassic.com

သည်လေ၊ Chemotherapy လို့ခေါ်တဲ့ ကင်ဆာရောဂါကုထုံးနဲ့ အမြဲတမ်းဆေးကုနေရလို့ ဆေးဒဏ်ကြောင့် နွေးငယ်ရဲ့ဆံပင်တွေအားလုံး ကျွတ်ကုန်တယ်''

''ဒါ. . . ဒါဆို. . . သူ့ဆံပင်က. . .''

''နွေးငယ်ဟာ ဆံပင်တုတစ်ခုကို အမြဲစွပ်ထားရတယ်လေ၊ အဲဒီဆံပင်တုကို သူ အရမ်းမြတ်နိုးတယ်၊ ဟောဒီစင်ပေါ်က မျက်နှာဖုံးတွေကိုရော မင်းမျက်နှာမှာတပ်ထားတဲ့ မျက်နှာဖုံးကိုရော သတိထားကြည့်မိရဲ့လား၊ အဲဒီမျက်နှာဖုံးတွေအားလုံးမှာ တပ်ထားတဲ့ဆံပင်တွေဟာ သေဆုံးသွားတဲ့ နွေးငယ်ရဲ့ဆံပင်တုက ဆံပင်တွေကို တပ်ထားတာပေါ့''

ဆိုင်ပိုင်ရှင်၏စကားကြောင့် မေဖွန့်ရင်ထဲတွင် မသတီစိတ် ကြောက်ရွံ့စိတ်နှင့်အတူ ဒေါသဖြင့် ဆတ်ဆတ်ခါသွားသည်။

''ရှင်. . . ရှင်. . . ယုတ်မာလှချည်လား''

ဆိုင်ရှင်ဖြစ်သူက မျက်နှာပျက်သွားပြီး ကမန်းကတန်း လက်ကာပြရင်း . . .

''**မဟုတ်ဘူး**. . . မဟုတ်ဘူး၊ ငါ့ကိုအထင်မလွဲနဲ့၊ ဒါတွေအားလုံးဟာ မကောင်းတဲ့စိတ်နဲ့ ငါလုပ်ခဲ့တာမဟုတ်ဘူး၊ နေဦး မင်းကို ငါ အစကနေစပြီးရှင်းပြမယ်''

ပြောရင်းနှင့် ဆိုင်ရှင်ဖြစ်သူက အနီးဆုံးထိုင်ခုံတစ်လုံးပေါ်သို့ ပြိုလဲကျသွားပုံမျိုး ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ အတန်ကြာသည်အထိ စကားမပြောနိုင်သေးဘဲ သူ့ရင်ဘတ်က နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ အသက်ကို ခဲယဉ်းမောပန်းစွာရှူနေရသလိုမျိုးပင်။

အတန်ကြာမှ ဆိုင်ရှင်ဖြစ်သူက သူ့လက်ဝဲဘက်လက်ကို မေဖွန့်မြင်သာအောင် ထောင်ပြလိုက်၏။ သူ့လက်ဝဲဘက် လက်သူကြွယ်နှင့် လက်သန်းနေရာတွင် ဆင်တူသွန်းလုပ်ထားသော ရွှေလက်စွပ်ကလေးနှစ်ကွင်း။

သူက ဆွေးဆွေးမြေ့မြေ့လေသံဖြင့် . . .



''ဟောဒီ. . . လက်စွပ်လေးနှစ်ကွင်းဟာ ငါနဲ့နွေးငယ်တို့ချစ်သူတွေစဖြစ်တဲ့နေ့မှာပဲ အတူတူလုပ်ခဲ့ကြတာပေါ့၊ ပြီးတော့ ဒီလက်စွပ်နှစ်ကွင်းကို တစ်ယောက်လက်မှာတစ်ယောက် အပြန်အလှန်စွပ်ပေးရင်းနဲ့ ဘယ်တော့မှမခွဲပါဘူးလို့ သစ္စာဆိုခဲ့ကြတယ်၊ အို. . . နောက်ဆုံးကုန်ကုန်ပြောမယ်ကွာ၊ သေရင်တောင် အတူတူသေမယ်လို့ အဓိဋ္ဌာန်ထားခဲ့တယ်။

ငါတို့ရဲ့အချစ်က ဘယ်သူတွေဖျက်ဖျက် နည်းနည်းမှမယိမ်းယိုင်ခဲ့ဘူး၊ ငါတို့နှစ်ယောက် နောင်ငါးနှစ်ကြာရင်လက်ထပ်ပြီး အတူနေကြမယ်လို့ ဆုံးဖြတ်ထားခဲ့ကြတယ်၊ ငါကလည်း နိုင်ငံခြားကုမ္ပဏီတစ်ခုက လာဖွင့်တဲ့ကလေးကစားစရာလုပ်ငန်းမှာ အလုပ်လုပ်ရင်း နွေးငယ်နဲ့လက်ထပ်ဖို့ ပိုက်ဆံစုခဲ့တယ်''

သူ့စကားတွေက မေဖွန့်ကိုပြောပြနေသလိုမျိုးမဟုတ်။ သူ့ဘာသာသူ တစ်ယောက်တည်း ညည်းတွားရေရွတ်နေပုံမျိုးဖြစ်နေ၏။

ထို့ကြောင့် မေဖွန်က 'သူနဲ့လက်ထပ်ဖြစ်သလားဟင်' ဟု သိချင်သောမေးခွန်းကို လည်ချောင်းဝမှာပင် ပြန်မျိုချလိုက်ရသည်။ သို့သော် ဆိုင်ရှင်ဖြစ်သူက မေဖွန်၏အတွေးကို သိနေသကဲ့သို့ စကားဆက်ပြော၏။

''တို့တွေ လက်မထပ်ဖြစ်ကြဘူး၊ အလုပ်တွေဘယ်လောက်ပဲကြိုးစားခဲ့. . . ကြိုးစားခဲ့၊ နှစ်ယောက်သား ဘယ်လောက်ပဲချစ်ခဲ့ . . . ချစ်ခဲ့ ကံကြမ္မာဆိုတဲ့အရာကိုတော့ အနိုင်တုလို့မရခဲ့ဘူးလေ''

ချစ်သူတွေဖြစ်ကြလို့ သုံးနှစ်လောက်အကြာမှာပဲ နွေးငယ်မှာ ကင်ဆာရောဂါရှိနေပြီဆိုတာ သိလိုက်တယ်၊ တို့နှစ်ယောက်ရဲ့ဘဝတစ်ခုလုံးကို ငရဲတွင်းထဲပစ်ချခံလိုက်ရသလိုပဲ။ သိသိချင်းမှာ ရူးသွပ်တော့လုမတတ်ဖြစ်သွားတယ်။

ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ အကောင်းဆုံးဖြစ်အောင် ရည်ရွယ်ပြီး အထူးကုဆရာဝန်ကြီးတွေနဲ့ ကုသခဲ့တယ်၊ ရောဂါကို ပိုဆိုးမလာအောင် ဟန့်တားနိုင်ပေမယ့် လုံးဝပျောက်ကင်းအောင်တော့

www.burmeseclassic.com

ဘယ်တတ်နိုင်တော့မလဲလေ''

သူက စကားကိုခဏဖြတ်ပြီး မေဇွန်မမြင်အောင် တစ်ဖက်သို့လှည့်ကာ သူ့မျက်ဝန်းမှ ကျလုဆဲဆဲမျက်ရည်များကို ပုတ်ခတ်ထုတ်လိုက်သည်။ ထို့နောက် ကုလားထိုင်မှထကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း . . .

''နွေးငယ်က သူ့ရောဂါကို ကုမရတော့ဘူးဆိုတာ သိတာနဲ့ တစ်ပြိုင်နက် သူ့ကိုစွန့်ပစ်ထားခဲ့ဖို့ ငါ့ကို အတန်တန်ပြောတယ်၊ ငါကလည်း အကြိမ်ကြိမ်ခေါင်းခါခဲ့တယ်၊ ငါးနှစ်ပြည့်ရင် နွေးငယ်ကို လက်ထပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ငါ့ရင်ထဲမှာ ခိုင်မာနေတုန်းပဲ၊ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့အချိန်ကလည်း တစ်နှစ်ကျော်ကျော်လောက်ပဲလိုတော့တာလေ။

ကင်ဆာဆေးတွေကြောင့် ဆံပင်တွေကျွတ်နေတဲ့နွေးငယ်အတွက် ခါးလယ်လောက်အထိရှည်တဲ့ ဆံပင်တုတစ်ခု လက်ဆောင်ဝယ်ပေးပြီး 'ကိုယ်တို့မင်္ဂလာဆောင်ကျရင် နွေးငယ် ဆံထုံးအတုထုံးစရာ မလိုတော့ဘူးပေါ့' လို့တောင် နောက်နောက်ပြောင်ပြောင် ပြောခဲ့မိသေးတယ်၊ ဒါပေမဲ့ နွေးငယ်ကတော့ ဒီစကားကို ရယ်မောဖို့တောင် သတိရတော့ပုံမပေါ်ပါဘူး''

''သူ. . . သူ. . . ဘာဖြစ်သွားသလဲဟင်''

မေဇွန်က စိတ်ကိုမထိန်းချုပ်နိုင်တော့ဘဲ အလောတကြီးမေးလိုက်မိ၏။ ဆိုင်ပိုင်ရှင်ဖြစ်သူက သူ့လက်ရှိလက်စွပ်နှစ်ကွင်းကို စိုက်ကြည့်လိုက်ရင်း . . .

''နောက်ခြောက်လလောက်ကြာတော့ ဆေးရုံပေါ်ကနေ နွေးငယ် ပျောက်သွားတယ်လေ၊ သူ့မိဘတွေလည်း နွေးငယ် ဘယ်ကိုထွက်သွားသလဲဆိုတာ သတင်းမရကြဘူး၊ အဲ. . . ငါ့အတွက်တော့ အနက်ရောင်စာအိတ်လေးတစ်လုံးတည်းမှာ စာတစ်စောင်နဲ့အတူ ဟောဒီလက်စွပ်လေးကိုထည့်ပြီး ထားရစ်ခဲ့တယ်''

စာထဲမှာရေးထားတာကတော့ ''ကျွန်မအတွက်ကြောင့် မောင့်



မှာ သစ္စာရှိရှိ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းနေရသလိုဖြစ်မှာစိုးလို့ နှစ်ယောက် အတူထားခဲ့တဲ့သစ္စာကို ကျွန်မကပဲ အရင်ဖျက်လိုက်ပါပြီ၊ ဒီလက်စွပ်ကို ကျွန်မ ဆက်ပြီးဝတ်ထားစရာမလိုတော့ပါဘူး. . . မောင်'' တဲ့။

မေဇွန်ပင် မျက်ရည်ဝဲချင်သလိုလိုဖြစ်လာ၏။ သူမက . . .

''ရှင်က သူ့ကို လိုက်မရှာဘူးလား''

''လိုက်ရှာတာပေါ့ကွာ၊ ဒါပေမဲ့ ဘယ်မှာမှ သတင်းစုံစမ်းလို့မရခဲ့ဘူး၊ ငါကလည်း နွေးငယ်တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ သူ့ရဲ့နောက်ဆုံးအချိန်တွေမှာ ကြေကွဲအားငယ်နေရတာမျိုး အဖြစ်မခံနိုင်ဘူး၊ နွေးငယ်ကို ငါလက်ထပ်ရမှကို ဖြစ်မယ်၊ ကုန်ကုန်ပြောရရင်ကွာ တစ်ရက်ပဲပေါင်းရပေါင်းရ၊ တစ်နာရီပဲပေါင်းရပေါင်းရ၊ နောက်ဆုံး သူသေမယ့်အချိန်မှာတောင် ငါ့ရင်ခွင်ထဲမှာ ပွေ့ထားလျက်ကနေ သူ့လက်ကလေးကိုကိုင်ပြီး အားပေးချင်တယ်။

အဲဒါကြောင့် မင်္ဂလာခန်းမတစ်ခုငှားပြီး ဖိတ်စာတွေရိုက်၊ မင်္ဂလာဆောင်အတွက် လိုအပ်တာတွေအားလုံး ပြင်ဆင်ပြီးတာနဲ့ သတင်းစာထဲကနေ ကြော်ငြာထည့်လိုက်တယ်၊ 'နွေးငယ်. . . မင်္ဂလာဆောင်ဖို့ အားလုံးပြင်ဆင်ပြီးပြီ၊ အမြန်ပြန်လာပါ' လို့။

''သူ. . . သူ. . . ပြန်ရောက်လာသလားဟင်''

ဆိုင်ရှင်က ဟိုးအဝေးတစ်နေရာဆီသို့ ငေးကြည့်နေရာမှ အသက်ဝိညာဉ်ကင်းမဲ့စွာ ခေါင်းခါသည်။ ထို့နောက် . . .

''သူ ရောက်မလာနိုင်တော့ဘူး၊ သတင်းစာထဲမှာ ကြော်ငြာပါပြီးနောက်တစ်ရက်မှာပဲ ဟောဒီမြို့ကလေးမှာ ရထားတိုက်ခံရပြီး ကွယ်လွန်သွားရှာတယ်''

''ဟင်''

''နွေးငယ် ကွယ်လွန်သွားတဲ့သတင်းက ကိုယ့်ဆီကို တစ်

www.burmeseclassic.com

ပတ်လောက်နောက်ကျပြီးမှ ရောက်လာတယ်လေ၊ အဲဒီအချိန်မှာ နွေးငယ်ကို ဒီမြို့က သင်္ဂြိုဟ်ပြီးသွားကြပြီ၊ နွေးငယ်သေသွားတဲ့နေရာလေးကို ကိုယ်အလွမ်းပြေသွားကြည့်ရင်း သူ့ရဲ့ဆံပင်တုကို ကောက်ရလာခဲ့တယ်။

ငါလည်း နွေးငယ်ခေါင်းချသွားတဲ့ ဟောဒီမြို့ကလေးမှာပဲ တစ်သက်လုံး သေတဲ့အထိနေတော့မယ်လို့ဆုံးဖြတ်ပြီး ဒီဆိုင်လေးကို ဖွင့်လို့ ဇာတ်မြှုပ်နေခဲ့တော့တာပဲ၊ အလုပ်အားတဲ့အချိန်တွေမှာတော့ နွေးငယ်ရဲ့မျက်နှာနဲ့ တထေရာတည်းတူတဲ့ မျက်နှာဖုံးတွေ တစ်ခုပြီး တစ်ခုလုပ်ရင်း အလွမ်းဖြေခဲ့တယ်၊ ပြီးတော့ အဲဒီမျက်နှာဖုံးတွေမှာ နွေးငယ်ရဲ့ဆံပင်တုက ဆံချည်မျှင်တွေကို အမှတ်တရတပ်ပေးခဲ့တယ်''

''ဟင်. . . ဒါဆို အခုတွေ့နေရတဲ့မျက်နှာဖုံးတွေရဲ့ ပုံစံက. . .''

မေဇွန်က ကြောက်စရာကောင်းသော မကောင်းဆိုးဝါးမျက်နှာပုံမျက်နှာဖုံးများကို မယုံကြည်နိုင်စွာကြည့်ရင်း အထစ်ထစ်အငေါ့ငေါ့ပြောလိုက်သည်။

ဆိုင်ရှင်က ကြေကွဲဝမ်းနည်းစွာဖြင့် . . .

''ဟုတ်တယ်. . . ငါလည်း အဲဒါကိုပဲ နားမလည်နိုင်အောင်ဖြစ်နေတာ၊ ဒီမျက်နှာဖုံးတွေဟာ လုပ်ပြီးခါစတုန်းကတော့ နွေးငယ်ရဲ့မျက်နှာနဲ့ ချွတ်စွပ်ပဲ၊ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း ကြောက်စရာကောင်းတဲ့ပုံစံကြီးတွေ ဖြစ်ဖြစ်သွားတယ်၊ အဲဒါကြောင့် မင်းကို ဒီမျက်နှာဖုံးကို မဝယ်နဲ့လို့တားခဲ့တာပေါ့''

ဆိုင်ပိုင်ရှင်၏စကားအဆုံးတွင် မေဇွန်က ရှိုက်ကြီးတငင်ငိုချလိုက်သည်။

ခုတော့ သူမ ဘာမှမတတ်နိုင်တော့ပြီပဲ။ မေဇွန်က ငိုရှိုက်ရင်း ဝမ်းပန်းတနည်းဖြင့် . . .

''ဘာဖြစ်လို့ ကျွန်မကိုမှ ဟောဒီလိုအဖြစ်ဆိုးမျိုး လာဖြစ်ရတာလဲ၊ အဲဒီတုန်းက ရထားတိုက်ခံရပြီးသေသွားတဲ့သူအတွက် ကျွန်မတို့ကပဲ ဟောဒီလိုညမျိုးမှာ အလှူငွေကောက်ခံပြီး ပေတာဒါနဆွမ်းတွေကပ်၊ ကောင်းရာမွန်ရာဘုံဘဝရောက်အောင် ကောင်းမှုကုသိုလ်အမျှအတန်းဝေခဲ့ကြသေးတယ်၊ အခုလည်း ဟောဒီမှာ. . . ဟောဒီမှာ ကျွန်မ အလှူခံလာတဲ့ပိုက်ဆံတွေဟာ အဲဒီလိုဘုံဘဝမျိုး ရောက်နေတဲ့သူတွေ ကျွတ်လွတ်ဖို့ဆိုတာ အဲဒီမကောင်းဆိုးဝါးတွေ မသိကြဘူးလား. . . ဟင်''

မေဇွန်က ဒေါသတကြီးပြောရင်း သူမ၏အိတ်ထဲမှ အလှူငွေစက္ကူများကို ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ကြဲဖြန့်လိုက်သည်။

''ဟင်''

ငွေစက္ကူများနှင့်အတူ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျလာသည်ကတော့ အနက်ရောင်စာအိတ်ကလေးတစ်အိတ်။

''ဒီ. . . ဒီစာအိတ်လေးက. . .''

ဆိုင်ပိုင်ရှင်က ထိုစာအိတ်လေးကို အပြေးအလွှားကောက်ယူရင်း မေးလိုက်သည်။ စာအိတ်တစ်ဖက်သို့ လှန်ကြည့်လိုက်သောအခါ စက္ကူဖြူဖြင့်ရေးကာကပ်ထားသည့် နာမည်တစ်ခု။

ငြိမ်းဇာဏီ။

ဆိုင်ရှင်ဖြစ်သူက ပြူးကျယ်ဝိုင်းစက်သောမျက်လုံးများဖြင့် စာအိတ်ကိုတလှည့် မေဇွန့်ကိုတလှည့်ကြည့်ရင်း . . .

''ငြိမ်းဇာဏီဆိုတာ ငါ့နာမည်ပဲ၊ ဒီစာအိတ်ကို မင်း ဘယ်ကရလာတာလဲ. . . ပြောစမ်း''

မေဇွန်လည်း လန့်သွားပြီး အထစ်ထစ်အငေါ့ငေါ့ဖြင့် . . .

''ဟို. . . ဟို. . . ဘူတာရုံနား ရထားသံလမ်းဘေးက အစ်မကြီးတစ်ယောက်က အလှူငွေထည့်လိုက်တာ''

ငြိမ်းဇာဏီက စာအိတ်ကိုဖွင့်ကြည့်လိုက်သည်။ အထဲတွင် ငွေစက္ကူတစ်ပြားတစ်ချပ်မျှမပါ။ သတင်းစာကြော်ငြာဖြတ်ပိုင်းလေးတစ်ခုကိုသာ တွေ့ရသည်။



www.burmeseclassic.com

*နွေးငယ်. . .*
*မင်္ဂလာဆောင်ဖို့ အားလုံးပြင်ဆင်ပြီးပြီ၊အမြန်ပြန်လာပါ။*
*ငြိမ်းဇာဏီ*

သတင်းစာဖြတ်ပိုင်းကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ငြိမ်းဇာဏီ၏တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထို့နောက် မေဇွန့်ဘက်သို့လှည့်ပြီး . . .

"မင်းနဲ့တွေ့ခဲ့တယ်ဆိုတဲ့နေရာကို လိုက်ပို့ပေးစမ်းပါ၊ ငါ့ကို အခုချက်ချင်း လိုက်ပို့စမ်းပါ၊ နွေးငယ်ကို ငါသွားရှာမယ်၊ အခု သွားရှာမယ်. . . လာ"

■

## အခန်း (၂၅)

"နွေးငယ်ရေ. . . ကိုယ်လာပြီ၊ မင်းဆီကို ကိုယ်လာနေပြီ နွေးငယ်"

ငြိမ်းဇာဏီက အရူးတစ်ယောက်လို ပါးစပ်မှတတွတ်တွတ် အော်ဟစ်ရင်း ရထားသံလမ်းဆီသို့ ဦးတည်ပြေးလွှားနေသည်။

သူ့ခြေလှမ်းကျဲကြီးများကို မေဇွန်က မီအောင်မနည်းပြေးလိုက်နေရ၏။ ကြောက်လည်းကြောက်သည်။ ရင်တွေတဒိန်းဒိန်းခုန်ကာ လက်ဖဝါးမှာလည်း ချွေးစေးတွေစိုထိုင်းနေ၏။

"အမယ်လေး"

ပြေးနေရင်း သူမအနီးမှ ရိပ်ကနဲဖြတ်သန်းသွားကြသော ကွယ်လွန်ပြီးသူတို့၏ အသွင်သဏ္ဍာန်များကို မြင်လိုက်ရသောကြောင့်

www.burmeseclassic.com

မေဇွန်က ယောင်ယမ်းအော်ဟစ်မိပြီး မျက်လုံးအစုံကို ပိတ်ထားလိုက်ရသည်။

မျက်လုံးပိတ်ပြီး ဒီအတိုင်းရပ်နေလို့လည်းမဖြစ်။ ရှေ့မှ ငြိမ်းဇာဏီကို မျက်ခြည်ပြတ်သွားမှာစိုးသောကြောင့် မျက်လုံးကိုပြန်ဖွင့်ပြီး ကြောက်ကြောက်လန့်လန့်နှင့်ပင် တရကြမ်း ရှေ့ဆက်ပြေးရပြန်သည်။

"ဟောဟဲ. . . ဟောဟဲ. . . ဟောဟဲ"

"လာ. . . မြန်မြန်လာ. . . ရှေ့မှာရောက်တော့မယ်"

ငြိမ်းဇာဏီက အလောတကြီးအော်ခေါ်နေ၏။ မေဇွန်က ဆက်လိုက်ကောင်းနိုး၊ မလိုက်ရကောင်းနိုး ချီတုံချတုံဖြစ်နေသည်။ ဖြစ်နိုင်လျှင် သရဲတစ္ဆေကို သူမ မတွေ့ချင်မမြင်ချင်ပါ။

"လာလေ. . . ဘာဖြစ်လို့ရပ်နေတာလဲ၊ မင်းကို ဟိုအနက်ရောင်စာအိတ်ပေးလိုက်တာ ဘယ်နားမှာလဲ၊ လာပြစမ်းပါ"

"နေပါဦး၊ ဒီမှာ မောလို့သေတော့မယ်"

ဒူးတွေခွေညွတ်ကျလုမတတ် အားနည်းယိုင်ထိုးနေပြီဖြစ်သောမေဇွန်က လှမ်းပြောလိုက်သည်။

"ဟာကွာ. . . ရောက်တော့မယ့်ဥစ္စာကို၊ ဟိုရှေ့နားမှာရထားသံလမ်းကိုတောင် လှမ်းမြင်နေရပြီလေ. . . ကျွတ်"

ငြိမ်းဇာဏီက စိတ်မရှည်စွာပြောရင်း ခါးထောက်ရပ်ကာ မေဇွန့်ကို သုန်သုန်မှုန်မှုန်ဖြင့် လှမ်းကြည့်နေ၏။ မေဇွန်က တစ်စုံတစ်ရာပြန်ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် သွေးပျက်ချောက်ချားစွာ အော်ဟစ်လိုက်သည့် မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရလေတော့သည်။

"အမယ်လေး"

အသံလာရာဆီသို့ သူတို့နှစ်ဦးစလုံး လှမ်းကြည့်မိကြသည်။

ဖြူဆွတ်ဆွတ်သဏ္ဌာန်တစ်ခု သူတို့ဆီသို့ ဦးတည်ပြေးလာနေသည်။



ဆံပင်ရှည်ရှည် ဖိုးရိုးဖားရားနှင့် မိန်းကလေးတစ်ယောက်။

ငြိမ်းဇာဏီက အံ့သြတုန်လှုပ်စွာ ရေရွတ်လိုက်သည်။

"ဟင်. . . နွေးငယ်"

မေဇွန်လည်း အံ့အားသင့်သွား၏။

ဆံပင်ရှည်ရှည်နှင့် မိန်းကလေး၏မျက်နှာက တစ်စုံတစ်ရာကို သေလုမျောပါးကြောက်ရွံ့နေပုံမျိုး။

အဲဒီမိန်းကလေးက တစ်ဟုန်ထိုးပြေးလာရင်း ငြိမ်းဇာဏီနှင့် တည့်တည့်ရင်ဆိုင်တိုးမိရာတွင် အခိုးအငွေ့တွေလို ဖြတ်သန်းပြီး ဆက်လက်ပြေးလွှားသွားသည်။

"နွေးငယ်. . . နွေးငယ်"

ငြိမ်းဇာဏီက တကြော်ကြော်လှမ်းခေါ်သည်။ မေဇွန်ကလည်း ထိုအဖြူရောင်ပုံရိပ် ပြေးလွှားသွားရာဆီသို့ ထိတ်လန့်တကြား လှမ်းကြည့်မိ၏။

ဆံပင်ရှည်ရှည်နှင့် အဖြူရောင်မိန်းကလေးကတော့ ကြောက်ရွံ့တုန်လှုပ်စွာအော်ဟစ်ရင်း မရပ်မနား ဆက်လက်ပြေးလွှားသွားနေသည်။

ထိုအခိုက်အတန့်မှာပင် သူမ၏ရှည်လျားသောဆံပင်များက ခပ်နိမ့်နိမ့်သစ်ကိုင်းတစ်ခုနှင့်ငြိပြီး ဆောင့်ဆွဲခံရသလိုဖြစ်ကာ မြေပြင်ပေါ်သို့ ဘိုင်းကနဲ ကိုင်ရိုက်ခံလိုက်ရသလို ပစ်လဲကျသွားသည်။

သူမ၏ဦးခေါင်းမှဆံပင်တုကလည်း သစ်ကိုင်းနှင့်ငြိနေရာမှ မြေပြင်ပေါ်သို့ ဖုတ်ကနဲပြုတ်ကျ၏။

"ဟာ. . . နွေးငယ်လဲသွားပြီ"

ငြိမ်းဇာဏီက လွှတ်ခနဲရေရွတ်လိုက်စဉ်မှာပင် အဖြူရောင်အမျိုးသမီးက မြေပြင်ပေါ်မှလူးလဲထကာ ဆံပင်တုကိုပင် မကောက်ယူနိုင်တော့ဘဲ တစ်ဟုန်ထိုးဆက်၍ပြေးသွားသည်။

အဲသည်အချိန်မှာပင် . . .

"တူ. . . တူ. . . တူ"

www.burmeseclassic.com

ရထားဥသြဆွဲသံနှင့်အတူ တဝုန်းဝုန်းမြည်ကာ ခုတ်မောင်းလာသော ရထားကြီးတစ်စင်း၏အသံကို သူတို့ကြားလိုက်ရတော့သည်။

ရှေ့မှပြေးလွှားသွားသော အဖြူရောင်မိန်းကလေးကတော့ ရထားဥသြသံကို ကြားဟန်မတူ၊ ဘာကိုမှလည်းမြင်ပုံမရ။

သွေးရူးသွေးတန်းဖြင့် ရထားသံလမ်းပေါ်ဖြတ်အပြေးတွင် . . .

"နွေးငယ် မပြေးနဲ့၊ ရထားလာနေပြီ . . . ဟာ"

ငြိမ်းဇာဏီက အသံကုန်အော်ဟစ်သတိပေးလိုက်သည်။ သို့သော် . . .

"ဝုန်း . . . ဒုန်း . . . ဒုန်း"

"အား"

မချိမဆန့်အော်ဟစ်လိုက်သော မိန်းမပျို၏အသံနှင့်အတူ ရထားသံလမ်းပေါ်တွင် အပိုင်းပိုင်းပြတ်သွားသည့် သက်မဲ့ခန္ဓာကိုယ်ကို မြင်လိုက်ရတော့သည်။

"နွေးငယ် . . . နွေး . . . ငယ်၊ မင်းမသေရဘူး"

ငြိမ်းဇာဏီက ရထားသံလမ်းဘေးသို့ပြေးကာ ဒူးထောက်ချလိုက်ရင်း ကြေကွဲဆို့နင့်သောအသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည်။

မေဖွန်ကလည်း အဲသည့်ရထားသံလမ်းဘေးသို့ အပြေးရောက်သွား၏။

သို့သော် ရထားသံလမ်းပေါ်တွင်ကား ဘာမှရှိမနေပါ။ နွေးငယ်၏သက်မဲ့ခန္ဓာကိုယ်လည်း မရှိ၊ တိုက်သွားသောရထားလည်း မရှိ။

ရထားသံလမ်းသည် ပကတိ ငြိမ်သက်ရှင်းလင်းနေ၏။

တကယ်တော့ စောစောကအဖြစ်အပျက်များသည် နွေးငယ်သေဆုံးခဲ့ရသည့် အတိတ်ကပုံရိပ်များကို သူတို့နှစ်ဦးစလုံး မျက်ဝါးထင်ထင် မြင်လိုက်ရခြင်းပင်ဖြစ်သည်။

ခုတော့ အရာရာအားလုံးသည် တိတ်ဆိတ်လျက်။

ညသန်းခေါင်ယံသည် အသံမဲ့သောမှောင်မိုက်ခြင်းဖြင့် ဟင်းလင်းပွင့်နေသည်။



ထိုစဉ် . . .

အေးစက်နာကျင်နေသော ချောက်ချားဖွယ်ရာ ခေါ်ငင်သံတစ်ခုကို ကြားလိုက်ရသည်။

"မောင် . . . ကျွန်မဆီကို လာခဲ့ပါမောင်ရယ်"

ရထားသံလမ်းအလယ်တွင်ရပ်နေသော မိန်းမတစ်ယောက်။

ထိုမိန်းမက လက်နှစ်ဖက်ကိုဆန့်တန်းကာ သူ့ဆီလာဖို့ လှမ်းခေါ်နေသည်။

ရထားလမ်းတစ်လျှောက် ဆွဲဆွဲငင်ငင်ခွေးအူသံတွေ ဆူညံသွား၏။

ငြိမ်းဇာဏီက ထိုမိန်းမကို ဆတ်ကနဲလှမ်းကြည့်ပြီး . . .

"ဟင် . . . နွေးငယ်"

မေဖွန် မတားလိုက်နိုင်ခင်မှာပင် ငြိမ်းဇာဏီက ဒူးထောက်နေရာမှ ဝုန်းကနဲထပြီးပြေးသွားသည်။

"ကိုယ်လာပြီ နွေးငယ်၊ ကိုယ်ရောက်လာပြီလေ"

ငြိမ်းဇာဏီနှင့်နွေးငယ်တို့ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာပွေ့ဖက်ထားကြသည်။ နှစ်ဦးစလုံး၏ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေနှင့်။

စကားမပြောနိုင်ဘဲ နှစ်ဦးသား ရှိုက်၍ရှိုက်၍ငိုနေကြသည်။

နွေးငယ်က . . .

"မောင် . . . နွေးငယ်ဆီကို လိုက်လာတယ်နော်၊ မောင့်ရင်ထဲမှာ နွေးငယ်ရှိနေတုန်းပဲလား မောင်ရယ်"

"နွေးငယ် ဘယ်ဘဝရောက်ရောက် မောင်က ချစ်နေဦးမှာပဲ၊ နွေးငယ်ကို မောင်လက်ထပ်မယ်၊ မောင်တို့ အတူတူနေကြမယ်နော်"

ငြိမ်းဇာဏီက ငိုသံတစ်ဝက်ဖြင့်ပြောရင်း သူ့လက်သန်းမှ လက်စွပ်ကိုချွတ်ကာ နွေးငယ်၏လက်တွင် တယုတယစွပ်ပေးလိုက်သည်။

www.burmeseclassic.com

''နွေးငယ်ဘေးမှာ မောင်အမြဲတမ်းရှိနေမယ်၊ အားမငယ်နဲ့တော့နော်''

သူက စိတ်ထိခိုက်ကြေကွဲစွာပြောရင်း နွေးငယ်၏တစ်ကိုယ်လုံးကို လွတ်ထွက်သွားမှာစိုးရွံ့သည့်အလား ရင်ခွင်ထဲတွင် တယုတယ ပွေ့ဖက်ထားလိုက်သည်။

ထိုစဉ် . . .

''တူ. . . တူ. . . တူ''

မေဖွန့်၏နားထဲတွင် ရထားဥသြသံကြားရသည်။

ဒါဟာ တကယ်မရှိတဲ့ရထားရဲ့အသံလား၊ ထင်ယောင်ထင်မှားဖြစ်မှုလား။

ရထားတစ်စင်းက သံလမ်းအတိုင်း ဆူညံစွာခုတ်မောင်းလာနေ၏။

''ဂျုန်းဂျုန်း. . . ဂျုန်းဂျုန်း. . . ဂျုန်းဂျုန်း. . . ဂျုန်းဂျုန်း''

မေဖွန့်က သူမ၏မျက်စိကိုပွတ်သပ်ပြီး သေချာအောင် ထပ်ကြည့်လိုက်သည်။

ရထားက သံလမ်းအလယ်တွင်ရပ်နေသော ငြိမ်းဇာဏီတို့ဆီသို့ အတော်ပင်နီးကပ်နေလေပြီ။

မေဖွန့်ကြောင်ငေးကြည့်နေမိသည်။ ဒါဟာ တကယ့်ရထားအစစ်လား၊ စောစောကမြင်လိုက်ရသလိုမျိုး အတိတ်ကမြင်ကွင်းလား။

''ဟင်''

မဟုတ်ပါ။ တကယ့်ရထားအစစ်ပင်ဖြစ်သည်။ ခေါင်းတွဲထဲမှ စက်ခေါင်းမောင်းသူက အပြင်သို့ ကိုယ်တစ်ပိုင်းပြူထွက်ပြီး လမ်းဖယ်ဖို့ အော်ဟစ်သတိပေးနေသည်ကိုပင် မြင်နေရပြီ။

''ဖယ်. . . ဖယ်. . . ဘာလုပ်နေတာလဲ''

မေဖွန့်က အသံကုန်အော်ဟစ်ရင်း ရထားသံလမ်းအလယ်တွင်ရပ်နေသော ငြိမ်းဇာဏီကို တွန်းထုတ်ပစ်ဖို့ တစ်ဟုန်ထိုးပြေးသွားလိုက်သည်။



''ရထားလာနေပြီ. . . ရထား. . .''

''ဝုန်း. . . ဒုန်း. . . ဒုန်း''

''အား''

ငြိမ်းဇာဏီ၏ခန္ဓာကိုယ်မှ သွေးစက်တွေ ရထားသံလမ်းပေါ်အိုင်ထွန်းသွား၏။

အရှိန်ဖြင့် မေဖွန့်တစ်ကိုယ်လုံးလည်း ဘိုင်းကနဲပစ်လဲကျသွားပြီး ဦးခေါင်းဖြင့် တစ်စုံတစ်ရာကိုဆောင့်လိုက်မိ၏။

သိစိတ်တွေ မှောင်မိုက်သွားသည်။

အသံမဲ့သောအမှောင်သည် ဟင်းလင်းပွင့်လျက်။

■

www.burmeseclassic.com

## နိဂုံး

အလင်းရောင်သည် ပိတ်ထားသောမျက်ခွံအရေပြားကို ဖြတ်သန်းလျက် မျက်ဝန်းအတွင်း အမြင်လွှာပေါ်သို့ လာရောက်ထိခတ်သည်။

အလင်းအစက်အပြောက်များအဖြစ် မြင်ရ၏။

ရောင်စုံအစက်အပြောက်တွေ ချာချာလည်နေသည်။ အလင်းအစက်အမှုန်ကလေးတွေ ပြန့်ကျဲသွားလိုက် စုဝေးလာလိုက်နှင့်။

မေဖွန်က မျက်လုံးကိုဖွင့်လိုက်သည်။

ပထမဆုံးမြင်လိုက်ရသည်က မေမေ့မျက်နှာ။ နောက်. . . မောင်လေး၊ ပြီးတော့ သူမ၏ကုတင်ဘေးတွင်ရပ်နေသည့် သူနာပြုဆရာမလေးနှင့် ဆရာဝန်ဖြစ်ဟန်တူသောလူတစ်ယောက်။



"သမီး. . . သတိရလာပြီလားဟင်"

မေမေက စိုးရိမ်တကြီးမေးသည်။ မေဖွန်က . . .

"မေမေ. . . သမီး. . . သမီး. . . အခု ဘယ်ရောက်နေတာလဲဟင်"

"ဆေးရုံမှာလေသမီးရဲ့၊ ရထားသံလမ်းက ဇလီဖားတုံးနဲ့ သမီးခေါင်းဆောင့်မိပြီး သတိလစ်နေတာ မနေ့ညကတည်းကပဲ"

"ဒါ. . . ဒါဆို. . . ဟို. . . ဟိုတစ်ယောက်ကောဟင်"

ငြိမ်းဇာဇီကိုရည်ရွယ်ပြီး သူမမေးလိုက်သည်။ မေမေက ပြန်မဖြေ။ အသံတိတ်မျက်နှာလွှဲနေ၏။ မေဖွန်က မျက်လုံးအစုံကို ပြန်မှိတ်ထားလိုက်သည်။

ဘုရား. . . ဘုရား။ ဒါတွေကို သူမ ပြန်သတိမရချင်တော့ပါ။

သူမ မျက်လုံးကိုပြန်ဖွင့်လိုက်သည့်အခါ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တစ်စက် စိမ့်ထွက်စပြုလာသည်။

မျက်ရည်ကျသည်ကို မေမေမြင်မှာစိုးသောကြောင့် မေဖွန်က သူမ၏ဦးခေါင်းကို တစ်ဖက်သို့စောင်းလိုက်၏။

ထိုအခါမှပင် သူမ၏ကုတင်ဘေးရှိ ဆေးရုံသုံးဗီရိုငယ်ကလေးပေါ်တွင်တင်ထားသော မျက်နှာဖုံးကို မြင်ရလေသည်။

သူမ၏ဘဝကိုခြောက်လှန့်ခဲ့သော မကောင်းဆိုးဝါးမျက်နှာဖုံးသည် ယခုတော့ အသက်မဲ့စွာလဲလျောင်းနေ၏။

မေဖွန်က သူမ၏မျက်နှာကို လက်ချောင်းကလေးများဖြင့် စမ်းသပ်တို့ထိလိုက်သည်။

ပကတိချောမွေ့သော ပင်ကိုယ်အသားအရေကို တွေ့ထိမိလေသည်။ ပြီးတော့ မေးရိုးအစပ်ရှိမှဲ့ကလေး။

ငါ့မျက်နှာကို ငါပြန်ရပြီ. . . ပြန်ရပြီ။

အခုတော့ အားလုံးပြီးဆုံးသွားလေပြီ။

ဆေးရုံအဆောင်အပြင်ရှိ သစ်ပင်ကိုင်းခက်ပေါ်မှ အညိုရောင်

www.burmeseclassic.com

အဝါရောင်ငှက်ကလေးတွေ တစာစာမြည်နေသံကို ကြားရ၏။ ရွှေရောင်ဖျော့ဖျော့နံနက်ခင်း၏ အလင်းသည် သစ်ရွက်တွေကြားမှ တိုးဝေ့ကာ ဆေးရုံစကြံပေါ် ဝွေးဝွေးထွေးထွေးဖြာကျနေ၏။

ငြိမ်သက်ခြင်းတွင် အလှတရားသည် နူးညံ့လွန်းနေသည်။

မေဖွန်က ပင့်သက်ကို အသာအယာချလိုက်သည်။

တော်ပါပြီ။ နောက်ဆိုရင် ဘယ်သူ့ကိုမှ ခြောက်လှန့်ဖို့ မကြိုးစားတော့ပါဘူးဟု ရင်ထဲမှ တိုးတိတ်စွာပြောနေမိ၏။

●

လူ့ဘဝဆိုသည်မှာ ကိုယ်က သူများကို ကြောက်လန့်နေဖို့လည်း မလိုအပ်သလို ကိုယ့်ကို တခြားသူတွေက ကြောက်လန့်နေအောင် လုပ်ယူနေရသည်မှာလည်း ရူးသွပ်မိုက်မဲရာကျပါသည်။

တကယ်တော့ . . .

ဘဝဆိုသည်မှာ ငြိမ်းချမ်းခြင်းတွင် အလှတရားတို့ နူးညံ့စွာ ဝပ်စင်းနေထိုင်ရာပင် ဖြစ်ပါသည်။

■

သတိုးဇေတ



**ရွှေအိမ်မှူးစာပေ**

**သရဲတစ္ဆေတာမူဖိတ်ခေါ်ပွဲ**

**ဆုရစာမူ**

ကျွန်မ ဆယ်တန်းကျောင်းသူဘဝက အဖြစ်အပျက်လေးတစ်ခုဖြစ်သည်။ ကျွန်မ အ.ထ.က (၁) တွင် ကျောင်းတတ်ပြီး ကျောင်းတွင်းရှိအဆောင်တွင် ဘော်ဒါနေသည်။ အဆောင်ကြီးမှာ ဘယ်ခုနှစ်ကတည်းက ဆောက်ထားမှန်းမသိ။ နှစ်ထပ်အဆောင်ကြီးဖြစ်ပြီး ကျွန်းသစ်များဖြင့် တည်ဆောက်ကာ ရေနံချေးတွေသုတ်ထားသည်။ ထို့နောက် အဆောင်ပေါ်သို့ ရောက်လာခဲ့ကြသည်။ အဆောင်ကြမ်းပြင်တွေကလည်း ပျဉ်းပြားတွေနဲ့ခင်းထားပြီး အချို့ကြမ်းခင်းပျဉ်းပြားတွေသည် တကျွီကျွီနှင့်ပင် ဖြစ်နေသည်။ အဆောင်၏အရှေ့ဖက်နှင့် အနောက်ဘက်တွင် ကော်ရစ်တာရှည်ကြီးများနှင့် ပတ်ပတ်လည်ကာရံထားသည်။ ဆရာမတွေက (၁၀) တန်းတွေသက်သက်နေရမည့် အခန်းကို လိုက်ပြသည်။ အခန်းထဲတွင် သံကုတင်(၁၀)လုံးစီ နေရချထားသည်။ ကျွန်မသည် တံခါးမကြီးနှင့်နီးသော ကုတင်ကိုရွေးလိုက်သည်။ အဆောင် စရောက်ရောက်ခြင်းဖြစ်၍ သူငယ်ချင်းမရှိ။ ကုတင်အနီးမှ ကောင်မလေးဖြစ်သူ မိုနီနှင့် အရင်ဆုံးမိတ်ဆက်ရပေသည်။ အဆောင်ကြီးမှာ ဟောင်းလွန်း၍ သရဲတစ္ဆေများ ရှိမလားဟုတွေးကာ အိမ်သာဆိုလျှင်လည်း တစ်ယောက်တည်းမသွားခဲ့ချေ။ ဘာမှမရှိဟု ဆရာမတွေပြောလည်း စိတ်ထဲတွင် အမြဲလိုလိုလေးလာတာကို ကြောက်လို့ကြောက်နေမှန်းမသိ ဖြစ်နေခဲ့သည်။ ကျွန်မတို့သည် အဆောင်ရှိ ကျောင်းသူများထဲတွင် အကြီးဆုံးအတန်းဖြစ်သောကြောင့် တခြားသူများထက် နောက်ကျမှအိပ်ရပေသည်။ တစ်နေ့ ကျွန်မတို့သည် ဆရာမဆီမှ စာဆိုအပြီးတွင် (TV) ကြည့်ချင်သော်

www.burmeseclassic.com

လည်း မပြောရဲ၍ အပြင်မှချောင်းကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။ အချိန်မှာ (၉း၃၀)လောက်ပင်ရှိသေးသည်။ အတန်းငယ်တွေကတော့ အရင်ဆုံး ပြန်ကြပြီး အိပ်ကုန်ကြလေပြီ။ အငယ်တန်းတွေသုံးတဲ့ အိမ်သာဘက်မှ ဆရာမအခန်းကို လှမ်း၍မြင်ရသည်။ ထို့ကြောင့် အိမ်သာထဲမှ ချောင်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါ နန်းမွေ နွမ်ဖောင်က အပေါ့သွားချင်သည်ဟူ၍ အိမ်သာသို့အဝင် "ဂွက်"ဆိုပြီး အိမ်သာထဲမှ အသံထွက်လာသည်။ အားလုံးလန့်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြောင်ကြည့်နေကြသည်။ အိမ်သာထဲတွင် ဘယ်သူမှမရှိကြောင်းကို အားလုံးသိကြသည်။

နောက်ပြီး ကျွန်မ သတိထားမိတာတစ်ခုရှိသည်။ အဆောင်သို့ စရောက်လာကတည်းက မနက်မိုးလင်းလျှင် ကျွန်မခြင်ထောင်ကြိုးသည် အမြဲလိုလို ပြုတ်ကျနေသည်။ ဘယ်လောက်ခိုင်အောင် ချည်ထားချည်ထား ပြုတ်ကျနေသည်။ နောက်ပြီး အိပ်နေစဉ် ကုတင်သည် မသိမသာလှုပ်နေသည်။ ကြည့်ရင်မသိသာသော်လည်း အိပ်၍ ခံစားကြည့်လျှင် သိနိုင်သည်။ ကိုယ့်စိတ်ထဲကလို့ထင်သော်လည်း မဟုတ်ချေ။ ညအိပ်ယာဝင်လျှင် ကုတင်မှာ လှုပ်နေတတ်ပြီး မနက်ရောက်လျှင် ခြင်ထောင်ကြိုးမှာ ပြုတ်ကျလျက်ရှိသည်။ တစ်နေ့ နေ့လယ်စာစားချိန်တွင် အဆောင်သို့ပြန်လာပြီး နေ့လယ်စာစားရင်း မှူကြိုဆရာမ၏ဆူပူခြင်းကို ခံရသည်။ သူတို့မှူကြိုခန်းကြမ်းပြင်တွင် ရေများရွှဲရွှဲစိုနေလေသည်။

ဆရာမက "အပေါ်ထပ်ကကျလာတာ၊ ရေများမှောက်နေလား၊ ကျောင်းရောက်လို့ အခန်းတံခါးဖွင့်လိုက်တာနဲ့ ရေအိုင်နေတာကိုတွေ့ရတာ" ဟု ပြောလေသည်။ အားလုံး အပေါ်ထပ်သို့တက်ကာ ကြည့်ကြသည်။ ကျွန်မတို့အခန်းအောက်က မှူကြိုခန်းဖြစ်သည်။ အပေါ်မှာလည်း ရေအိုင်မပြောနှင့် ရေတစ်စက်မှမတွေ့။ မိုးရာသီလည်းမဟုတ်သောကြောင့် မိုးယိုစရာအကြောင်းမရှိ။ ကျွန်မလည်း အောက်သို့ယိုသည့်နေရာသည် အပေါ်မှချိန်ဆကြည့်လိုက်လျှင် ကျွန်မ



ကုတင်ခြေရင်းကပင်ဖြစ်သည်။ အတန်းတင်စာမေးပွဲနီးလာသောကြောင့် (၃း၀၀)နာရီ မေးခွန်းများ စလေ့ကျင့်ဖြေဆိုရန်အတွက် စာများကျက်မှတ်ရသည်။ ကျွန်မတို့အခန်းကပ်လျက်တွင် **Study Room** ရှိသည်။ (၁၀)တန်းတွေအတွက် သီးသန့်ဖြစ်သည်။

ခါတိုင်းဆို ထိုအခန်းတွင်ကျက်သော်လည်း ဒီနေ့မှ အခန်းထဲတွင် လူများသောကြောင့် စာအုပ်များယူကာ တခြားနေရာတွင် ကျက်ရန်ထွက်ခဲ့လေသည်။ (၅)တန်း အခန်းထောင့်တွင် မီးချောင်းတည့်တည့်အောက်တွင် စားပွဲခုံ အဆင်သင့်ရှိသောကြောင့် ကျွန်မ ရွေးလိုက်သည်။ စာကျက်လာရာ တော်တော်ကြာပြီဖြစ်သောကြောင့် နာရီကြည့်လိုက်သည်။ (၁၂း၁၅)ပင် ရှိနေပြီ။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ အားလုံးအိပ်ကုန်ကြလေသည်။ ကိုယ်တစ်ယောက်တည်းရှိတော့သည်ဖြစ်၍ ကြောက်စိတ်များဝင်လာကာ ကျောထဲတွင် အေးခနဲဖြစ်သွားသည်။ မဖြစ်တော့။ ကိုယ့်အခန်းကို အမြန်ပြေးမှဆိုပြီး ရဲဆေးအဖြစ် သီချင်းညည်းကာလာခဲ့သည်။

လမ်းကြားနေရာအရောက်တွင် ပြေးလာသောခြေသံတစ်ခုကို ကြားလေသည်။ ကျွန်မသည် အရှေ့ဖက်ကော်ရစ်တာဖြစ်ပြီး အနောက်ဖက်ကော်ရစ်တာမှ ခြေသံကြားရခြင်းဖြစ်သည်။ အမှတ်တမဲ့ လှမ်းကြည့်သောအခါ အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေးတစ်ယောက်။ အလျင်စလိုဖြတ်ပြေးသွားသည်။ အသားအရေကလည်း ဖွေးဆွတ်နေသည်။ အစက ရိုးရိုးလူပဲထင်ပြီး အခန်းထဲရောက်တော့မှ မဟုတ်သေးပါဘူး။ ဒီအချိန်ကြီးကျမှ ဘယ်သူလဲပေါ့။ တစ်ဆောင်လုံးမှာ အကျီအနီရောင်ဝမ်းဆက်ဝတ်တာလည်း မရှိဘူးဆိုပြီး လိုက်ချောင်းသည်။ (၅)တန်းအခန်းတံခါးမှာ ဟနေသည်။ အဲဒီထဲ ဝင်သွားတယ်ထင်ပြီး အသံပေးသော်လည်း မထူး။ အိမ်သာဖက်မှ ရေများ ဖွင့်ချသံကြား၍ကြည့်သော်လည်း တံခါးအားလုံးဖွင့်ထားလေသည်။ ရေသံများပိတ်၍သွားသော်လည်း တစ်စုံတစ်ယောက်မျှ ထွက်မလာခဲ့ချေ။ ထို့နောက် ကြောက်စိတ်များ ထိန်းမရဖြစ်ကာ အခန်းသို့

www.burmeseclassic.com

အမြန် ပြန်ပြေးလာခဲ့တော့သည်။

မနက်ရောက်သောအခါ သူငယ်ချင်းများကိုပြောပြပြီး သူတို့လည်း ဒီည စောင့်ကြည့်မယ်လို့ပြောတယ်၊ ည(၁၂း၃၀)ရောက်သောအခါ ခြေသံတစ်ချက်ကြားရပြီးနောက် Study Room ထဲမှ ခုံရွှေ့သံတွေကို ကြားရသည်။ အသံတွေတိတ်သွားတော့ သူငယ်ချင်းတစ်ယောက်က အခန်းတံခါးဖွင့်ကာ လိုက်ကြည့်သည်။ အတန်ငယ်ကြာသောအခါ ပြန်ပြေးဝင်လာပြီး သူ တွေ့ခဲ့တယ်။ဆရာမအခန်းထောင့်နားလည်း ရောက်ရော သူ့ကို ငုံ့ပြီးလှည့်ကြည့်သွားတယ်လို့ ပြောသည်။ မျက်နှာပြောင်နဲ့ အကျႌအနီရောင်နဲ့ပဲ ဖြစ်သည်။

တစ်နေ့ Study Room တွင် စာကျက်နေစဉ် မီးပျက်၍ ကျောင်းသူအားလုံးကို ကိုယ့်အခန်းကိုယ်ဝင်စေပြီး ဂျက်ချကာနေခိုင်းသည်။ (၁၀)တန်းတွေကလည်း ကိုယ့်အခန်းထဲတွင်နေကာ အုပ်စုဖွဲ့၍ ခေါက်ဆွဲပြုတ်စားကြသည်။ ထိုစဉ် စာကျက်သံကြားမိသည်။ Bio ကျက်သံပင်ဖြစ်သည်။ အားလုံး သတိထားမိသည်။ ရပ်လိုက်၊ ကျက်လိုက်နှင့် နာရီဝက်ခန့်ကြာမှ လုံးဝရပ်သွားသည်။ နောက်တစ်ခုက ကျွန်မ သူငယ်ချင်းနဲ့အတူ စာကျက်နေရင်း သူငယ်ချင်းက အိပ်တော့မည်ဆိုပြီး အခန်းပြန်သွားသည်။ ကျွန်မလည်း သရဲအခြောက်ခံရမည်ဆို၍ (၁၅)မိနစ်လောက်ကြာမှ အခန်းထဲပြန်လာသည်။ ခြင်ထောင်အားလုံးဖိပြီး အိပ်တော့မည်ဆိုလျှင် ခေါင်းရင်းမှ ရှိုက်ကာရှိုက်ကာ ငိုသံကိုကြားရသည်။

ဘေးကသူငယ်ချင်းတွေကို အိမ်ကိုသတိရလို့လားလို့ မေးသော်လည်း မဖြေ။ အားလုံး အိပ်မောကြကုန်ပြီ။ (၁၀)မိနစ်လောက်ကြာမှ ပျောက်သွားသည်။ ကျွန်မတို့သုံးသောအိမ်သာနှင့် မျက်နှာချင်းဆိုင်တွင် ရေချိုးခန်း (၄)လုံး မျက်နှာချင်းဆိုင်ရှိသည်။ တတိယမြောက်အခန်းထဲတွင် သံကုတင်တစ်လုံးကိုထည့်ကာ အပြင်မှ သစ်ချောင်းဖြင့် ရိုက်ထားသည်။ ရေချိုးခန်းတံခါးများ ချစားကာပေါက်



နေသောကြောင့် မြင်ရခြင်းဖြစ်သည်။

အရင်နှစ်ကအစ်မကြီးတွေ အဆောင်လာလည်၍ မေးကြည့်တော့ (၂၀၀၂) လောက်က ကောင်မလေးတစ်ယောက် (၁၀)တန်းကျောင်းသူပဲတဲ့၊ ရေချိုးမှားပြီး နဂိုရောဂါအခံလည်းရှိတော့ ရုတ်တရက်အဆောင်မှာပဲ ဆုံးသွားတာတဲ့။ ပြီးတော့ သူက အနီရောင်တို့၊ နှင်းဆီပန်းတို့ဆိုလည်း ကြိုက်တယ်တဲ့။ စာလည်းတော်ပြီး စာမေးပွဲဖြေခါနီးမှ ဆုံးသွားတော့ စိတ်စွဲပြီး အခုလိုခြောက်နေတာတဲ့။ ဒါ့အပြင် ဟိုးရှေးတုန်းကလည်း သေခဲ့ဖူးတဲ့သူတွေရှိတယ်လို့ ဆရာမတွေက သူတို့ကို ပြောပြတယ်တဲ့။

ကျွန်မတို့အဆောင်မှာ ကျောင်းထဲတွင်တည်ရှိပြီး မိန်းကလေး ကျောင်းဖြစ်သောကြောင့် အဆောင်ရှိ ကျောင်းသူများမှာလည်း မိန်းကလေးတွေချည်းသာဖြစ်သည်။

❑



| | |
|---|---|
| အမည် | – မဆုရည်လှဲ့ |
| အသက် | – ၁၇ နှစ် |
| မှတ်ပုံတင်အမှတ် | – ၁၂/ရပသ(နိုင်)၀၆၅၈၉၆ |
| နေရပ်လိပ်စာ | – ၃၀/၉၃၊ ဒေါင်းမင်းလမ်း၊ VIP ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| ပညာအရည်အချင်း | – ပထမနှစ်၊ ဥပဒေ။ |
| ဖုန်း | – ၆၁၁၀၃၉ |

www.burmeseclassic.com

## ရွှေအိမ်မှူးစာပေ
## သရဲတစ္ဆေစာမူဖိတ်ခေါ်ပွဲ

(၁) သင် သရဲအခြောက်ခံရဖူးပါလား။

(၂) သရဲအခြောက်မခံရဖူးသေးသော်လည်း မည်သည့်အရာက သင့်ကို ကြောက်လန့်စေပါသနည်း။

(၃) သင့်ဘဝတွင် ကြောက်စရာအကောင်းဆုံး အဖြစ်အပျက်တစ်ခုကို ဖော်ပြပါ။
(စိတ်ကူးယဉ်ဖြစ်စေ၊ တစ်ဆင့်ကြားဖူးသော အဖြစ်အပျက်ကိုဖြစ်စေ ဖော်ပြနိုင်ပါသည်။)

(၄) ထိုအဖြစ်အပျက်မှ မည်သည့်အရာက သင့်ကို ကြောက်လန့်စေပါသနည်း။

(၅) ထိုအချိန်တွင် သင် မည်သို့ခံစားရပါသနည်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ **မည်သူမဆို** မိမိတို့ ရေးတတ်သလို စိတ်ထဲရှိသည့်အတိုင်း လွတ်လွတ်လပ်လပ် ရေးသား၍ **ရွှေအိမ်မှူးစာပေ – အမှတ် (၂၂၁)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့** သို့ ရေးသားပေးပို့နိုင်ပါသည်။

စာမူကို လျှောက်လွှာစာရွက် အနည်းဆုံး (၁) မျက်နှာမှ အများဆုံး (၅) မျက်နှာအထိ ရေးသားနိုင်ပြီး စာရေးသူ၏ အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့်အတူ ဓါတ်ပုံပါ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။

ရွေးချယ်ခြင်းခံရသော စာမူများကို ရွှေအိမ်မှူးစာပေမှ လစဉ်ထုတ်ဝေမည့် သတိုးတေဇနှင့် ခွန်းချိုငြိမ်းချမ်း တို့၏ လုံးချင်းဝတ္ထုများတွင် ထည့်သွင်းဖော်ပြပြီး ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။



စာအုပ်တွင် နေရာအခက်အခဲရှိပါသဖြင့် တစ်ပုဒ်တည်းသာ ရွေးချယ်ဖော်ပြနိုင်သော်လည်း ပေးပို့သည့်စာမူများထဲတွင် အရည်အသွေးကောင်းမွန်သော နှစ်ခြိုက်ဖွယ်ရာစာမူအမြောက်အများ ရောက်လာပါသည်။

အဆိုပါကလောင်ရှင်များအား စင်တင်ပေးသင့်သည်ဟု ယူဆသောကြောင့် အလျဉ်းသင့်သည့်အခါတွင် 'သရဲတစ္ဆေဝတ္ထုတိုစုစည်းမှု' အဖြစ် သတိုးတေဇ၊ ခွန်းချိုငြိမ်းချမ်း တို့၏ ဝတ္ထုတိုများနှင့်အတူ ထုတ်ဝေပေးသွားဖို့အထိ ရည်မှန်းထားပါသည်။

ထို့ကြောင့် စာမူပေးပို့သူများ မိမိတို့၏ စာမူအား ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက်ကိုပါ ပူးတွဲပေးပို့နိုင်ပါသည်။

■

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

## စိတ်ကောက်နတ်သမီး

ကောင်မလေးတစ်ယောက် စိတ်ကောက်တဲ့အခါ
ကျွန်တော့်အတွက် ပျော်ရွှင်မှုတွေပေါ့။
ဒါပေမယ့် နတ်သမီးလေးတစ်ပါး စိတ်ကောက်တဲ့အခါမှာတော့
သိမ်မွေ့နူးညံ့တဲ့ရမ္မက်တွေဖြစ်သွားတယ်။

စာမူခွင့်ပြုချက်အမှတ် [၅၀၀၅၀၂၀၅၀၇]

ရွှေအိမ်မှူးစာပေ
၏
စင်တင်ကာလောင်ရှင်

## နွေဦးခင်
## တိုးတိတ်သောချစ်တေးသွား
(အချစ်ရသုံးချင်းဝတ္ထုသစ်)

အချစ်ဆိုတာ နာကျင်ခံစားရတာ. . .
အချစ်ဆိုတာ ငြိမ့်ညောင်းစွဲငြိစရာ. . .
ပေါင်းစပ်လိုက်ရင် တေးသွားလေးတစ်ခုပါ။

ငယ့်အပေါ် ဂရုဏာဒေါသောဖြင့် နန္ဒနိုင်အား ချဉ်ကြောင်းပိုင်း ပြောနေသည့် နွယ်နှင့်ဖိုးချမ်းကို ငယ် ဘာမှမတုံ့ပြန်နိုင်ပါ။ နှလုံးသား ဆိုတာလည်း နားလည်ရခက်ခဲလွန်းလှပါသည်။ မနေ့တုန်းကတော့ ဝမ်းနည်းသိမ်ငယ်နာကျင်ကာ သူ့ကို မုန်းတီးလိုက်တာဟု တွေးနေခဲ့ ပြီး အခုတော့ သူ့ကို သူများမုန်းမှာ ကြားထဲက ကြောက်နေမိပြန်ပါ သည်။

ကိုယ်တိုင်က မုန်းတီးနာကျည်းနေပေမယ့် သူများတကာ သူ့ကို မမုန်းစေချင်မိတာ ဘယ်လိုတူးဆန်းတဲ့ တန်ခိုးစွမ်းအားက ဖန်တီး ထားပါလိမ့်. . .။

မကြာမီမျှော်

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၅

# ချမ်းခြိမ့်ခြိမ့်ချမ်း

## သတိ! ခြောက်လှန့်တတ်သည်

အကာလညတစ်ည. . .။

လကွယ်ညဖြစ်ပြီး ကြယ်တစ်ချို့တလေသာရှိသဖြင့် ကောင်းကင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေသည်။ တိမ်ညိုတိမ်မည်းများက တရွေ့ရွေ့မျောလွင့်နေကြ၏။

''အူး. . . ဝူး. . . ဝူး''

မနီးမဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ကင်းတဲပေါ်တွင်မီးကင်းစောင့်နေသော အောင်ဘမှာ ကြက်သီးမွေးညင်းထကာ ခေါင်းနားပန်းကြီးသွားသည်။

''ဟင်''

အောင်ဘ အလန့်တကြား ရေရွတ်လိုက်၏။ အမှောင်ထဲတွင် သူ့ထံသို့ တည့်တည့်လျှောက်လာနေသော အရိပ်မည်းမည်းကြီးနှစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ပင်။

သရဲကြောက်တတ်သော အောင်ဘတစ်ယောက် နေစရာမရှိတော့။

မီးဖိုရန်စဉ်းစားမိသော်လည်း ကြောက်လွန်းသဖြင့် ကင်းတဲပေါ်မှ အောက်သို့လည်းမဆင်းရဲ။ ကြက်သီးများတဖျန်းဖျန်းထလာပြီး အပေါ့သွားချင်သလိုလို အလေးသွားချင်သလိုလိုဖြစ်လာသည်။

အရိပ်မည်းမည်းကြီးနှစ်ခုက သူ့ထံသို့ တရွေ့ရွေ့လျှောက်လာနေဆဲ။

အောင်ဘ မျက်စိစုံမှိတ်ပြီး ပါးစပ်ထဲပေါ်လာသမျှဘုရားစာကို အမြီးအမောက်မတည့်စွာ တဖွဖွရွတ်နေမိ၏။ စွပ်ကျယ်လက်ပြတ်နှင့် ကိုယ်ကိုလည်းကျုံ့ကွေးထားမိသည်။

အချိန်မည်မျှကြာအောင် ရွတ်နေမိသည်မသိ။ ဘုရားစာရွတ်ရလွန်းသဖြင့် ပါးစပ်မှ အမြှုပ်ထွက်မတတ်မောလာ၏။

အောင်ဘမရဲတရဲဖြင့် မျက်လုံးအစုံကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။ ခုနက သူတွေ့မြင်နေရသော အရိပ်မည်းမည်းကြီးနှစ်ခု ဘယ်ရောက်သွားပြီလဲ။

အရိပ်မည်းမည်းကြီးနှစ်ခုကား ပျောက်ခြင်းမလှပျောက်သွားလေပြီ။ အောင်ဘ စိတ်သက်သာရာရစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ တော်ပါသေးရဲ့။ ငါ မျက်စိအမြင်မှားတာပဲဖြစ်မယ်။

အတွေးမဆုံးခင်မှာပင် . . .

''ဘတ်''

''အား. . . ကယ်ကြပါဦးဗျ''

**မကြာမီမျှော်**

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၉

## ငါတို့စောင့်နေကြတယ်

"မြေအောက်ခန်းထဲမှာ ဘာတွေရှိသလဲ စုလတ်"

"ဘယ်သိမလဲဟ၊ ငါတောင် တစ်ခါမှဆင်းမကြည့်ရသေးဘူး မှောင်လည်းအရမ်းမှောင်တယ်၊ ပြီးတော့ အကောင်သေတစ်ကောင်ကို မြှုပ်ထားသလိုမျိုး အနံ့ကလည်းပုပ်အဲ့အဲ့နဲ့"

ကျွန်မက နှုတ်ခမ်းကိုအနည်းငယ်မဲ့ကာပြောလိုက်ရင်း မြေအောက်ခန်းတံခါးရှိရာဆီသို့ လျှောက်သွားလိုက်သည်။ ဖွင့်နေသော အဖုံးတံခါးကိုပိတ်ရန် လက်လှမ်းလိုက်စဉ်မှာပင် ထူးဆန်းသောအသံ တစ်ခုကြောင့် ကျွန်မ၏လက်တွေ လေထဲမှာပင်ရပ်တန့်သွားကြ၏။

ညည်းညူသံတစ်ခု. . .။

ဟင်. . . မြေအောက်ခန်းထဲမှာ စောင့်ဆိုင်းနားထောင်နေမိသည်။ ကုန်ခြစ်သံလိုလို ခြေသံလိုလို အသံတိုးတိုးဖျော့ဖျော့တစ်ခုကို ကြားလိုက်ရသည်။

ကျွန်မတစ်ကိုယ်ကိုင့်ကိုင်းကာ မြေအောက်ခန်းထဲသို့ဆင်းသော လှေကားရင်းဆီသို့ လှမ်းကြည့်လိုက်၏။ မှောင်နေလွန်းသောကြောင့် ဘာမှမမြင်ရ။

ထိုစဉ် တစ်စုံတစ်ယောက်၏ညည်းတွားသံကို ကြားရပြန်လေသည်။ ညည်းသံက တိုးဖျော့လွန်းသောကြောင့် ဟိုးအဝေးကြီးမှလာသည်ဟုထင်ရ၏။ နောက်ပြီး သံမံတလင်းပေါ် ရှပ်တိုက်သွားသော ခြေသံတွေကိုလည်းကြားရသည်။

"မြေအောက်ခန်းထဲမှာ ဘယ်သူလဲ"

ကျွန်မက လှမ်းမေးရင်း မြေအောက်ခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

တစ်ကြိမ်. . .။

နှစ်ကြိမ်. . .။

သုံးကြိမ်. . .။

လုံးဝမီးမလင်းလာပါ။

မကြာမီမျှော်

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ


ထွက်ရှိပြီးစာအုပ်များ

#၁ ကိုယ့်လက်ခုပ်ထဲကနတ်ဆိုး

#၂ တစ္ဆေတစ်ကောင်ရဲ့ညစာ

#၃ သုသာန်မြေကမိစ္ဆာ

#၄ ဟိုဘက်အိမ်ကခြောက်တဲ့တစ္ဆေ

#၅ ကွယ်လွန်သူတို့ဝိညာဉ်

#၆ ခေါ်သံများရဲ့အိပ်မက်ဆိုး

#၇ သောကြာနေ့လကွယ်ည

ယခု

#၈ သရဲပွဲတော်ည

ဆက်လက်၍

#၉ ငါတို့စောင့်နေကြတယ်


www.burmeseclassic.com


www.burmeseclassic.com